# ဗုဒ္ဓညွှန်ပြ ဘဝအမြင်

ဦးစိန်ထွန်း
(မာမက-သုတေသီ)

ပညာရွှေတောင်စာအုပ် - ၇၅

# ပုထုဇ္ဇန်ပြုဘဝအမြင်

ဦးစိန်ထွန်း

ယမက (သုတေသီ)

ပညာရွှေတောင်စာအုပ်တိုက်

အမှတ် (၁၀၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၄၂၈၃၃

အမှတ် ၂၇၂၇၃
ရက်စွဲ ၁၇-၆-၂၀၁၀

အတွင်းစာသားခွင့်ပြုချက်အမှတ်   ၆၅၃/၂၀၀၀(၇)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်   ၄၂၅/၂၀၀၀(၇)

ထုတ်ဝေသည့်အကြိမ်   ပထမအကြိမ်
၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ   ၁၀၀၀

အဖုံးပန်းချီ   ကိုကျော်သိုက်

ဖလင်   ဦးထွန်းဆိုင်

ထုတ်ဝေသူ   ဦးထွန်းထွန်းဦး (မြဲ-၅၀၃)
နှင့်ဦးလွင်စာပေ
အမှတ် (၅၃၃/အေ)၊ (၈)ရပ်ကွက်၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်နှင့်   ဦးဝင်းအောင်
အတွင်းစာသားပုံနှိပ်   သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)၊ အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး   ၃၀၀ ကျပ်
၄၀၀ ကျပ်

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၄၅။ | ဗန်ကိုး | ဘုန်းမြင့် (မန္တလေး) |
| ၄၆။ | ဒေါက်တာရာဘင်ဒရာနသ်တဂိုး | ဦးလှဒင် |
| ၄၇။ | ရင်ကိုအေးမြစေသား-၁၃၆၃ | ဆရာဦးမောင်မောင်သန်း |
| ၄၈။ | ရည်ရော်မှန်း အိုင်စမ်းရေပြော | မဝင်းမြင့် |
| ၄၉။ | ဘဝတိုင်း ဆုံတွေ့ချင်ပါသလားနှင့် ဘာသာရေးလမ်းညွှန် ဓမ္မစာစုများ | ရဝေနွယ် (အင်းမ) |
| ၅၀။ | တရားဦးဒေသနာ | ဓမ္မာစရိယ ဦးမောင်မောင်လေး |
| ၅၁။ | ပွဲတွေ့ကုထုံး လိုရာသုံး | ဦးအောင်ကိုနိုင် |
| ၅၂။ | ကြီးပွားရေးလမ်းညွှန် | ဦးလှဒင် |
| ၅၃။ | ဘရန့်ဒီတစ်ပုလင်းနှင့် ဟာသဝတ္ထုတိုများ | သော်တာဆွေ |
| ၅၄။ | အခြေခံ ဗန်တိုနည်းပညာ အပိုင်း (၁) | ဦးတင်ဦး |
| ၅၅။ | ထီပေါက်ကံကြည့်နည်းနှင့် ထီဂဏန်းရွေးနည်း | ဆရာရဲမြတ် (သုတေသီ) |
| ၅၆။ | အဖြူကို မည်သူ အနက်ဆိုးသနည်း | မင်းကျော် |
| ၅၇။ | အင်္ဂလိပ်စကားပြော သင်ခန်းစာ (၃၀) | M.T.O |
| ၅၈။ | ကျွန်တော် ကြုံလိုက်မှုဆိုးနှင့် အာဖရိကအတွေ့အကြုံများ | ဒေါက်တာဇော်သန်း |
| ၅၉။ | ရတနာရွှေမြေ | ဦးလှဒင် |
| ၆၀။ | အင်္ဂလိပ်ဘာသာ သိမှတ်စရာ | ဆရာကြီးတက်တိုး |
| ၆၁။ | အယူသီးဂိုဏ်း၏ နောက်ဆုံးနေ့များ | မောင်မိုးစည် |
| ၆၂။ | ကိုဆေးရိုး (၇) | ဆင်ဖြူကျွန်းအောင်သိန်း |
| ၆၃။ | စိတ်နှင့် ဂမ္ဘီရ | ဟိန်းလတ် |
| ၆၄။ | အညာတနယ်မြေ | ခင်မိမိသက် |
| ၆၅။ | အာရပ်-အစ္စရေး (၆) ရက်စစ်ပွဲ | အထောက်တော်လှအောင် |
| ၆၆။ | ကျားနှင့်မုဆိုး | ခင်မောင်အေး(မန္တလေး) |
| ၆၇။ | ကိုဆေးရိုး (၈) | ဆင်ဖြူကျွန်းအောင်သိန်း |
| ၆၈။ | အင်္ဂဝိဇ္ဇာ အဟောပညာ (ဒုတိယတွဲ) | ဆရာဦးမောင်မောင်သန်း |
| ၆၉။ | ပေးသူ နှင့် ယူသူ | အောင်သင်း |
| ၇၀။ | ဂျူနန်နက်ဂိုဏ်း | ရွှေဥဒေါင်း |
| ၇၁။ | တန်ခိုးထက်မြက်သည့် ဗုဒ္ဓရုပ်တော်များနှင့် ကိုယ်တွေ့ဖြစ်ရပ်များ အမှတ် (၄) | မင်းသုရိန် |
| ၇၂။ | ဘာဝဟောနည်း (ပ)+(ဒု) | ဦးမြတ်အောင် |
| ၇၃။ | နိုင်ငံစုံစကားပုံနှင့် အောင်မြင်သူတို့၏ ရင်တွင်းစကား | မြတ်မင်းရှင် |
| ၇၄။ | ရှပ်သောဝ်တန် ဘယက်နှင့် အောင်မြင်ကျော်ကြားခဲ့သောဝတ္ထုတိုများ | ရွှေဥဒေါင်း |

**ယခု**

| | | |
|---|---|---|
| ၇၅။ | ဗုဒ္ဓညွှန်ပြဘဝအမြင် | ဦးစိန်ထွန်း(မာမက) |

**ဆက်လက်၍**

| | | |
|---|---|---|
| ၇၆။ | ရှစ၀့်၊ ချာချီ၊ စတာလင် (၁) | ဒုတိယဗိုလ်မှူးကြီးသောင်းထိုက်(အငြိမ်းစား) |
| ၇၇။ | မြန်မာပြည်မြောက်ပိုင်း | နတ်နွယ် |

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး.......................ဒို့အရေး
တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး...........ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲရေး.............ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့ သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကျောင်းသား - ကျောင်းသူ အရေး (၃) ပါး

လူမိုက်ကို မပေါင်းသင်းရေး....................ဒို့အရေး
ပညာရှိ (လူလိမ္မာ) ကို ပေါင်းသင်းရေး .............ဒို့အရေး
ပူဇော်ထိုက်သူကို ပူဇော်ရေး....................ဒို့အရေး

ဦးစိန်ထွန်း (မာမက – သုတေသီ)

# နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဖြဟ္မာနတ်လူ ။ သုံးဘုံသူတို့
ကြည်ဖြူကော်ရော် ။ သဒ္ဓါဆော်၍
ပူဇော်မခန်း ။ အထူးပန်းကို
ဆင်မြန်းထိုက်၍ ။ နောင်ဆိုက်ထွေလာ
သံသရာဝယ် ။ လည်ရာအတန့်
စက်အကန့်ကို ။ ပယ်ဟန့်ဖျက်ဆီး
ပြုလုပ်ပြီးသော် ။ ငယ်ကြီးအစု
မကောင်းမှုလည်း ။ မပြုမျက်ကွယ်
မျက်မှောက်ပယ်ကာ ။ မဖွယ်ကိလေ
ဝေးကွာနေ၍ ။ ထွေထွေရန်ဆိုး
ကိလေမျိုးလည်း ။ ပယ်ချိုးခုတ်ဖြတ်
နင်းခြေသတ်လျက် ။ ငါးရပ်ငါးတန်
ဥဒေ္ဒယျမံကို ။ ဖောက်ပြန်လွတ်ကင်း
ဉာဏ်အလင်းဖြင့် ။ ထိုးထွင်းသယမ္ဘူ
သိတော်မူပြီး ။ ခြောက်ဆူဘုန်းကံ
ပြည့်ဖြိုးလျှံသည့် ။ ရွှေဉာဏ်ထွတ်ထား
မြတ်ဘုရားကို ။ သုံးပါးမွန်စွာ
ဝန္ဒနာဖြင့် ။ သဒ္ဓါကြွယ်ဖြိုး
ကျွန်ရှိခိုးသည်
ကောင်းကျိုးခပ်သိမ်း ပြည့်စေသော် ........

ပညာရွှေတောင်စာအုပ်တိုက်

## နိဒါန်း

ဤစာအုပ်ပါအကြောင်းအရာများကား စာစောင်များတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်သော ဆောင်းပါးများဖြစ်ပြီး သဘောတူရာ စုစည်း၍ ကျမ်းတစ်စောင် ပေတစ်ဖွဲ့အဖြစ် ပြုစုဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာစာပေသည် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြား ထားတော်မူခဲ့သော ပါဠိတော် (ကျမ်းအရေအတွက် ၅၄၊ ဆဋ္ဌမူစာအုပ်ရေ ၄၀) ရှင်မဟာဗုဒ္ဓဃောသ စသော မထေရ်မြတ်များ ပြုစုတော်မူခဲ့သော ပါဠိတော်၏အဖွင့် အဋ္ဌကထာများ ( ကျမ်းအရေအတွက် ၅၉၊ ဆဋ္ဌမူ စာအုပ်ရေ ၄၈) ၊ နောက်နှောင်းမထေရ်မြတ်များ ပြုစုတော်မူခဲ့သော အဋ္ဌကထာအဖွင့် မူလဋီကာ မဓုဋီကာ ဂဏ္ဌိ–ယောဇနာများ (ကျမ်းနှင့် စာအုပ်ရေ အများအပြား) ရှိသဖြင့် များပြားကျယ်ဝန်းသည်၊ နက်နဲ သိမ်မွေ့သည်၊ ဤကျမ်းများ စာအုပ်များကို အကုန်အစင် လေ့လာဖတ်ရှု နိုင်ရန် ခဲယဉ်းသည်၊ သို့ရာတွင် ဗုဒ္ဓဘာသာဝင်များသည် လက်လှမ်းမှီ သမျှ လေ့လာဖတ်ရှုကြသည်သာ ဖြစ်ကြသည်။ ရဟန်းတော် အရှင်မြတ်များကား ဗုဒ္ဓဘာသာစာပေကို တာဝန်တစ်ရပ်အနေဖြင့် လေ့လာသင်ကြားဖတ်ရှု နေတော်မူကြသဖြင့် ဗုဒ္ဓစာပေ နှံ့စပ်သိမြင်တော် မူကြသည့်အပြင် ကျမ်းညှိမှုကိုပါ စွမ်းနိုင်တော်မူကြသည်။ အထူးသဖြင့် ရှေးဆရာတော်ကြီးများဆိုလျှင် အလွန်ပင် လေးစားကြည်ညိုဖွယ် ကောင်းလောက်အောင် ဗုဒ္ဓစာပေဆိုင်ရာ အတွေးအမြင် အယူအဆ အရာတွင် လေးလေးနက်နက် တတ်ကျွမ်းတော်မူကြသည်ကို တွေ့ရှိရ သည်။ ခက်ခဲနက်နဲ သိမ်မွေ့သော ဗုဒ္ဓဘာသာ စာပေဆိုင်ရာ အတွေး အမြင် အယူအဆများကို ထိုဆရာတော် အရှင်မြတ်များ ရှင်းလင်း ရေးသားထားတော်မူခဲ့သောကြောင့် ကျွန်ုပ်တို့သည် အလွယ်တကူ သိရှိနေကြရသည်။

များပြားကျယ်ဝန်း၍ နက်နဲသိမ်မွေ့သော ဗုဒ္ဓဘာသာ စာပေဆိုင်ရာ အတွေးအမြင်များကို လေ့လာသင်ကြား သိမြင်နိုင်ရန်

ခက်ခဲနေကြသော ကျွန်ုပ်တို့အတွက် ကျမ်းဂန်တတ်သိ ပညာရှိ ဆရာများ၊ ဆရာတော်များ၏ ကျေးဇူးပြုမှုကား ကြီးမားလှပေသည်။ ဘာသာတရားနှင့် မကင်းကွာနိုင်သော ကျွန်ုပ်တို့လူသားများသည် မိမိတို့ ဘာသာဆိုင်ရာ စာပေကို ဂဃနဏ သဘောမိမိ သင်ယူလေ့လာ ဆည်းပူးနိုင်ခြင်း မရှိကြသော်လည်း တတ်ကျွမ်းသူတို့၏ ဟောပြော ရေးသားပြသမှုကြောင့် အလွယ်တကူ သိရှိခွင့်ရရှိကြသည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များသည်လည်း ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တတ်သိ ထိုဆရာများ ဆရာတော်များ၏ ဟောပြောရေးသားမှုကြောင့် အထိုက် အလျောက် သဘောပေါက် သိရှိလာကြရသည်။ မိမိတို့သိရှိသမျှ ကိုလည်း မသိရှိကြသေးသူများအား ထပ်ဆင့်ဝေငှ ပြောပြ ရေးပြနိုင် ကြသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်အပေါ် သဒ္ဓါ စေတနာ ကြီးမားသူများကလည်း ဗုဒ္ဓဓမ္မကို မိမိတို့ငွေကြေးဓနဖြင့် အရင်းတည် ရိုက်နှိပ်ဖြန့်ချိလျက် သာသနာပြုလုပ်ငန်းကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိကြသည်။

တစ်လုံးတစ်ပါဒမျှ ပြောပြရေးပြ ဝေငှဖြန့်ဖြူး၍ ကြားနာဖတ်ရှု ရသူက ဗုဒ္ဓတရားကို ရိပ်စား အသိပွားလာရပါက သာသနာတော် အတွက် များစွာအကျိုး ဖွံ့ဖြိုးလာနိုင်ပါသည်။ ပြောဟောရေးပြ ဖြန့်ချိကြသူများကလည်း ကြီးမားသော သာသနာပြု ကုသိုလ်ထူးကို ရရှိနိုင်သည်။

ရှင်အဿဇိသည် ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလာန် လောင်းလျာတို့အား ယေဓမ္မာ ဟေတုပ္ပဘဝါ တစ်ဂါထာ ဟောကြားရုံ မျှဖြင့် အရှင်၂ပါးလည်း ဗုဒ္ဓမြတ်ဘုရား သာသနာအဆုံးအမကို သက် ဝင်ယုံကြည်လာပြီး အဂ္ဂသာဝက အဆင့်အထိ ရောက်ရှိတော်မူလာ ကြသည်။ သာသနာအကျိုးလည်း ကြီးမားစွာ ဖွံ့ဖြိုးတိုးတက်ခဲ့ရသည်။

ကျွန်ုပ်သည်လည်း ဤနည်းဖြင့်ပင် ဗုဒ္ဓဘုရား၏ သာသနာ အဆုံးအမဆိုင်ရာစာပေကို ရေးသားခဲ့ပါသည်။ ယခု ဤစာအုပ်ပါ

အကြောင်းအရာများသည် စာရှုသူများသိရှိပြီးသော အကြောင်းအရာများလည်း ဖြစ်နိုင်သည်။ မသိရှိသေးသည့်လည်းဖြစ်နိုင်သည်။ သိရှိသော်လည်း မရှင်းမလင်း ဇဝေဇဝါဖြစ်နေသည့်လည်း ဖြစ်နိုင်သည်။ မည်သို့ဖြစ်စေ၊ သိရှိပြီးဖြစ်လျှင်လည်း မြဲရာသံပတ် ခိုင်မြဲမှု အကျိုးရှိနိုင်ပါသည်။ မသိရှိသေးလျှင်လည်း သိရှိမှုအကျိုးရှိနိုင်ပါသည် ဇဝေဇဝါ ဖြစ်နေလျှင်လည်း သံသယကင်း ရှင်းလင်းမှုအကျိုး ရှိနိုင်ပါသည်။ ဤစာအုပ်ပါ ရေးသားဖော်ပြချက်များသည် မိမိတို့ ဆုပ်ကိုင်သိရှိထားမှုနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေကြောင်း တွေ့ရှိရပါလျှင်လည်း ဗုဒ္ဓဝါဒသည် ဝိဘဇ္ဇ (ဝေဖန်ခံ)ဝါဒ ဖြစ်သည်နှင့်အညီ ဝေဖန်ပိုင်းခြား၍ အမှန်အမှား သိရှိလာနိုင်ရေးအတွက် တိုးတက်၍လေ့လာဆည်းပူးလိုစိတ်ဖြစ်ကာ တိုးတက်လေ့လာမှုပြုခြင်း အကျိုးကို ပြီးစေနိုင်ပါသည်။ ဤသို့ အဘက်ဘက်မှ တိုးတက်လေ့လာဆည်းပူး၍ ဤစာအုပ်ပါဖော်ပြချက်တို့သည် အမှားဖြစ်ကြောင်း ထင်ထင်ရှားရှား တွေ့မြင်သိရှိရပါလျှင် ယင်းအမှားသည် စာရေးသူ၏ ချို့ယွင်းချက် အမှားသာ ဖြစ်ပါကြောင်း ကြိုတင်ဝန်ခံအပ်ပါသည်။ အမှားကိုထောက်ပြ၍ အမှန်အတွက် အသိပေးပါလျှင်လည်း ကျေးဇူးတင်စွာဖြင့် ထိုအမှားကို ပြုပြင်ရန် ဝန်မလေးပါကြောင်း ကတိပေးအပ်ပါသည်။

အချုပ်အားဖြင့် ယနေ့လူသားလောကတွင် ရုပ်ဝတ္ထုဒြပ် တိုးတက်သော်လည်း စိတ်ဓာတ်ရေးရာတွင် လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိတရားဆိုးများ ဖုံးလွှမ်း၍ ပေါ့သွမ်းဟော့ရမ်းပြီး အောက်တန်းကျလှသောကြောင့် ယင်းတိုးတက်သော ရုပ်ဝတ္ထုဒြပ်များက လူသားလောကနှင့် ကမ္ဘာလောကကြီးကိုပါ ပျက်ပြုန်းအောင် အန္တရာယ်ပြုခြိမ်းခြောက်လျက် ရှိနေသည်။ လူသားများသည် မြင့်မြတ်သော သူတော်ကောင်း စိတ်ဓာတ် မမွေးမြူနိုင်သမျှ အေးချမ်းမှု ငြိမ်းချမ်းမှုကို ရရှိနိုင်ကြမည်မဟုတ်ပါ။ မီးရောင်ကို ရွှေတောင်မှတ်ထင်သော ပိုးဖလံမျိုးကဲ့သို့ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ တရားဆိုးများကို

အကောင်းထင် ဖက်တွယ်နေသမျှ လူသားအတွင်း ဉာဏ်တာ ထောက်ထားမှုကင်းပြီး မည်သူသေသေ ငတေမာပြီးရော နလုံးသွင်းကာ အချင်းချင်း လွှမ်းမိုးသွေးစုပ် ညှဉ်းပန်းသတ်ဖြတ်မှု မတရားမှုများ တိုးတက်ပြန့်ပွား ထွန်းကားနေမည်သာ ဖြစ်ပါသည်။ လူသား အချင်းချင်း စာနာမှုကင်းပြီး ကြီးနိုင်ငယ်ညှဉ်း တရားများ ကောင်း၍ ဆောင်ရွက်ခြင်း ပြုနေကြပါလျှင် ဇာတ်တူသား စားသောကြောင့် ဟင်္သာကိုးသောင်း ပျက်ကိန်းဆိုက်သည့် အဖြစ်သို့ ရောက်ရှိသွား နိုင်ပါသည်။ လူသားများ၏ စိတ်ဓာတ် ယုတ်ညံ့မှုများကြောင့် မမြင်ရသော စွမ်းအားများကလည်း ဒဏ်ခတ်၍ သဘာဝဘေးဖြင့် ကပ်ဆိုးမှုဒဏ် အန္တရာယ် မျိုးစုံနှင့် တွေ့ကြုံလာနိုင် ပါသည်။

ထို့ကြောင့် လူသားလောကတွင် သူတော်ကောင်းတရား ပြန့်ပွားထွန်းကား၍ သူတော်ကောင်းစိတ်ဓာတ်ရှိသူ လူသားများဖြစ်လာစေရန် အထူးလိုအပ်လျက်ရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော တရားဓမ္မသာသနာတော်သည် သူတော်ကောင်းဖြစ်လာရေးကို တွန်းပို့ပေးနိုင်ရုံမျှမက သတ္တလောကတွင် အဆင့်အမြင့်ဆုံး လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကိုပင် ခံယူတော်မူထိုက်သော ရဟန္တာ အဆင့်အထိ ဖြစ်လာနိုင်အောင် လမ်းညွှန်ထားသော သူတော်ကောင်းတရား စစ်စစ်ဖြစ်သည်။ ဤသူတော်ကောင်းတရား သာသနာအဆုံးအမ မြတ်ဓမ္မများကို တစ်လုံး တစ်ပါဒမှစ၍ မိမိတို့လေ့လာသိရှိသမျှ အဆင့်ဆင့် လက်ဆင့်ကမ်း၍ မြန်မာပြည်သူပြည်သားအားလုံး ကမ္ဘာသူကမ္ဘာသား အားလုံး သိရှိကြားနာ ကျင့်ကြံပွားများ နိုင်ကြရေးအတွက် ပြန့်ပွားအောင် ဆောင်ရွက်ရန်မှာ ဗုဒ္ဓဘာသာဝင်တိုင်းတွင် တာဝန်ရှိနေသည်ဟု ခံယူပါသည်။ ဤခံယူချက်ဖြင့်ပင် ဤစာအုပ်ပါ အကြောင်းအရာများကို ရေးသားစုစည်းပြီး ယခုကဲ့သို့ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပါသည်။

စာရှုသူများ
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ
ဦးစိန်ထွန်း (မာမက – သုတေသီ)

သူငယ်စဉ်က လူကြီးသူမတို့၏ ပြောစကားအရ
ရုပ်ထုကိုးကွယ်သော ဗုဒ္ဓဘာသာကို အလွန်ပင် မုန်းတီးကြောင်း၊
ဗုဒ္ဓဘာသာစာပေသည် ဝေဲစာဖြစ်သည်ဟု မှတ်ထင်ခဲ့ကြောင်း၊
မိမိဘာသာစာပေကို တက္ကသိုလ်အဆင့်အထိ သင်ကြားပြီးနောက်
ဘာသာရေးခေါင်းဆောင်တစ်ဦး ဖြစ်လာသောအခါ ....

## အမှောင်ခွင်းအလင်းဆောင်သော ဗုဒ္ဓစာပေ

"အလိမ္မာ စာမှာရှိ" ဆိုသည့်အတိုင်း စာပေသည် လူသားများ၏ အသိလိမ္မာ တိုးတက်ရေးအတွက် သော့ချက်ဖြစ်သကဲ့သို့ လူ့ယဉ်ကျေးမှုအတွက်လည်း ဦးဆောင်သရဖူဖြစ်သည်။ စာပေမရှိသော လူမျိုး၏ အသိအလိမ္မာ ပညာအဆင့်အတန်းသည် နိမ့်ကျနေပြီး စာပေရှိသော လူမျိုးသာလျှင် စာပေမြင့်လေ အသိအလိမ္မာ ပညာယဉ်ကျေးမှုလည်း မြင့်လေဖြစ်သည်။ အမှန်စင်စစ် စာပေသည် လူသားများ၏ အသိအမြင်အတွက် အမှောင်ခွင်း၍ အလင်းဆောင်သော ဆီမီးတန်ဆောင် ဖြစ်သည့်အပြင် လူသားအကျိုးညွှန် မိတ်ကောင်းမွန်လည်းဖြစ်သည်။ ထို့ကြောင့် စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုကြခြင်းဖြစ်သည်။ သို့ရာတွင် စာအုပ်စာပေတိုင်းသည် အမှောင်ခွင်းအလင်းဆောင်နိုင်သည်မဟုတ်။ စာကောင်းပေကောင်း မှသာလျှင် လူသားများအား အမှောင်ခွင်း၍ အလင်းဆောင်နိုင်သည့်အပြင်

လူသားအကျိုးညွှန် မိတ်ကောင်းမွန်ဖြစ်နိုင်သည်။ စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုမည့်အစား **စာကောင်းစာပေ လူ့မိတ်ဆွေဟု** ဆိုပါမှ မှန်ကန်သောအဆို ဖြစ်နိုင်သည်။ အချို့အချို့သော စာအုပ်စာပေများကား လူသားအကျိုးပြု မဖြစ်သည့်အပြင် အသိဉာဏ်ပင် ကန်း ပင်းသွားရသည်အထိ ဖြစ်သည်။ ဤသို့သော အသိဉာဏ် ကန်း ပင်းသော စာပေစာအုပ်များကြောင့် မျက်ကန်းယုံကြည်မှုများလည်း ဖြစ်ပေါ်လာရပြီး မိမိအတွက်ရော အများအတွက်ပါ အကျိုးမပြီး အချည်းအနှီး ဖြစ်နေကြရသည်မှာ ဒုနဲ့ဒေးပင်ရှိသည်။

စာပေမှာလည်း ပျော်တော်ဆက်စာပေမှစ၍ ကဏ္ဍအမျိုးမျိုး ရှိရာတွင် ဘာသာရေးဆိုင်ရာ စာပေသည် လူသားများအပေါ် ဩဇာသက်ရောက်မှု အများဆုံးပင် ဖြစ်သည်။ လူသားများသည် မိမိတို့ကိုးကွယ်ရာ ဘာသာစာပေ အဆိုအမိန့်များအပေါ် အခြေခံ၍ အများအားဖြင့် မိမိတို့၏ ကာယကံမှု ဝစီကံမှု မနောကံမှုများနှင့် မိမိတို့၏ ယဉ်ကျေးမှုကို ပြုစုပျိုးထောင်နေကြသည်။ ဗုဒ္ဓဘာသာဝင်များသည် အများအားဖြင့် မိမိတို့၏ ကာယကံမှု ဝစီကံမှု မနောကံမှုများကို ဗုဒ္ဓဘာသာစာပေလာ အဆိုအမိန့်များနှင့်အညီ ပြုစုပျိုးထောင်လျက် ရှိကြသည်။ မိမိတို့၏ ယဉ်ကျေးမှုကိုလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ် အခြေပြု၍ ပြုစုပျိုးထောင် အမွှမ်းတင်အထွတ်တင် ထားကြသည်။ ဗုဒ္ဓဘာသာရောက်ရှိသွားသော နိုင်ငံတိုင်းတွင် ပန်းပု၊ ပန်းချီ၊ ပန်းရန်၊ ပန်းဆစ် စသော ဗိသုကာ အတတ်ပညာပန်းများ ဖူးပွင့်ဝေဆာလျက် ထိုထိုတိုင်းပြည်၏ ယဉ်ကျေးမှုကို အထွတ်တင် အမွှမ်းတင်ပေးလျက်ရှိနေသည်။ ဗုဒ္ဓဘာသာစာပေကို လေ့လာသင်ကြားခွင့် ရရှိကြသဖြင့် တွေးခေါ်မြော်မြင်ရေးနှင့်တကွ နိုင်ငံရေး စီးပွားရေး ကျန်းမာရေး လူမှုရေး စသော အရေးပေါင်းစုံ လမ်းညွှန်မှု အသိပညာ ဗဟုသုတ ကြွယ်ဝလာကြသည်။ ဗုဒ္ဓဘာသာ စာပေအသိပညာကြောင့် စာရိတ္တမြင့်မားပြီး အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားအောင် ဆောင်ရွက်လာနိုင်

ကြသည်။ မိမိတို့၏ ပစ္စုပ္ပန် သံသရာ ဘဝနေ့စဉ်ဖြာ အေးချမ်းသာယာမှု လုပ်ငန်းစဉ်များကို ကျင့်ကြံပွားများရန် နည်းလမ်းများကိုလည်း ရရှိ ကျင့်ကြံပွားများရသဖြင့် စိတ်ပိုင်းဆိုင်ရာများ အထက်တန်းကျရေးကိုပါ ပြုစုပျိုးထောင် ပေးနိုင်ကြသည်။

အချုပ်အားဖြင့် ဗုဒ္ဓဘာသာသည် အမှောင်ခွင်း အလင်းဆောင် ပညာဆီမီးတန်ဆောင် ထွန်းလင်းတောက်ပြောင်မှုကို အားပြုထားသော ဘာသာဖြစ်သည့်အတိုင်း အပြစ်ကင်းသော အသိပညာပေးစာပေ ဟူသမျှကို လေ့လာသင်ကြားရန် အားပေးသည်။ အကြားအမြင်၊ ဗဟုသုတများခြင်း၊ အပြစ်ကင်းသော အတတ်ပညာများ တတ်ကျွမ်းခြင်း ကျင့်ဝတ်ဆိုင်ရာ ပညာရပ်များကို တတ်ကျွမ်းခြင်းသည် မင်္ဂလာဖြစ်သည် ဟုပင် ညွှန်ပြထားသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များသည် တတ်ကောင်းရာရာ ဟူသမျှ လေ့လာလျက်သာ နေကြသည်။ အထူးမှာ ဗုဒ္ဓဘာသာစာပေသည် အရေးပေါင်းစုံ ပါဝင်သော စွယ်စုံ ဗဟုသုတ ပညာပေး စာပေဟောင်းပေါင်းအိုးကြီး ဖြစ်သော်လည်း မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ထားရန်ကိုသာ ဦးတည်လမ်းညွှန်ထားသော စာပေဖြစ်သည်။ ဗုဒ္ဓဘာသာစာပေကို စေ့ငုစွာ လေ့လာသင်ကြားပြီး စာပေ၌ ညွှန်ကြားပြသည့်အတိုင်း ကျင့်ကြံပွားများ နေထိုင်သူများသည် ပညာရှင်ကြီးများ၊ သူတော်စင်ကြီးများ အဖြစ်သို့ ရောက်ရှိနိုင်ကြသည်သာ ဖြစ်သည်။ ထို့ကြောင့် အမှောင်ခွင်း အလင်းဆောင်သော ဗုဒ္ဓဘာသာစာပေကို လူမျိုးဘာသာ မရွေး လူသားတိုင်း လေ့လာ မှတ်သားသင့်ကြသည်။

သို့ရာတွင် အချို့အချို့သော ဘာသာတို့တွင် မိမိတို့ဘာသာဝင်များ ဗုဒ္ဓဘာသာစာပေကို မလေ့လာမိအောင် ဟန့်တားပိတ်ပင်ထားတတ်ကြသည်ကို တွေ့ရှိရသည်။ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာစာပေ မရောက်မပေါက်၍ မလေ့လာနိုင်သူ အများအပြားရှိသည်။ အချို့သော ပါရမီရှင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိသောအခါ လက်လှမ်းမီ

ဘာ့မှု ဗုဒ္ဓဘာသာစာပေကို လေ့လာသွားကြသည်သာဖြစ်ကြသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်မှ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဝု(ဖ်)ဆိုသူ မြန်မာနိုင်ငံသို့ လာရောက်ဖူးသည်။ ရောက်ခိုက် ရွှေတိဂုံ စသော ဘုရားစုံသို့ လှည့်လည်ကြည့်ရှုရာ နာဋ္ဌာဂီရိဆင်တော်ကြီး ဘုရားရှေ့၌ ဝပ်စင်းနေပုံ ရုပ်စုံကိုတွေ့၍ အဓိပ္ပာယ်မေးရာ ဧည့်လမ်းညွှန်က ဗုဒ္ဓအား သေစေလိုသော သူတို့က ဆင်ကိုအရက်တိုက်ပြီး နင်းသတ်ခိုင်းသော်လည်း ဗုဒ္ဓသည် ရန်သူအပါအဝင် သတ္တဝါတွေအားလုံးအပေါ် မေတ္တာထား၍ ရင်ဝယ်သားကဲ့သို့ သနားကရုဏာ ထားတော်မူသောကြောင့် ဆင်ကြီးမှာ ဗုဒ္ဓရှေ့မှောက် ရောက်သောအခါ ဒေါသပြေပျောက်ပြီး ဝပ်စင်း ခယနေခြင်းဖြစ်ကြောင်း၊ ဗုဒ္ဓသည် သတ္တဝါအားလုံးကို မေတ္တာထားရန်၊ မေတ္တာထားလျှင် ရန်သူသည်ပင် ရန်သတ္တရုပြုမှုကို စွန့်လွှတ်ပြီး မိတ်ဆွေဖြစ်လာရသည်ဟု ဟောတော်မူကြောင်း ပြောပြသောအခါ မစ္စတာဝု(ဖ်)က ဗုဒ္ဓ၏ ဤအဆုံးအမသည် အလွန်တန်ဖိုးရှိလှကြောင်းပြောပြီး ထပ်မံပြောပြခိုင်း၍ မှတ်စုတွင် ရေးယူသွားသည်။ အာလိန်ငါးဆင့်သို့ ရောက်ရှိသောအခါ၌လည်း စေတီတော် မျက်နှာကျက်၌ ၃၈ ဖြာ မင်္ဂလာတရားကို မြန်မာ၊ ပါဠိ၊ အင်္ဂလိပ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဟင်ဒီ စသောဘာသာအမျိုးမျိုးဖြင့် ရေးသားထားသည်ကို တွေ့ရှိရပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်ကို အစအဆုံးဖတ်၍ ကူးရေးနေပြန်သည်။ ဗုဒ္ဓသည် အလွန်ဉာဏ်ပညာကြီးမားသော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ သူ့အဆိုအမိန့်များလည်း မှန်ကန်လှကြောင်း ပြောကြားသည်။ ဤသို့ နိုင်ငံရပ်ခြားမှလာသူ အများအပြား ဗုဒ္ဓစာပေကို လေ့လာသွားကြသည်ကို ဧည့်လမ်းညွှန်သူများ အသိပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာစာပေဆိုင်ရာ စာအုပ်များ ပလူပျံမျှ ထွက်ရှိနေသည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ ဘာသာခြား အချို့သည်

ငယ်စဉ်က မှတ်သားလာခဲ့ရသော အသိကြောင့် ဗုဒ္ဓဘာသာစာပေကို မလေ့လာဘဲ နေခဲ့ကြသည်။ ပါရမီရှင်အချို့သာ မလွဲမရှောင်သာ လေ့လာခဲ့ကြရာမှ တွင်းကျူး ဖားသူငယ်ဘဝမှ လွတ်မြောက်ခဲ့ကြရသည်။ တစ်ခါက မြစ်ကြီးနား သာသနာပြုသင်တန်းတွင် သင်တန်းသားများက မိမိတို့၏ ဘာသာရေးအတွေ့အကြုံကို ပြောကြားသော သင်ခန်းစာပါရှိရာ သင်တန်းသားများအနက် ဦးသိန်းအောင်ဆိုသူ သင်တန်းသား ပြောကြားသော ၎င်း၏အတွေ့အကြုံမှာ မှတ်သားလောက်သည်။ သူသည် အခြားဘာသာမှ ဗုဒ္ဓဘာသာခံယူပြီး ယခုကဲ့သို့ သာသနာပြု သင်တန်း တက်ရောက်လာသူဖြစ်သည်။ သူငယ်စဉ်က လူကြီး သူမတို့၏ ပြောစကားအရ ရုပ်ထုကိုးကွယ်သော ဗုဒ္ဓဘာသာကို အလွန်ပင် မုန်းတီးကြောင်း၊ ဗုဒ္ဓဘာသာစာပေသည် ငရဲစာဖြစ်သည်ဟု မှတ်ထင်ခဲ့ကြောင်း၊ မိမိဘာသာစာပေကို တက္ကသိုလ်အဆင့်အထိ သင်ကြားပြီး နောက် ဘာသာရေး ခေါင်းဆောင်တစ်ဦး ဖြစ်လာသောအခါ တိရစ္ဆာန် တစ်ကောင်ကို သတ်ရန်အကြောင်း ပေါ်လာကြောင်း၊ ထို တိရစ္ဆာန်လည်း သေမည်ကိုကြောက်၍ အမျိုးမျိုးရုန်းကန်လျက်ရှိကြောင်း၊ အသတ်ရ ခက်သော ထို တိရစ္ဆာန်ကို သတ်လိုက်ရပြီးနောက် မိမိတွင်ကိုယ်ချင်းစာ တရား ကိန်းဝပ်လာကြောင်း၊ ဘုရားကိုလည်း စောကြောမှုပြုလာပြီး မိမိဘာသာ မှားနေသည်ဟု ထင်လာကြောင်း၊ အခြားဘာသာများကို တစ်ခုပြီးတစ်ခု လေ့လာသောအခါ စိတ်တိုင်းမကျသဖြင့် နောက်ဆုံးတွင် မိမိအမုန်းဆုံးဖြစ်သော ဗုဒ္ဓဘာသာစာပေကို လေ့လာခဲ့ရကြောင်း၊ ပရိတ်ကြီးဘာသာပြန်မှစ၍ လေ့လာလိုသဖြင့် ဆိုင်၌သွားဝယ်ရာ ဆိုင်ရှင်က မိမိ၏အသွင်ပြင်ကို ကြည့်ပြီး ဘာသာခြားမုန်းသိကာ မရောင်း၍ မဝယ်ခဲ့ရကြောင်း၊ မြစ်ကြီးနားကောလိပ်မှ စာကြည့်တိုက်မှူး အကူအညီဖြင့် နောက်ဆုံးတွင် ဖုန်အလိပ်လိပ်တက်နေသော ရှေ့ပိုင်း မရှိသော ပရိတ်ကြီးဘာသာပြန်ကို ရရှိ၍ မေတ္တာသုတ်မှစ၍ လေ့လာ ခဲ့ရကြောင်း မေတ္တာသုတ်ပါ အဆိုအမိန့်များကို တွေ့ရသောအခါ

အဆိုအမိန့်များကို ဘုရားစစ် ဘုရားမှန်သာလျှင် ဟောပြောနိုင်မည်ဟု စိတ်တွင်ဖြစ်ပေါ်လာပြီး ကြက်သီးများပင် ထောင်ထလာရကြောင်း၊ သို့ဖြင့် ဗုဒ္ဓဘာသာစာပေ များစွာကို ဆက်တိုက်လေ့လာပြီးနောက် တရားတော်၌ ညွှန်ကြားထားသည့်အတိုင်း ကျင့်ကြံပွားများရာ ထူးခြားမှုများ ကြုံတွေ့ရကြောင်း ပြောကြားသွားသည်။ ၎င်း၏ ဟောပြောချက်အရ အယူမှားနေသူ အများအပြား အယူမှန်၌ တည်လာရသည်ကိုလည်း ထည့်သွင်း ပြောကြားသွားသည်။ အလားတူ စာရေးသူ စာပြင်ဆရာဘဝဖြင့် တာဝန် ထမ်းဆောင်နေစဉ် အမျိုးသမီးတစ်ဦး ရေးသားသော သူမ၏အကြောင်း ဆောင်းပါးတစ်ပုဒ်ကို ပြင်ပေးခဲ့ဖူးသည်။ ဘတ်စ်ကားပေါ်တွင် စာအုပ် လိုက်လံဝေငှနေသော လူကြီးက တစ်အုပ်သာ ကျန်တော့သဖြင့် သမီးနှင့် ထိုက်ကြောင်း ပြောပြီး မိမိအား စာအုပ်ပေးခဲ့ကြောင်း၊ စာအုပ်ကို ခိုးကြောင်ခိုးဝှက် ဖတ်ကြည့်သောအခါ စိတ်ဝင်စားလာပြီး ထိငါးထောင်ပေါက်လျှင် ဗုဒ္ဓဘာသာအဖြစ် ခံယူမည်ဟု အဓိဋ္ဌာန်ပြုပြီး ထီထိုးရာ တကယ်ပင် ထီငါးထောင်ဆု ပေါက်လာသဖြင့် ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့ကြောင်း ဖော်ပြထားသည်။

အမှောင်ခွင်း အလင်းဆောင်သော ဗုဒ္ဓဘာသာစာပေသည် လူမျိုးမရွေး ဘာသာမရွေး လူသားတိုင်းအတွင်း အထူးသဖြင့် ပါရမီရှင်သာသနာပြု လောင်းလျာများအတွင်း ပျံ့နှံ့စိမ့်ဝင်နိုင်ပါစေသား။

လူ့ဘောင်လောကအတွင်းရှိ လူသားတိုင်းသည်
စိတ်ဓါတ်ဘက်မှ ဓမ္မရေးရာနှင့် ပြည့်စုံရန် လိုအပ်ပါသည်။
လူသားတိုင်းသည် ဓမ္မရေးရာနှင့် ပြည့်စုံနေကြပါက
လူ့ဘောင်လောကကြီးတွင် ခိုးမှု၊ လိမ်လည်မှု၊ ကြီးနိုင်ငယ်ညှဉ်းမှု
စသော မတရားမှုများလည်း ရှိမည်မဟုတ်ပေ၊

# မင်္ဂလာအယူအဆ

မင်္ဂလာဟူသည်'မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ'ဟူသော ဝိဂ္ဂြိုဟ်ဝစနတ်အရ မကောင်းမှုကို ရိတ်ဖြတ်တတ်သောကြောင့် မင်္ဂလာမည်၏ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသဖြင့် ဗျုတ်ရေကနည်းအားဖြင့် ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုဟူသမျှကို မင်္ဂလာဟု မှတ်ယူနိုင်ပါသည်။ အချို့က ကောင်းခြင်း၊ မွန်မြတ်ခြင်း၊ ကြီးပွားတိုးတက်ခြင်း၊ နာမည်ကျော်ကြားခြင်း၊ လာဘ်တိုးပွားခြင်း၊ ဖြူစင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားကြသည်။ အချို့ကမူ ကောင်းမြတ်သော အခါအခွင့်၊ ကောင်းသော အဖြစ်အပျက်၊ ပြည့်စုံခြင်း၊ ရဲရင့်ခြင်းများကို မင်္ဂလာဟု အဓိပ္ပာယ်ဖွင့်ကြသည်။ မည်သို့ပင်ဖြစ်စေ ဖွင့်ဆိုသမျှ အဓိပ္ပာယ်အားလုံးသည် အထက်ဖော်ပြပါ ဝိဂ္ဂြိုဟ်ဝစနတ် ဗျုပ္ပတ်အတွင်း၌ အကျုံးဝင်ပြီးဖြစ်သောကြောင့် ကောင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုများကိုပင် မင်္ဂလာဟု မှတ်ယူနိုင်ပါသည်။

လူ့ဘောင် လောကအတွင်း၌ အဓိကအလိုအပ်ဆုံးသော အချက်ကား ငြိမ်းချမ်း၍ သာယာဝပြောမှု ရရှိရန်ပင်ဖြစ်သည်။ ဤလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်မှာ ယင်း လူ့ဘောင်လောက အတွင်းရှိ လူသားတိုင်းသည် စိတ်ဓာတ်ဘက်မှ ဓမ္မရေးရာနှင့် ပြည့်စုံ ရန်လိုအပ်သည်။ လူသားတိုင်းသည် ဓမ္မရေးရာနှင့် ပြည့်စုံနေကြပါက လူ့ဘောင်လောကကြီးတွင် ခိုးမှု၊ လိမ်လည်မှု၊ ကြီးနိုင်ငယ်ညှဉ်းမှု စသော မတရားမှုများလည်း ရှိမည်မဟုတ်ပေ၊ ထိုအခါ ငြိမ်းချမ်း၍ သာယာဝပြောသော လူ့ဘောင်လောကကြီး ဖြစ်လာနိုင်သည်။ သို့ရာတွင် လူ့သမိုင်းကို ပြန်ကြည့်လျှင် သမိုင်းလမ်းကြောင်းတစ်ခု လုံးကို မတရားမှုများကသာ ထာဝရဖုံးလွှမ်းထားသည်ကို ရာနှုန်းပြည့် နီးပါးမျှ တွေ့ရှိနေရသည်။ သမိုင်းဦးဘုံမြေခေတ်တွင် မိမိတို့ သက် ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း၌ ဘုံပိုင်ဆိုင်မှုဘဝ၊ ဘုံလုပ်ငန်းဘဝ၊ ဘုံခွဲဝေမှုဘဝ ရှိသည်မှန်သော်လည်း ယင်း လူ့အဖွဲ့အစည်း အတွင်း၌ အုပ်ချုပ်ထိန်းကွပ်ရန် အကြီးအကဲများ ခန့်ထားရခြင်းသည် သမိုင်းဦး ဘုံမြေခေတ်၌လည်း မတရားမှုရှိကြောင်းကို မီးမောင်း ထိုးပြလျက် ရှိနေသည်။

ဤကဲ့သို့ လောကရေးရာတွင် ဓမ္မရေးရာချို့ယွင်းသော လူသား များ ပါဝင်နေသဖြင့် ယင်းဓမ္မရေးရာ ချို့ယွင်းသူများအား ထိန်းကွပ်ရန် အတွက် ရာဇရေးရာတစ်ရပ် လိုအပ်လာရပြန်သည်။ ထို့ကြောင့် ငြိမ်းချမ်း၍ သာယာဝပြောသော လူ့ဘောင်လောကကြီးကို ထူထောင် နိုင်ရေးအတွက် (၁) လောက(လူမှု)ရေး၊ (၂) ဓမ္မ(ကိုယ်ကျင့်တရား ကောင်းမွန်)ရေးနှင့်၊ (၃) ရာဇ(ဥပဒေနှင့်အညီ စီမံကွပ်ကဲအုပ်ချုပ်) ရေးဟူသော ရေးရာသုံးပါးသည် ဟန်ချက်ညီသော သုံးနားညီတြိဂံ တစ်ခုကဲ့သို့ တည်ရှိရန် အထူးလိုအပ်လျက်ရှိလာရသည်။

ယင်းအရေးသုံးပါးအနက် လူတို့တွင် ဓမ္မရေးရာနှင့် ပြည့်စုံရန် အလိုအပ်ဆုံးဖြစ်သည်။ လောကရေးရာတွင် မတရားမှုကြောင့်

ရာဇရေးရာဖြင့် နှိပ်ကွပ်ရသည်ထက် ယင်းမတရားမှုများကို ရှောင်ကြဉ်စေနိုင်သော ဓမ္မရေးရာ၌ အလေ့စရိုက်ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးခြင်းက ပို၍ခရီးရောက် အရာပေါက်နိုင်သည်။ ဤသို့ ဓမ္မရေးရာဖြင့် လူကောင်းလူမွန်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ရာ၌ မင်္ဂလာတရားသည် အားအထားရဆုံးသော ဓမ္မရေးရာတစ်ရပ် ဖြစ်နိုင်သည်။

မင်္ဂလာတရားသည် လောကီမင်္ဂလာနှင့် လောကုတ္တရာမင်္ဂလာဟူ၍နှစ်မျိုးရှိသည်။ လောကီမင်္ဂလာကား ရိုးရာမင်္ဂလာများဖြစ်ပြီး လောကုတ္တရာမင်္ဂလာမှာ မြတ်စွာဘုရား ဟောကြားတော်မူသော (၃၈)ဖြာ မင်္ဂလာဖြစ်သည်။

လောကီမင်္ဂလာမှာလည်း အိန္ဒိယနိုင်ငံ ရိုးရာမင်္ဂလာနှင့် မြန်မာနိုင်ငံ ရိုးရာမင်္ဂလာဟူ၍ နှစ်မျိုးရှိပြန်သည်။ အိန္ဒိယမင်္ဂလာကို ဖော်ပြထားသောကျမ်း များပြားသကဲ့သို့ မင်္ဂလာအရေအတွက်မှာလည်း ထူးထွေ များပြားလျက်ရှိသည်။ ဗြဟ္မပူရာဏ်ကျမ်း၌ ကိုယ်ဝန်တည်၊ သုံးလမြောက် သားလှုပ်၊ လေးလ ခြောက်လနှင့် ရှစ်လမြောက် မိခင်ဖွားမြင်၊ အမည်ပေး၊ မီးနေခန်းမှထုတ်၊ နေပြ၊ လပြ၊ ထမင်းခွံ့၊ ဦးစွန်းတစ်ခုထား၍ ခေါင်းရိတ်၊ နားထွင်း၊ ကျောင်းအပ်၊ စလွယ်တင်၊ မုတ်ဆိတ်ရိတ်၊ န္တားလှူ၊ ပညာသင်ရာမှအိမ်ပြန် (ဝါ) ရေချိုး၊ လက်ထပ်၊ သပိတ်သွတ် ဟူ၍ မင်္ဂလာ(၁၇)မျိုးကို ဖော်ပြထားသည်။

သက္ကတ စာပေလာ အဿလာယတနကဟောဟျာသုတ်၌ မင်္ဂလာ(၁၁) မျိုး၊ ပေါက္ခရဟောဟျာ၊ ဗောဓာယတနဟောဟျာ၊ ဝါရာဟာဟောဟျာသုတ်တို့၌ မင်္ဂလာ(၁၃) မျိုးစီ၊ ဝေခါနသဟောဟျာသုတ်၌ (၁၈) မျိုးနှင့် ဂေါတမဓမ္မသုတ်၌ အမျိုး(၈၀) အရေအတွက်ကို ဖော်ပြထားပြီး အထက်ဖော်ပြပါ မင်္ဂလာ(၁၇)မျိုးနှင့် အချို့တူ၍ အချို့မတူချေ။ ယင်းရိုးရာမင်္ဂလာများကိုကြည့်လျှင် လောကရေး၊ ဓမ္မရေးများ၌ အကျိုးရှိမှုနှင့် မသက်ဆိုင် မပတ်သက်လှဘဲ ပုဂ္ဂိုလ်အမွှန်းတင်ရေးအတွက် သက်သက် အသားပေး လုပ်ဆောင်ခဲ့ကြသော ဗြာဟ္မဏ(ပုဏ္ဏား)တို့၏

လက်ရာများသာဖြစ်ကြောင်း သိသာလှသည်။

ဝိနည်းမဟာဝါ ရာဟုလာဝတ္ထု၌ မြတ်စွာဘုရားက နန္ဒမင်းသားအား သပိတ်တော်ကိုပေး၍ ကျောင်းတော်သို့ ခေါ်တော်မူချိန်၌ နန္ဒမင်းသားသည် မုတ်ဆိတ်ကျင်စွယ်ပယ်ခြင်း၊ နဖူးစီးတပ်ခြင်း၊ အိမ်တက်ခြင်း၊ လက်ထပ်ခြင်း၊ ထီးတော်ဖွင့်ခြင်း မင်္ဂလာ( ၅ )မျိုးကို ပြုလုပ်ဆဲ ချိန်ခါဖြစ်ကြောင်း လာရှိသည်။ ဓမ္မပဒ ဝနဝါသီတိ ဿဝတ္ထုရဝတ္ထု၌လည်း တိဿလောင်းမယ်တော်သည် သားမဖွားမီ မင်္ဂလာ (၃) မျိုးကို ပြုလုပ်တိုင်း ရှင်သာရိပုတ္တရာအား ဆွမ်းလုပ်ကျွေး၍ တရားနာကြောင်း လာရှိသည်။ အလားတူ ဓမ္မပဒ အဋ္ဌကထာ ဗာလဝဂ် တိဿ သာမဏေရဝတ္ထု၌လည်း သားမဖွားမီ မင်္ဂလာ (၃) မျိုးအပြင် အမည်ပေးခြင်း၊ အစာကျွေးခြင်း၊ နားထွင်းခြင်း၊ ပုဆိုးတင်ခြင်း၊ ဦးသျှောင်ထုံးခြင်း၊ ခေါင်းရိတ်ခြင်း မင်္ဂလာများ ပြုလုပ်ကြောင်း လာရှိသည်။ ယင်းတို့ကိုထောက်ဆလျှင် ဖော်ပြပါ အိန္ဒိယရိုးရာ မင်္ဂလာများသည် မြတ်စွာဘုရားမပွင့်မီကပင် ပေါ်ပေါက်နေပြီ ဖြစ်ကြောင်း သိရှိနိုင်သည်။

ယင်း အိန္ဒိယရိုးရာမင်္ဂလာများ ပေါ်ပေါက်လာသည့် အချိန်ကာလနှင့် ပတ်သက်၍ အယူအဆ ကွဲပြားနေကြသည်။ ဝေဒခေတ်ကို ဘီစီ (၂၀၀၀) နှင့် (၁၀၀၀) ကြား အယူအဆကို အခြေပြု၍ ဤရိုးရာမင်္ဂလာများသည် ဘီစီ (၁၄၀၀) တစ်ဝိုက်တွင် ပေါ်ပေါက်ခဲ့သည်ဟု ပညာရှင်အချို့က မှန်းဆကြသည်။ ပညာရှင်အချို့ကမူ ဘီစီ (၁၀၀၀) ခန့်တွင် ပေါ်ခဲ့သည်ဟု ခန့်မှန်းကြသည်။ သို့ရာတွင် ယင်းရိုးရာမင်္ဂလာများသည် ဝေဒခေတ်တွင်ပေါ်ခဲ့သည် မဖြစ်တန်ရာ၊ ဝေဒခေတ်နောက်ပိုင်း အာထဗ္ဗဏဗေဒ ပေါ်ချိန်လောက်မှစ၍ ပေါ်လာသည်ဟု ပညာရှင်အချို့က ခန့်မှန်းကြပြန်သည်။ အာထဗ္ဗဏကို ဗြာဟ္မဏဆရာတို့က ဝေဒအဖြစ်သတ်မှတ်ကြသော်လည်း၊ ပညာရှင်များကမူ မသတ်မှတ်လိုကြပါ၊ ရှေး၌ပေါ်ခဲ့သော ရိ(ဂ်) ယဇု၊ သာမနှင့် ယဇု (၃)ပုံကိုသာ ဝေဒအဖြစ် သတ်မှတ်ကြသည်။ ပိဋကတ်စာပေတွင်လည်း ဝေဒ(၃)ပုံ

ဟူ၍သာ လာရှိသည်။

တစ်ဖန် အိန္ဒိယနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံသည် ဗုဒ္ဓမြတ်စွာ မပွင့်မီကာလကပင် ရေလမ်းကြောင်း ကူးသန်းရောင်းဝယ်မှုဖြင့် အဆက်အသွယ် ရှိနေခဲ့သည့်အပြင် ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူပြီး နောက်ပိုင်း၌လည်း ဘာသာရေး အဆက်အသွယ်ရှိနေခဲ့သောကြောင့် ယင်းအဆက်အသွယ်များဖြင့် အိန္ဒိယ ရိုးရာမင်္ဂလာများသည် မြန်မာ နိုင်ငံသို့လည်း ကူးစက်ဝင်ရောက်လာသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံသားများသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အားလျော်စွာ မြန်မာနိုင်ငံ ရိုးရာမင်္ဂလာများ၌ ဘာသာရေးပါနေသည်ကို တွေ့ရှိနိုင် သည်။

ယနေ့မြန်မာနိုင်ငံသားများသည် မြန်မာစာပေါင်းချုပ်ကျမ်းလာ ရိုးရာမင်္ဂလာ(၁၂)ခန်းကို အသိများကြသည်။ ယင်းတို့မှာ မွေးဖွား၊ နာမည်ပေး၊ ကင်းပွန်းတပ်၊ ပုခက်တင်၊ နေလပြ၊ ငယ်ဆံပယ်၊ နားထွင်း၊ ထမင်းခွံ့၊ ရှင်ပြု၊ လက်ထပ်၊ ဘုရားပူဇော်ပွဲ၊ နှစ်သစ်ကူးပွဲ မင်္ဂလာတို့ ဖြစ်သည်။ သဗ္ဗတ္ထမင်္ဂလာ အခါပေးကျမ်း၌မူ မြန်မာနိုင်ငံ အခါပေး အတွက် အိမ်ဆောက်၊ လက်ထပ်၊ အခန်းအပ်၊ နားထွင်း၊ ပုခက်တင်၊ ပညာသင်၊ အမည်မှည့်၊ ရှင်ပြုပဥ္စင်းခံ၊ နေလရှု၊ ထမင်းခွံ့ မင်္ဂလာဟူ၍ (၁၀)မျိုးပြပြီး အိန္ဒိယ အခါပေးအတွက် လက်ထပ်၊ တိုက်အိမ်ဆောက်၊ အိမ်တက်၊ နားထွင်း၊ ထမင်းခွံ့၊ အမည်မှည့်၊ ဦးသျှောင်ထုံး၊ ပညာသင်၊ ဒါနပြု၊ စလွယ်တင်မင်္ဂလာဟူ၍ (၁၀)မျိုးပြထားသည်။ မင်္ဂလာ ဝိနိစ္ဆယကျမ်း၌ကား လက်ထပ်၊ ပဋိသန္ဓေတည်၊ မွေးဖွား၊ အမည်မှည့်၊ အစာကျွေး၊ နားထွင်း၊ ပုဆိုးတင်၊ ဦးသျှောင်ထုံး၊ ရှင်ပြုပဥ္စင်းခံ စသည် ဖြင့် လူတို့အသုံးပြု အပ်သော (အနဝဇ္ဇဂေဟတဗ္ဗ) အပြစ်မရှိ၍ ပြုဆောင်သင့်သော မင်္ဂလာများစွာရှိကြောင်း ဖော်ပြထားသည်။

ဥပမာ–နာမကာရဏ ကင်းပွန်းတပ် မင်္ဂလာ ပြုလုပ်ရာ၌ လာသမျှ ပရိသတ်များအား ကျွေးမွေးသောကြောင့် ဒါနဟူသော မင်္ဂလာ အစစ်

ဖြစ်လာနိုင်သည်။ အခြားရိုးရာမင်္ဂလာများကို ပြုလုပ်ကြရာ၌ လည်း ၎င်းတို့နှင့် ဆက်နွယ်နေသော လောကုတ္တရာမင်္ဂလာများကို ပြုလုပ်ကြရသဖြင့် ယင်းရိုးရာမင်္ဂလာကို မင်္ဂလာအစစ်များအပေါ် တင်စား၍ ဖလူပစာအားဖြင့် မင်္ဂလာဟု ခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

လောကုတ္တရာ မင်္ဂလာများကား ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော (၃၈)ဖြာ မင်္ဂလာတရားတော်များပင် ဖြစ်သည်။ လူတို့သည် ကမ္ဘာပျက်ကိစ္စ နှစ်တစ်သိန်း၊ ဘုရားပွင့်ကိစ္စ နှစ်တစ်ထောင်၊ စကြာဝတေးမင်းပေါ်ကိစ္စ နှစ် ၁၀၀၊ မင်္ဂလာတရားပေါ်ကိစ္စ ၁၂ နှစ်၊ မောနေယျ (မုတင်) အကျင့်ကျင့်သူပေါ်ကိစ္စ (၇)နှစ်တိုင်တိုင် ကောလဟလ ဖြစ်ပွားကြရသည် ဆိုသည့်အတိုင်း မြတ်စွာဘုရား မင်္ဂလာတရားကို မဟောကြားမီ (၁၂)နှစ်ကာလပတ်လုံး မင်္ဂလာတရားနှင့် ပတ်သက်၍ အယူအဆများပြီး ကောလဟလ ပွားနေကြသည်။ လူများသည် မြို့တံခါး လွှတ်ရုံးသဘင် အခမ်းအနားများတွင် သာသနာတော်နှင့် မပတ်သက်သော်လည်း မင်္ဂလာဟု ယူဆကြသော စကားကောင်းများကို ရွှေငွေပေး၍ နားထောင်ကြရသည်။ ဤပွဲမျိုးမှာလည်း (၄)လကြာမှ တစ်ကြိမ် ကျင်းပဖြစ်ပေါ်လေ့ရှိသည်။ ယင်းစကားကောင်းပွဲ၌ အချို့က ဒိဋ္ဌမင်္ဂလာအဖြစ် နံနက် မိုးသောက် အိပ်ရာထချိန်၌ စာကလေး၊ ဥသျှစ်ပင်ပျို၊ ကိုယ်ဝန်ဆောင်မိန်းမ၊ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လုလင်ပျို လုံမပျို၊ ရေပြည့်အိုး၊ လတ်ဆတ်သောငါးကြင်း၊ အာဇာနည်ဆင်မြင်း၊ အာဇာနည်မြင်းကသော ရထား၊ နွားလားဥသဘ၊ နွားမ၊ နွားကြောင်မတို့ကို မြင်ရခြင်းသည်၊ မင်္ဂလာဟု အဆိုပြုကြသည်။

အချို့က သုတမင်္ဂလာအဖြစ် နံနက်အိပ်ရာထချိန်၌ စီးပွားတိုးတက်ရေး၊ ကြီးပွားတိုးတက်ဆဲ၊ ပြည့်စုံခြင်း၊ ဖုသျှနက္ခတ်၊ စိတ်ကောင်းထားသူ၊ ကျက်သရေတိုးပွားမှု၊ ကောင်းသောနက္ခတ်၊ ကောင်းသောမုဟုတ်၊ ကောင်းသောနေ့ဟူသော အသံကိုကြားရခြင်း

သည့် မင်္ဂလာဖြစ်သည်ဟု အဆိုပြုကြသည်။ အချို့ကမူ မုတမင်္ဂလာ အဖြစ် နံနက်မိုးသောက်ချိန်၌ ကောင်းသောအနံ့ကို နမ်းရခြင်း၊ ကောင်းသောအရသာကို စားရခြင်း၊ ကောင်းသောအထိအတွေ့များကို တွေ့ထိရခြင်းသည် မင်္ဂလာဖြစ်သည်ဟု အဆိုပြုကြသည်။ ဤသို့ (၁၂)နှစ်ကြာ မင်္ဂလာကောလဟလ ဖြစ်ပွားပြီး နောက်ဆုံး၌ ဗုဒ္ဓမြတ်စွာဘုရားက လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ မကောင်းမှု ဟူသမျှကို ပယ်ဖြတ်တတ်သော (၃၈)ဖြာမင်္ဂလာတရားတော်ကို ဟောကြားတော်မူသဖြင့် လောကုတ္တရာ မင်္ဂလာအစစ်များလည်း လူ့ဘုံလောကတွင် ပေါ်ထွန်းလာရတော့သည်။ လောကရေးရာ၌ အလိုအပ်ဆုံးဖြစ်သော ဓမ္မရေးရာပြည့်စုံမှုကို အထောက်အကူပြုနိုင်သော ယင်း(၃၈)ဖြာ မင်္ဂလာတရားတော်များကို လူတိုင်းလေ့လာသင်ကြားပြီး ကျင့်ကြံပွားများနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ရှိခိုးခြင်းနှင့် အရိုအသေ ပြုခြင်း ကိုယ်အမူအရာ မတူသည်ကို သိရှိအပ်သည်။
ရှိခိုးခြင်းတွင် အရိုအသေပြုခြင်း ပါဝင်သော်လည်း
အရိုအသေပြုခြင်းတွင် ရှိခိုးခြင်း မပါဝင်ပေ။
ထိုသူတို့သည် ရှိခိုးခြင်းနှင့် အရိုအသေပြုခြင်းကို မကွဲပြားသောကြောင့်
ဤသို့ပြစ်တင်ပြောဆိုကြခြင်း ဖြစ်သည်မှာ ထင်ရှားသည်။

# လက်အုပ်ချီနှုတ်ဆက်ခြင်း

ယနေ့ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များသည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာ၌ ကြီးငယ်မဟူ လက်အုပ်ချီ၍ လည်းကောင်း၊ ဦးညွတ်၍ လည်းကောင်း၊ မင်္ဂလာပါဟူ၍လည်းကောင်း၊ ကာယကံ ဝစီကံမြောက် နှုတ်ခွန်းဆက်နေကြသည်ကို တွေ့ရှိနိုင်သည်။ ရင်နှစ်သည်းချာ နိုင်ငံ့ရတနာ ဆုံးမစာ၌ ''လမ်းတွင်တွေ့၍ နှုတ်ဆက်ရာ၌ လက်အုပ်ကြာငုံ ရင်မှာထား၍ လေးမြတ်စွာ ဂါရဝပြု နှုတ်ဆက်သင့်သူကို လက်အုပ်ရင်မှာချီ၍ လည်းကောင်း၊ ဦးညွတ်နှုတ်ဆက်တန်သူကို ဦးညွတ်၍ လည်းကောင်း၊ ပြုံး၍ နှုတ်ဆက်တန်သူကို ပြုံး၍လည်းကောင်း၊ ပြုရာ၏''ဟုဆုံးမထားပါသည်။ အိန္ဒိယကျွန်းဆွယ်နှင့် အရှေ့တိုင်းသား အချို့တို့သည်လည်း တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာ၌ အလားတူ လက်အုပ်ချီ၍လည်းကောင်း၊ ဦးညွတ်၍လည်းကောင်း နှုတ်ဆက် အရိုအသေပြုကြသည်ကို တွေ့ရသည်။ ဗုဒ္ဓဘာသာဝင်တို့ အလေး

ဂရုပြုနေကြသော ပုညကြိယာဝတ္ထု (၁၀)ပါးတွင် ပါဝင်သော အပစာယနကုသိုလ် ကောင်းမှုတရားလည်း ဖြစ်သည်။

သို့ရာတွင် အချို့သူများက တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြရာ၌ လက်အုပ်ချီ နှုတ်ဆက်မှုပြုခြင်းကို ပြစ်တင်ရှုတ်ချလျက် ရှိကြောင်း ကြားသိရသည်။ ကလေးငယ်တစ်ဦးအား လူကြီးတစ်ဦးက လက်အုပ်ချီမှု ပြုခြင်းမှာ ရက်ဖွယ်ရာဖြစ်ကြောင်း ဆိုကြသည်။ ဤ၌ ရှိခိုးခြင်းနှင့် အရိုအသေပြုခြင်း ကိုယ်အမူအရာ မတူသည်ကို သိရှိအပ်သည်။ ရှိခိုးခြင်းတွင် အရိုအသေ ပြုခြင်းပါဝင်သော်လည်း အရိုအသေပြုခြင်း တွင် ရှိခိုးခြင်း မပါဝင်ပေ။ ထိုသူတို့သည် ရှိခိုးခြင်းနှင့် အရိုအသေပြုခြင်း ကို မကွဲပြားသောကြောင့် ဤသို့ ပြစ်တင်ပြောဆိုကြခြင်း ဖြစ်သည်မှာ ထင်ရှားသည်။

သောဏဒဏ္ဍပုဏ္ဏားက မိမိလက်အုပ်ချီခဲ့လျှင် ခရီးဦးကြိုပြုခြင်း ဟု မှတ်ယူတော်မူပါရန်၊ ခေါင်းပေါင်းကို ချွတ်ခဲ့ပါလျှင် ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်ယူတော်မူပါရန်၊ ယာဉ်ပေါ်နေခိုက် နှင်တံကို မြှောက်ခဲ့ ပါလျှင် ယာဉ်မှ ဆင်းသက်ခြင်းဟု မှတ်ယူတော်မူပါရန်၊ ထီးကို ရုပ်သိမ်းဖယ်ရှားခဲ့ပါလျှင် ဦးခေါင်းဖြင့် ရှိခိုးခြင်းဟု မှတ်ယူတော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထားခဲ့ဖူးသည်။ သောဏဒဏ္ဍပုဏ္ဏားသည် အခြားပုဏ္ဏားများ ရှေ့မှောက်၌ မြတ်စွာဘုရားအား သွားရောက်ရှိခိုး လျှင် ကဲရဲ့ရှုတ်ချ လာကြမည်ဖြစ်သော ယင်းပုဏ္ဏားများအား အပါယ် ဘေးမှ ကင်းဝေးစေရန် ရည်သန်လျက် ဤသို့ လျှောက်ထားခဲ့ခြင်း ဖြစ်သည်။ ဤသောဏဒဏ္ဍ ပုဏ္ဏား၏ လျှောက်ထားချက်အရ လက်အုပ်ချီမှုသည် ရှိခိုးခြင်းမဟုတ်ဘဲ ခရီးဦးကြို ဂါရဝပြုမှုသာ ဖြစ်ကြောင်း အဓိပ္ပာယ်ရသည်။

အရိုအသေပြုခြင်း ဂါရဝတရားသည် သူတော်ကောင်းတို့ နှစ်သက်လိုလားသော မင်္ဂလာတရားတော်တစ်ပါးဖြစ်သည်။ မင်္ဂလာ တရားဟူသည် မကောင်းမှုကို ပယ်ဖြတ်တတ်သော ကောင်းမြတ်သည့် တရားမျိုးဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးအား လက်အုပ်ချီ ဂါရဝပြု ခရီးဦး ကြိုနှုတ်ဆက်မှုသည် ထိုပုဂ္ဂိုလ်အား ချစ်ခင်မြတ်နိုးခြင်း နှစ်သက်

အမှတ် ......၂၁

လိုလားခြင်းကြောင့် ဖြစ်သည်။ ဂါရဝပြုခံရသူကလည်း လက်အုပ်ချီ ဂါရဝပြုသူအား ချစ်ခင်လေးစားလာသည်။ ဤသို့ ချစ်ခင်လေးစား သဖြင့် ပြန်လည်၍ လက်အုပ်ချီပြီး တုံ့ပြန်ဂါရဝပြုသည့်။ ဤသို့ မေတ္တာရှေ့ထားလျက် အချင်းချင်း အပြန်ပြန် အလှန်လှန် လက်အုပ်ချီ ဂါရဝပြုကြသူများတွင် ဘေးဒုက္ခ ကြုံတွေ့ရသောအခါ ကာရဏာ တရားလည်း ဖြစ်ပွားလာနိုင်သည်။ တစ်ဦး၏ တိုးတက် ကြီးပွားမှု ကိုလည်း ဝမ်းမြောက်ဝမ်းသာ မုဒိတာတရား ပွားလာနိုင်သည်။ အမှားအယွင်း အနည်းအကျဉ်းရှိလျှင်လည်း ဥပေက္ခာပြု ခွင့်လွှတ် နိုင်သည်။ ထို့ကြောင့် အချင်းချင်း အရိုအသေပြုခြင်း ဂါရဝတရား ရှိသူများသည် ဗြဟ္မစိုရ် တရားများ တိုးပွားကြောင်း၊ ဣဿာ မစ္ဆရိယ မာန ဒေါသ စသော တရားဆိုးများ ကင်းဝေးကြောင်း အလွန် ကောင်းသော ယဉ်ကျေးမှု တစ်ရပ်ပင် ဖြစ်သည်။ ထိုသို့ ဂါရဝပြု ယဉ်ကျေးမှု ရှိသူများသည် နတ်ပြည် ရောက်ရကြောင်း၊ နတ်ပြည် မရောက်သော်လည်း ဖြစ်ရာဘဝ၌ မြင့်မြတ်သော အထက်တန်းအမျိုး၌ ဖြစ်ရကြောင်း မြတ်ဘုရား ဟောကြားတော်မူချက် ရှိသည်။

လက်အုပ်ချီ၍ဖြစ်စေ၊ အခြားကိုယ်အမူအရာဖြင့်ဖြစ်စေ၊ နှုတ် အမူအရာဖြင့်ဖြစ်စေ အရိုအသေပြုမှုကို တရားမသိသူများက အောက် ကျနောက်ကျသည်ဟု ထင်မြင်တတ်ကြသည်။ ဂါရဝမှုသည် အလွန် မွန်မြတ်သော တရားဖြစ်သောကြောင့် တရားသိလေလေ ဂါရဝတရား ပို၍ ကြီးလေလေ ဖြစ်သည်။ အရှင်သာရိပုတ္တရာသည် ရှင်အဿဇိ၏ ဟောကြားမှုဖြင့် သောတာပန်ဖြစ်လာရသည့် အချိန်မှစ၍ ရှင်အဿဇိ ရှိရာသို့ ဦးခေါင်းထားအိပ်လေ့ရှိသည်။ အကြောင်းမသိသော ရဟန်းများ က အရှင်သာရိပုတ္တရာသည် ယနေ့တိုင် အယူမှားနေသေးကြောင်း အရပ်မျက်နှာများကို ရှိခိုးနေကြောင်း မြတ်စွာဘုရားအား လျှောက်ထား ကြသည်။ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာသည် အရပ်မျက်နှာ များကို ရှိခိုးခြင်းမဟုတ်၊ မိမိဆရာ ရှင်အဿဇိရှိရာကို ရှိခိုးခြင်းသာ ဖြစ်ကြောင်း နှင့် မိမိ တရားသိအောင် ပြုပေးသော ပုဂ္ဂိုလ်ကို မီးပူဇော်သော ပုဏ္ဏားက

မီးကို ရှိခိုးသကဲ့သို့ ရှိခိုးရမည်ဟု မိန့်ကြားတော်မူသည်။

အရိုအသေပြုခြင်း ဂါရဝမှုနှင့် မကင်းသော တွဲဖက်တရား တစ်ပါးရှိသည်။ ယင်းတရားကား မိမိကိုယ်ကို နှိမ့်ချခြင်း နိဝါတမင်္ဂလာ တရားပင်ဖြစ်သည်။ မာကျောခြင်း ထဒ္ဓ၊ မောက်မာထောင်လွှားခြင်း မာနတရားများ၏ ဆန့်ကျင်ဘက်တရားဖြစ်သည်။ ထို့ကြောင့် နိဝါတ တရားနှင့်ပြည့်စုံသူသည် ကိုယ်အမူအရာလည်း သိမ်မွေ့နူးညံ့စွာ ရှိနေသည့်အပြင် အပြောအဆိုမှာလည်း သူတကာ နားချမ်းသာ၊ စိတ်ချမ်းသာဖွယ် ပြေပြစ်လျက်ရှိသည်။ ထိုသူများသည် အများတကာ ချစ်ခင်မြတ်နိုးဖွယ်ရာ ဖြစ်ရသည်။ ဤနိဝါတတရားနှင့် ပြည့်စုံသူသာလျှင် ဂါရဝတရားနှင့် ပြည့်စုံနိုင်သည်။ မာန်မာန ထောင်လွှားသူများကား ငါသာ ငါ့ပြင် ဘာမထင် စိတ်ကြီးဝင်နေသူဖြစ်၍ သူတစ်ပါးအား အရိုအသေ ဂါရဝပြုနိုင်မည်မဟုတ်၊ အမျိုး၊ ဥစ္စာ၊ အနွယ်အားဖြင့် ခက်ထန်သူများမှာ မိမိ၏ ဆွေမျိုးသားချင်းကိုပင် မထီမဲ့မြင် ပြုတတ် သည်။ ထိုကဲ့သို့သော သူများသည် ပျက်စီးကြောင်းသာ ဖြစ်သည်ဟု သုတ္တနိပါတ် ပရာဘဝသုတ်၌ ဟောတော်မူချက် ရှိသည်။ ဤထောင်လွှား ခက်ထန်သူများကို လေပြည့်သော သားရေအိတ်ပမာ ပုံခိုင်းလေ့ ရှိကြသည်။ သားရေအိတ်ကြီးသည် လေမပြည့်မီ ပျော့ပျောင်း သော်လည်း လေပြည့်သော အခါ တင်းမောက်လာသကဲ့သို့ ထောင်လွှား ခက်ထန်သူများမှာ အလား တူပင် ဖြစ်သည်။

နိဝါတမင်္ဂလာမှာ စိတ်ကို နှိမ့်ချခြင်းဟုဆိုရာ မည်မျှအထိ နှိမ့်ချရမည်ဟုဆိုလျှင် ခြေသုတ်ပုဆိုး၊ ဦးချိုကျိုးသော နွားလား၊ အစွယ်ကျိုးသော မြွေကဲ့သို့ နှိမ့်ချရမည်ဖြစ်သည်။ တကယ်တရားရှိသူများမှာ ထိုမျှအထိ နှိမ့်ချနိုင်ကြသည်။ တစ်ခါက ရှင်သာရိပုတ္တရာ သင်္ကန်းဝတ်ပုံ မညီမညွတ် ဖြစ်နေသည်ကို မြင်ရသော ခုနစ်နှစ်အရွယ် ရှင်သာမဏေ ငယ်က ''အရှင်ဘုရား– သင်္ကန်းဝတ်ပုံ မညီပါတကား''ဟု လျှောက်ရာ ကိုယ်တော်မြတ်က ''ရှင်သာဏေငယ်က ပြောရကောင်းလား'' ဟု သဘောထားတော်မမူဘဲ တစ်နေရာသို့သွားကာ ပြင်ဆင်ဝတ်ခဲ့သည်။

နောက် ထိုသာမဏေငယ်ထံကြွလျက် လက်အုပ်ချီကာ ''ဒီလောက်ဆို တော်လောက်ပါပြီလား ဆရာ'' ဟု မိန့်ကြားတော်မူပြီးနောက် ''ထိုနေ့၌ဖြစ်သော ခုနစ်နှစ်အရွယ် သာမဏေငယ်ကပင် ဆုံးမလာလျှင် အဆုံးအမကို ဦးခေါင်းထက်၌ ခံယူပါမည်'' ဟု ကျူးရင့်တော်မူကြောင်း မိလိန္ဒပဉှာ အဋ္ဌကထာ၌ ဖော်ပြထားသည်။

ရှင်ရာဟုလာသာမဏေသည် သာကီဝင်မင်းမျိုးဖြစ်၍ စကြာမင်းဖြစ်ရန် ဘုန်းလက္ခဏာပါသူ ပုဂ္ဂိုလ်ထူးဖြစ်သည်။ ဘုရားရှင်၏ တစ်ဦးတည်းသော သားတော်လည်းဖြစ်သည်။ သို့ရာတွင် မာန်မာန ထောင်လွှားမှု လုံးဝမရှိဘဲ ဂါရဝ နိဝါတတရား လက်ကိုင်ထားပုံမှာ ဥဒါန်းတွင်ရစ်ခဲ့သည်။ ရဟန်းတော်များက စမ်းသပ်လို၍ ရှင်ရာဟုလာ သွားလာရာလမ်းတွင် တံမြက်စည်း အမှိုက်တောင်းများကို ဖြန့်ကြဲထားသည်။ ရှင်ရာဟုလာ ထိုနေရာသို့ ရောက်ချိန်တွင် တစ်ချို့က ''တံမြက်စည်းနှင့် တောင်းများကို မည်သူပစ်ထားသနည်း'' ဟုဆိုရာ အချို့က ''ရှင်ရာဟုလာ သွားလာနေတာပဲ၊ ရှင်ရာဟုလာ ပစ်ထားတာ ဖြစ်မှာပေါ့'' ဟုဆိုသည်။ ရှင်ရာဟုလာမှာ မည်သို့မျှ ပြန်မလျှောက်ဘဲ တောင်းပန်ကန်တော့ပြီး ထိုတံမြက်စည်း အမှိုက်တောင်းတို့ကို သိမ်းဆည်းခဲ့သည်။ တစ်ဖန် မြတ်စွာဘုရားက ''ရဟန်းတော်များသည် လူသာမဏေများနှင့် တစ်မိုးတစ်ရာမ်တည်းသော ကျောင်း၌ ညမအိပ်ရ'' ဟု သိက္ခာပုဒ်ပညတ်သောအခါ ရဟန်းတော်များ က ''ရာဟုလာ-အိပ်ရန်နေရာ ရှာပါ'' ဟု ပြောကြားလာသဖြင့် ရှင်ရာဟုလာသည် မည်သူ့ကိုမျှ အပူမကပ်ဘဲ မြတ်စွာဘုရား၏ ဝစ္စကုဋီ၌ ညအိပ်ခဲ့သည်။ နံနက်တွင် မြတ်စွာဘုရား ဝစ္စကုဋီသို့ ကြွတော်မူသောအခါ ရှင်ရာဟုလာ ဝစ္စကုဋီ၌ အိပ်စက်ရသည်ကို သိတော်မူ၍ ''ရဟန်းတော်များသည် လူသာမဏေများနှင့် တစ်မိုးတစ်ရာမ်တည်း၌ (၃)ညထက်အလွန် မအိပ်ရ''ဟု အနုပညတ် ပြင်ဆင် ပညတ်တော် မူခဲ့ရသည်။ အလားတူ မာန်မာန ကြီးမားသော သာကီဝင်မင်းများ အနက် ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂုနှင့် ဒေဝဒတ်တို့သည် မိမိတို့၏ ဆတ္တာသည် (ဆံသ)

ဖြစ်သူ ဥပါလိနှင့်အတူ ရဟန်းပြုရန် မြတ်စွာဘုရားထံ ရောက်ရှိသော အခါ မာန်မာနကျရေးအတွက် ဥပါလိအား ဦးစွာရဟန်းပြုပေးရန် လျှောက်ထားကြသဖြင့် မြတ်စွာဘုရားက ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော် မူခဲ့သည်။ ဤကား တရားသိ၍ ဂါရဝ နိဝါတတရား ကြီးမားသူများ၏ သာဓကဖြစ်သည်။ အမှန်အားဖြင့် မာန်မာနကြီးသူ များမှာ ပျက်စီးကြောင်းဖြစ်၍ ဂါရဝ နိဝါတ တရားရှိသူများမှာ တိုးတက်ကြီးပွားကြောင်းသာ ဖြစ်သည်။ နှိမ့်ချသော အဖြစ်မျိုးရှိလျက် ခက်ထန်ခြင်းမရှိသော ပုဂ္ဂိုလ်မျိုးမှာ အခွေအရံ အကျော်အစောကို ရနိုင်သည်ဟု သိင်္ဂါလသုတ်၌ ဟောတော်မူသည်။

အချုပ်အားဖြင့် ရင်၌ လက်အုပ်ချီ၍ အရိုအသေပြု နှုတ်ဆက်မှု မျိုးသည် ရှိခိုးခြင်း ကန်တော့ခြင်းဖြစ်သည်ဟု မဆိုနိုင်ဘဲ ယဉ်ကျေး မြင့်မြတ်သော အရိုအသေပြုမှုမျိုးသာ ဖြစ်သည်။ ဤသို့ လက်အုပ်ချီ အရိုအသေပြု နှုတ်ဆက်မှုပြုရာ၌ အသက်ဂုဏ်ဝါကြီးသူများအား လက်အုပ်ချီသည့်အပြင် ဦးခေါင်းကိုပါ ညွှတ်ကိုင်း၍ အရိုအသေပြု နှုတ်ဆက်သင့်သည်။ ဤသို့ အသက်ဂုဏ်ဝါ ငယ်ရွယ်သူများက လက်အုပ်ချီ ဦးညွှတ်၍ အရိုအသေပြု နှုတ်ခွန်းဆက်သလျှင် အသက် ဂုဏ်ဝါကြီးသူများကလည်း ဦးညွှတ်ခြင်း မပြုဘဲ လက်အုပ်ချီ၍ ပြန်လည် နှုတ်ဆက်သင့်သည်။

ဤသို့သော လက်အုပ်ချီ နှုတ်ဆက်မှုမျိုးသည် ဗုဒ္ဓဘာသာ ရှုထောင့်မှကြည့်လျှင် အလွန်နှစ်သက်ဖွယ်ကောင်းသော မွန်မြတ်သော ယဉ်ကျေးသိမ်မွေ့သော နှုတ်ဆက်မှုမျိုးဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ဝင်တိုင်းက အစဉ်အလာမပျက် သားစဉ်မြေးဆက် ဆက်လက် ထိန်းသိမ်း သွားသင့်သော ယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပါကြောင်း ရေးသားလိုက်ရ ပေသည်။

သိပ္ပံပညာ၏ ချီတက်မှုသည်
ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင် ဖြစ်သည်။
သိပ္ပံပညာ၏ အသစ်ရှာဖွေ တွေ့ရှိချက်များသည်
ဗုဒ္ဓဝါဒအား အကောင်းဆုံးသက်သေ ပြချက်များသာ ဖြစ်သည်။

# လက်တွေ့အကျိုးခံစားနိုင်သော တရားတော်

၁၉၉၂-ခုနှစ် နိုဝင်ဘာလထုတ် မြတ်ပန်းရဂုံစာစောင်တွင် 'ကထာဝတ္ထုကျမ်းလာ ဖန်ဆင်းရှင်ဘုရားပြဿနာ' ဆောင်းပါးကို ရေးသားတင်ပြခဲ့ပါသည်။ ထိုဆောင်းပါး၏ အဆက်အဖြစ် ယခု ဆောင်းပါးကို ဖတ်ရှုမည်ဆိုပါက ဖတ်ရှုသွားနိုင်ပါသည်။

သက်ရှိသတ္တဝါတွင် လူသည် အသိဉာဏ်ရှင်ဖြစ်သည်။ စိတ်ပညာရှင်တို့ အဆိုအရ ဇာတိစိတ်ဆိုင်ရာ အသိသည် လူနှင့် တိရစ္ဆာန်တို့၌ ရှိခြင်းတူကြသည်ဟု ဆိုသည်။ လောကနီတိ၌လည်း စားစိတ်၊ အိပ်စိတ်၊ မေထုန်စိတ်တို့သည် လူနှင့် တိရစ္ဆာန်တို့၌ ရှိခြင်း တူကြသည်။ လူသည် အသိဉာဏ်ရှိသောကြောင့် တိရစ္ဆာန်နှင့် ခြားနား သွားရခြင်းဖြစ်သည် ဟုဆိုသည်။ အထူးမှာ ဗီဇပါ သာမန် အသိဉာဏ်မှ ဆည်းပူးလေ့လာခြင်းဖြင့် ကြီးကျယ်မြင့်မားသော အသိဉာဏ်ဖြစ်ရန် လိုအပ်သည်။ သို့ရာတွင် လူသည် အများအားဖြင့် မိမိကျင်လည်ရာ

ပတ်ဝန်းကျင် မိမိတွေ့ကြုံ ဆုံစည်းရာ အာရုံပေး သာမန်အသိမျှဖြင့် မိမိဘဝကို အဆုံးသတ်လေ့ရှိသည်။ ထူးချွန်သော ပါရမီရှင် အနည်းအကျဉ်းသာ ဉာဏ်ကြီးရှင်အဖြစ်သို့ရောက်အောင် အသိပညာ ဗဟုသုတများကို အပတ်တကုတ် ရှာမှီးလျက် မှန်ကန်သော အသိအမြင်ဖြင့် မိမိဘဝကို ပြုစုပျိုးထောင်သွားနိုင်ကြသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အသိမှန် အမြင်မှန်ကို ရရှိပြီး ဘဝမှန်ကို တည်ဆောက်နိုင်ရေးအတွက် အသိပညာဗဟုသုတကို ထောင့်စုံဘက်စုံဖြင့် ရှာမှီးဆည်းပူးနေကြရမည် ဖြစ်သည်။ အသိမှန်၊ အမြင်မှန်သည် မည်သည့်အခါမျှ ဟောင်းနွမ်းသည်မရှိ၊ အမြဲထာဝရ သစ်ဆန်းနေမည်သာဖြစ်သည်။ အထူးသဖြင့် ကျွန်ုပ်တို့သည် အသိပညာဗဟုသုတကို ရှာမှီးခြင်းအားဖြင့် ရရှိလာသော အသိမှန်၊ အမြင်မှန်ကို လက်ကမ်းကြိုဆိုပြီး မိမိ၏ မှားယွင်းသော အသိဟောင်း၊ အမြင်ဟောင်းများကို ရဲဝံ့စွာ ပယ်စွန့်နိုင်ရန် အရေးကြီးသည်။ ဤသို့မဟုတ်ဘဲ မှားယွင်းသော အသိဟောင်း အမြင်ဟောင်းများကိုပင် လေ့နံ့ ခါးထစ်တရားသေ ဆုပ်ကိုင်ထားလျှင် အသိပညာ ဗဟုသုတ ရှာမှီးခြင်းအားဖြင့် မိမိဘဝအတွက် ဘာမျှအဓိပ္ပာယ်ရှိမည် မဟုတ်သည်ကို သတိပြုအပ်သည်။ ယနေ့ လူ့ဘောင်လောကကြီး ရုပ်ပိုင်းဆိုင်ရာတွင် အံ့ဩလောက်အောင် ဖွံ့ဖြိုးတိုးတက်လာရခြင်းမှာ လူချွန်လူမွန် ဉာဏ်ကြီးရှင် တီထွင်သူ သိပ္ပံပညာရှင်များက လေ့နံ့ ခါးထစ် တရားသေ အယူအဆကို ရဲဝံ့စွာ စွန့်လွှတ်ခဲ့သောကြောင့်သာဖြစ်သည်။

တစ်ရံရောအခါက ရွာပျက်ကုန်းများသို့ သူငယ်ချင်းနှစ်ယောက် ပစ္စည်းရှာရန် ရောက်လာကြသည်။ ပထမရွာပျက်ကုန်းတွင် ပိုက်ဆံလျှော်များကိုတွေ့၍ ချည်နှောင်ထမ်းရွက်လျက် ခရီးဆက်ခဲ့ကြသည်။ နောက်နောင် ရွာပျက်ကုန်းများတွင် ချည်ခင်အဝတ်အထည်မှစ၍ နောက်ဆုံးရွှေအထိ တွေ့ရှိခဲ့ကြသည်။ ပညာရှင် သူငယ်ချင်းတစ်ဦးက အသစ်အကောင်းကိုတွေ့တိုင်း မိမိထမ်းလာသော အဟောင်းကို စွန့်၍ အသစ်

အကောင်းကိုလဲ၍ ထမ်းရွက်ခဲ့ရာ နောက်ဆုံး၌ ရွှေကိုထမ်း၍ အိမ်ပြန် ရောက်လာသဖြင့် မိဘသားမယား ဆွေမျိုးညာတကာများက ဝမ်းသာကြ ရသည်။ လေ့နံ့ မားထစ် တရားသေသမား သူငယ်ချင်းတစ်ဦးမှာ မူလ ထမ်းရွက်လာသော ပိုက်ဆံလျှော်ကို အဝေးက ထမ်းရွက်လာရသည်။ စည်းနှောင်ပြီးလည်း ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် အသစ် အကောင်းကို တွေ့သော်လည်း မလဲမလှယ်ဘဲ ပိုက်ဆံလျှော်ဖြင့် အိမ်ပြန် ရောက်လာသဖြင့် မိဘသားမယား ဆွေမျိုးညာတကာများက စိတ်မချမ်း မသာဖြစ်ကြရသည်။ ဤကား ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ပါယာသိ မည်သော မင်းသားငယ်အား ရှင်ကုမာရကဿပ ပြောကြားခဲ့သောပုံ ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားတော်များ သည် ဘက်စုံလှသည်။ တရားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ မင်းရေး၊ စိုးရေး၊ စစ်ရေး စသည်ဖြင့် မည်သည့်အရေးမျှ မလွတ်ပေ။ ထို့ကြောင့် သမိုင်းတွင် အကျော်ကြားဆုံး ပုဂ္ဂိုလ်သုံးဦးတွင် အပါအဝင်ဖြစ်သော အိပ်ချ်ဂျီဝဲက **"ကျွန်ုပ်တို့ခေတ်တွင် အကောင်း ဆုံးသော အတွေးအခေါ်စိတ်ကူးများသည် ဗုဒ္ဓမြတ်စွာဘုရား တရားတော်အတွင်း ပါဝင်ညီညွတ်ပြီး ဖြစ်ပါသည်။"** ဟု ရေးသားပြောဆိုခဲ့ခြင်း ဖြစ်သည်။ အမှန်မှာ အရေးပေါင်းစုံပါဝင်သော ဗုဒ္ဓမြတ်ဘုရား၏ တရားတော်များသည် လိုက်နာ ကျင့်ကြံသူများအား သက်ဆိုင်ရာ အရေးအရာ၌ လက်တွေ့အကျိုးကို ပွားတိုးစေသည်သာ ဖြစ်သည်။ ဥပမာ ၃၈–ဖြာ မင်္ဂလာတရားတော်ကိုမျှ လိုက်နာကျင့်ကြံ သူသည် လူမှုရေး နယ်ပယ်၌ လူကောင်းသူကောင်း တစ်ယောက် မလွဲ ကေန် ဖြစ်လာနိုင်သော လက်တွေ့အကျိုးကို ရရှိနိုင်သကဲ့သို့ ဖြစ်သည်။

လောကစည်းစိမ် မည်မျှပင် ကြီးကျယ်ကြွယ်ဝသူ ဖြစ်စေကာမူ ငြိမ်းချမ်းသာယာမှုကို မရရှိနိုင်သည့်အပြင် တစ်ခါတစ်ရံ ယင်းစည်းစိမ် မီးအဟုန်၏ လောင်ကျွမ်းခြင်းကိုပင် ခံရတတ်သည်။ ဗုဒ္ဓမြတ်ဘုရား၏

မြတ်တရားသည် ကြားနာရသဖြင့် အစကောင်း၊ ကြားနာရပြီး ကျင့်ကြံအားထုတ်ရသဖြင့် အလယ်ကောင်း၊ ကျင့်ကြံရသဖြင့် ငြိမ်းအေးချမ်းသာမှုကိုရသဖြင့် အဆုံးကောင်းအောင် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ဖြစ်ခြင်း၊ လက်တွေ့အကျိုးရရှိနိုင်ခြင်း၊ အခါမလင့် အကျိုးပေးခြင်း၊ လာလော့ ရှုလော့ဟု ခေါ်ပြလောက်သောတရား ဖြစ်ခြင်း၊ အပါယ်တံခါးပိတ်၍ ကျင့်ကြံအပ်သောတရား ဖြစ်ခြင်း၊ ပြောသံကြားဖြင့် မှန်းဆသိရသော တရားမဟုတ်၊ ကိုယ်တိုင်ကျင့်ကြံခြင်းဖြင့် ရရှိနိုင်သော တရားဖြစ်ခြင်းဟူသော ဂုဏ်တော် ၆–ပါးနှင့် ပြည့်စုံသောကြောင့် ငြိမ်းအေးချမ်းသာကြောင်း ကောင်းစွာဟောတော်မူအပ်သော ဗုဒ္ဓဘာသာတရားများကို ကျင့်ကြံပွားများသူများသည် မုချမလွဲ လက်တွေ့ အကျိုးတရားကို ငြိမ်းအေးချမ်းသာစွာ ခံစားရမည်သာဖြစ်သည်။ အမှန်စင်စစ်အားဖြင့် ဗုဒ္ဓမြတ်ဘုရား၏ တရားတော်သည် ယနေ့ မျက်မှောက် သိပ္ပံပညာရှင်များ၏ နှလုံးသည်းဆိုင်ကို ချုပ်ကိုင်နိုင်သော တရားများပင် ဖြစ်သည်။ ထို့ကြောင့် ဒေါက်တာ ဆာဟာရီဆင်ဂိုးက ''သိပ္ပံပညာ၏ ချီတက်မှုသည် ဗုဒ္ဓဝါဒ၏ အောင်ပွဲရမှုပင် ဖြစ်သည်။ **သိပ္ပံပညာ၏ အသစ်ရှာဖွေတွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံး သက်သေပြချက်များသာ ဖြစ်သည်**''ဟု ရေးသား ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အချုပ်အားဖြင့် ဗုဒ္ဓဝါဒသည် လှေနံ ဓားထစ် တရားသေဝါဒ မဟုတ်။ ဝေဖန်ပိုင်းခြား၍ လက်ခံအပ်သော ဝိဘဇ္ဇဝါဒဖြစ်သည့်အတိုင်း လိုက်နာ ကျင့်ကြံပွားများခြင်းဖြင့် လက်တွေ့အကျိုးမဖြစ်ထွန်းက ပစ်ပယ်နိုင်သော ဝါဒဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် တရားသေဝါဒီများ မဖြစ်ရေးအတွက် အင်္ဂုတ္တရ၊ တိကနိပါတ် ကေသမုတ္တိသုတ်လာ ကာလာမ အမျိုးသားများအား မြတ်စွာဘုရား ဟောကြားတော်မူချက်ကို အလေးအနက် လိုက်နာ ကျင့်သုံးသင့်သည်။

မြတ်စွာဘုရားက ကာလာမ အမျိုးသားများအား တစ်ဆင့် စကား၊ မိဘစဉ်ဆက်စကား၊ ကျမ်းဂန်နှင့် ကိုက်ညီသောစကား၊ နည်းလမ်းကြံဆ၍ ကျေနပ်လက်ခံထားသော မိမိအယူအဆနှင့် ကိုက်ညီသောစကား၊ နာယူထိုက်သော ပုဂ္ဂိုလ်စကား၊ ဆရာသမား ရသေ့ရဟန်းစကား ဆိုပြီး အတည်မယူသင့်ကြောင်း တရားသေ မစွဲကိုင်သင့်ကြောင်း၊ အကုသိုလ် အပြစ်ရှိ၊ ပညာရှိတို့ ကဲ့ရဲ့ဖွယ်၊ ယင်းကို ခံယူကျင့်သုံးခြင်းဖြင့် အကျိုးစီးပွားမဖြစ်၊ ဆင်းရဲသာ ဖြစ်သည်ဟု ကိုယ်တိုင်သိရလျှင် ယင်း အယူတရားကို ပယ်စွန့်ရမည် ဖြစ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် ဟောကြားတော်မူခဲ့သည်။ အလားတူ မဇ္ဈိမနိကာယ် မူလ ပဏ္ဏာသ အလဂဒ္ဒူပမသုတ်၌လည်း မိမိဘဝ တိုးတက်မြင့်မားရေးအတွက် အရာ ရာ၌ စွန့်လွှတ်စွန့်စားဝံ့ရန် ဖောင်ဥပမာဖြင့် ဟောကြားတော်မူခဲ့သည်။ ဖောင်ကို တိုးတက်မြင့်မားရန် ရှိသော ဟိုမှာဘက်ကမ်းသို့ ရောက်ရှိ ရေးအတွက် အသုံးပြုရန်သာ ဖြစ်သည်။ မိမိဘဝ ငြိမ်းအေးသာယာ မှုအတွက် ဆောင်နှင်းပေးခဲ့သော ကျေးဇူးရှိသည်ဆိုပြီး ယင်းဖောင်ကို သွားလေရာ ရွက်ဆောင်သွားရန် မလို၊ စွန့်ပစ်ခဲ့ရမည်ဟု ဟောတော် မူခဲ့သည်။

မြတ်စွာဗုဒ္ဓသည် ပရိဗိုဇ်တစ်ဦးအား မိမိ၏ အယူဝါဒသည် ဝိဘဇ္ဇ (ဝေဖန်ပိုင်းခြားလက်ခံရသော) ဝါဒဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည့် အတိုင်း မိမိ၏ တရားတော်ကိုပင် တရားသေဆုပ်ကိုင်ရန် မဟုတ်ကြောင်း ကျင့်သုံး၍ အကျိုးရှိမှ လက်ခံရန်ဖြစ်ကြောင်း မိန့်ကြားတော်မူခြင်းဖြစ် သည်။ ဤမိန့်ကြားချက်ကို ကြည့်ခြင်းဖြင့် မြတ်စွာဗုဒ္ဓသည် မည်မျှ ကြီးမြင့်မွန်မြတ်သော သဘောထား ရှိတော်မူသည်ကို သိရှိနိုင်သည့် အပြင် လက်တွေ့ကျင့်ကြံ ပွားများမှုဖြင့် အကျိုး ရရှိနိုင်မှုကိုသာ အလိုရှိ တော်မူကြောင်း ဖော်ပြလျက်ရှိသည်။ ထို့ကြောင့် **ဖောက်စ်ဘော** က **"ဗုဒ္ဓမြတ်စွာဘုရား အကြောင်းကို သိလေလေ၊ ဗုဒ္ဓမြတ်စွာ ဘုရားကို ပို၍ ကြည်ညို လေလေဖြစ်သည်"** ဟုရေးသား ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ယင်းပြောကြားချက် စကားကို တွေ့ရှိရသော သိဟိုဠ်မှ ဆရာတော် ဦးနာရဒက ''ဖောက်စ်ဘောက အထက်ပါ အတိုင်းပြောလျှင် ဗုဒ္ဓမြတ်စွာ၏ နောက်လိုက်ဖြစ်သော ဗုဒ္ဓဘာသာဝင်များက ဗုဒ္ဓမြတ်စွာဘုရားအကြောင်းကို သိလေလေ၊ ဗုဒ္ဓမြတ်စွာဘုရားကို ပို၍ ကြည်ညိုလေလေ၊ ဗုဒ္ဓမြတ်စွာဘုရားကို ပို၍ ကြည်ညိုလေလေ ဗုဒ္ဓမြတ်စွာဘုရား အကြောင်းကို ပို၍ သိလေလေ'' ဟု ပြောကြပါမည်ဟု ရေးသားခဲ့ပါသည်။

ရှေးဘဝ နောက်ဘဝမရှိဟု အယူရှိသူများနှင့်
မိမိတို့ပြုသော ကောင်းမှု မကောင်းမှုကံ၏ အကျိုးတရားများကို
တစ်စုံတစ်ယောက်သော တန်ခိုးရှင်ကပေးသော ဆုလာဘ်နှင့် ပြစ်ဒဏ်ဖြစ်သည်ဟု
ခံယူချက်ရှိသည့်သူများ၌ ကိလေသာ အကုသိုလ်တရားများ တိုးပွားရန်
အကြောင်းများစွာ ရှိလာနိုင်သည်။

## အမိုက်ငါးသင်းအလင်းငါးထွေ

အမိုက်ကား အဝိဇ္ဇာဖြစ်ပြီး အလင်းကား ဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာဟူသည် အမှောင်ဓာတ် မောဟအရာဖြစ်ပြီး ဝိဇ္ဇာဟူသည် အလင်းဓာတ် ဉာဏ်ပညာအရာဖြစ်သည်။ ဉာဏ်ပညာဟူသည် အပြားအားဖြင့် သိတတ်မှုပင် ဖြစ်သည်။ အပြားအားဖြင့် ဟူသည့်မှာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ လည်းကောင်း၊ ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂသစ္စာဟူ၍ လည်းကောင်း၊ ကံ ကံ၏ အကျိုးဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် အမျိုးမျိုးအစားစား အများအပြားသိသော အရာကို ဆိုလိုသည်။

ဤ၌ ပညာစစ် ပညာတုကို သိရှိရန် လိုအပ်သည်။ ပညာစစ်ကား ကုသိုလ်တရား ဖြစ်သောကြောင့် အပြစ်မရှိသောအရာ၌ လိမ္မာကျွမ်းကျင်မှုကိုသာ ယူရသည်။ လိမ္မာပါးနပ်သူတို့ သန္တာန်၌ လှည့်စားဉာဏ်ပညာ အလိမ်ဉာဏ်ပညာများ ရှိတတ်ကြရာ ယင်းဉာဏ်ပညာမျိုးကို ပညာဟု မခေါ်နိုင်ဘဲ တဏှာလောဘ ပြဋ္ဌာန်းသော မာယာဟူ၍သာ

ခေါ်နိုင်သည်။ ယခုခေတ်၌ လက်နက်ခေတ်ငွေ့နှင့် ကာကွယ်ရေး ကိရိယာများကို အရေးတကြီး ကြံစည်ပြုလုပ်လျက် ရှိကြသည်။ ထိုအားလုံးကို ကြံစည်ပြုလုပ်ကြရာ၌ ထက်မြက်စွာ ကြံစည်တတ်သော အကုသလစိတ်သာ ဖြစ်သည်။ သို့ရာတွင် မိမိတိုင်းသူပြည်သားများ အပေါ် သနားကြင်နာ မေတ္တာကရုဏာ စိတ်ထားလျက် ကာကွယ်ရေး ကိရိယာများကို ကြံစည်ခိုက်၌ ကုသိုလ်လည်းဖြစ် ပညာလည်း ဖြစ်ခွင့်ရှိသည်။

အဝိဇ္ဇာခေါ် မောဟကား အာရုံ၌ တွေဝေတတ်မှုကိုပင် ခေါ်ခြင်း ဖြစ်သည်။ တွေဝေမှုဟူသည်လည်း ဝိစိကိစ္ဆာသဘောကဲ့သို့ အာရုံကို မဆုံးဖြတ်နိုင်ဘဲ ဝေတေတေဖြစ်နေခြင်းမျိုး မဟုတ်ဘဲ အာရုံ၏ အမှန်သဘောကို မသိမှုမျိုးဖြစ်သည်။ ဤအဝိဇ္ဇာ–ဝိဇ္ဇာတို့၏ သဘော သဘာဝတရားများကို အကြောင်းပြု၍ အမိုက်ငါးသင်း အလင်း ငါးထွေ ဟူသော စကားရပ် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ အဝိဇ္ဇာ အမိုက်ကြီးငါးပါးနှင့် ဝိဇ္ဇာ အလင်းကြီးငါးပါးဟု ဆိုလိုသည်။

အဝိဇ္ဇာ အမိုက်ကြီးငါးပါးနှင့် ဝိဇ္ဇာ အလင်းကြီးငါးပါးကား အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

၁။ ကမ္မသမ္မောဟ အမိုက်ကြီး (ကံ ကံ၏ အကျိုးကို မသိခြင်း) မိမိပြုသော ကိုယ်မှုနှုတ်မှု စိတ်မှုတို့တွင် မည်သည့် အမှုသည် ကုသိုလ် ဖြစ်သည်။ အကုသိုလ်ဖြစ်သည်ကို မသိသည့်အပြင် သတ္တဝါတို့ သေကြ ရာ၌ ဘဝဆုံးကြသည်မဟုတ်၊ ကံ ပစ်ချရာ ကံ စီမံရာ ဘဝတစ်ပါး၌ ဖြစ်ကြရမည်ကို မသိခြင်းမျိုးဖြစ်သည်။ ယင်းတို့ကိုသိလျှင် ကမ္မသကတာ ဉာဏ်အလင်းကြီး ဖြစ်လာသည်။

၂။ ဓမ္မသမ္မောဟ အမိုက်ကြီး (ဓမ္မကို ဓမ္မဟူ၍ မသိခြင်း) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တမဟုတ် ဇီဝမဟုတ်ကုန်။ ရုပ်နာမ် ဓမ္မတို့သာ ဖြစ်ကုန်၏။ ထိုသို့ ဓမ္မအစစ် ဖြစ်သည်ကို မသိခြင်းမျိုးဖြစ်သည်။ ယင်းတို့ကိုသိလျှင်

**ဓမ္မဝဝတ္ထာန ဉာဏ်အလင်းကြီး** ဖြစ်လာသည်။

၃။ **ပစ္စယသမ္မောဟ အမိုက်ကြီး** (အကြောင်းတရားကို မသိခြင်း) ရုပ်နာမ်တို့ ဖြစ်ပွားရန် အကြောင်းတရား၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါအကြောင်း တရားတို့ကို မသိခြင်းမျိုးဖြစ်သည်။ ဤသို့ မသိ သောကြောင့် ကာရကဒိဋ္ဌိ ကြီး (ဖန်ဆင်းခြင်း အယူမှား) ဖြစ်လာရသည်။ တစ်ဖန် ဤအမိုက်ကြီး ကပင် အဟေတုကဒိဋ္ဌိ (ရုပ်နာမ်တရားတို့သည် ကံအကြောင်းအကျိုး ကင်းလျက် မိမိတို့ အလိုအလျောက်သာ ဖြစ်ကုန်၏ ဟူသော အယူမှား) ဝိသမဟေတု ဒိဋ္ဌိ (ရုပ်နာမ်တို့သည် အလို အလျောက် ဖြစ်ပေါ်သည်မဟုတ်၊ အကြောင်းကြောင့်ဖြစ်ပေါ်သည်။ ယင်းအကြောင်းကား ထာဝရဘုရား ဖန်ဆင်းမှုပင် ဖြစ်သည်ဟူသော အယူမှား) ပုဗ္ဗေကတဟေတု ဒိဋ္ဌိ (ရုပ်နာမ်တို့သည် အကြောင်းကင်း၍ ဖြစ်သည်လည်းမဟုတ် ထာဝရဘုရားရှင် ဖန်ဆင်း၍ ဖြစ်သည်လည်း မဟုတ် ရှေးရှေးဘဝတို့၌ ပြုခဲ့သော ကုသိုလ် အကုသိုလ် တို့ကြောင့်သာ ဖြစ်လာရသည်ဟု ရှေးကံဟောင်း တစ်ခုတည်းသာ ယူသော အယူမှား) များလည်း ဆင့်ပွားဖြစ်ပေါ်လာရသည်။ ယင်းတို့ကို သိလျှင် **ပစ္စယဝဝတ္ထာန ဉာဏ်အလင်းကြီး** ဖြစ်လာသည်။

၄။ **လက္ခဏာသမ္မောဟ အမိုက်ကြီး** (ရုပ်နာမ်တို့၏ လျင်မြန်သော အနိစ္စ ဒုက္ခအချက်၊ ပုဂ္ဂိုလ်သတ္တဝါတို့၏ အမာခံ အထည်ခံ အနှစ်သား မဟုတ်၊ အသက်ဇီဝ မဟုတ်သော အနတ္တအချက်တို့ကို မသိခြင်းမျိုး ဖြစ်သည်) သိလျှင် **လက္ခဏာပဋိဝေဓဉာဏ်အလင်းကြီး** ဖြစ်လာသည်။

၅။ နိဗ္ဗာနသမ္မောဟအမိုက်ကြီး (သတ္တဝါတို့သည် သံသရာဝဋ် ဒုက္ခ၌ ကျင်လည်နေကြရာ မည်သည့်တရားမျိုးကိုကျင့်က ကိလေသာ အမိုက်အမဲ၊ သံယောဇဉ် အမိုက်အမဲ၊ တဏှာအရှုပ်အထွေး ဒုက္ခဘေး အနန္တတို့၏ အကြွင်းအကျန်မရှိ၊ ချုပ်ငြိမ်းခြင်းဟူသော သန္တိစခန်းကြီး တစ်ခုရှိ၏ဟု မသိခြင်းမျိုးဖြစ်သည်) သိလျှင် **နိဗ္ဗာနပဋိဝေဓ**

ဉာဏ်အလင်းကြီး ဖြစ်လာသည်။

အထက်ဖော်ပြပါ အဝိဇ္ဇာခေတ် ဝိဇ္ဇာခေတ် နှစ်ရပ်အနက် အဝိဇ္ဇာခေတ်သည် သတ္တဝါတို့ကို အားကြီးစွာ ရစ်ပတ်လွှမ်းခြုံထား လျက်ရှိသည်။ အဝိဇ္ဇာ တိမ်သလာဖုံးလွှမ်းခံနေကြရသဖြင့် သိသင့် သိထိုက်သော တရားဌာနတို့ကို မသိဘဲရှိနေကြသည်။ သိသော်လည်း အလွဲအမှားသာ သိနေကြသည်။ မျက်စိ၌ တိမ်သလာဖုံးခံနေရသူသည် မြင်သင့် မြင်ထိုက်သည်များကို ယင်း တိမ်သလာကြောင့် မမြင်ရသကဲ့သို့ ပင်ဖြစ်သည်။ ဤအဝိဇ္ဇာခေါ် မောဟသည် မည်မျှအထိ အားကြီးသည်ဟု ဆိုလျှင် မိမိတစ်ဦးတည်း သတ္တဝါတို့၏ အသိအမြင်ကို ဖုံးလွှမ်းသကဲ့သို့ လောဘ ဒေါသတို့နှင့် တွဲဖက်၍လည်း ဖုံးလွှမ်းပြန်သည်။

သတ္တဝါတို့သည် အဝိဇ္ဇာ ပိတ်ကာဆို့ထားမှုကြောင့် မသိမမြင် နိုင်သော အရာဌာန ရှစ်ဌာနရှိသည်။ ၎င်းတို့မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်သည်။

၁။ ဒုက္ခသစ္စာကို မသိခြင်း= ကာမ၊ ရူပ၊ အရူပ ဘုံသုံးပါး၌ ရှိရှိသမျှ ရုပ်နာမ် ခန္ဓာများသည် ဒုက္ခချည်းဖြစ်သည်။ သို့ရာတွင် သတ္တဝါတို့၏ သန္တာန်၌ အဝိဇ္ဇာ ပိတ်ဆို့ကာရံထားမှုကြောင့် ဒုက္ခဟု မထင်မမြင်မှုမျိုး။

၂။ **သမုဒယသစ္စာကို မသိခြင်း=** တဏှာလောဘကို ဒုက္ခ ဖြစ်ကြောင်းအဖြစ် မသိမမြင်ခြင်းမျိုး။

၃။ နိရောဓသစ္စာကို မသိခြင်း= နိဗ္ဗာန်ကို ဒုက္ခ၏ချုပ်ငြိမ်းရာ အဖြစ် မသိမမြင်ခြင်းမျိုး။

၄။ မဂ္ဂသစ္စာကိုမသိခြင်း= မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်ရောက် ကြောင်း လမ်းကောင်းများ ဖြစ်သည်ဟု မသိမမြင်ခြင်းမျိုး။

၅။ ပုဗ္ဗန္တကို မသိခြင်း= ရှေးအတိတ်ဘဝ၌ ဖြစ်သည်ကို မယုံကြည်၊ ယခုဘဝ ထာဝရဘုရားစသည်တို့ ဖန်ဆင်း၍ဖြစ်သည်ဟု မှတ်ထင်ပြီး နောက်နောင်ဘဝ ဖြစ်ရဦးမည်ကိုသာ ယုံကြည်မှုမျိုး။

၆။ **အပရန္တကို မသိခြင်း**= ရှေးဘဝ၌ ဖြစ်ခဲ့သည်ကို ယုံကြည်၏။ ရဟန္တာမဖြစ်သေးသမျှ နောက်နောင် ဘဝများ၌လည်း ဖြစ်ရဦး မည်ကို မယုံကြည်၊ သေလျှင်ဘဝပြတ်၏ဟု ဥစ္ဆေဒဒိဋ္ဌိဘက်သို့ သက်ဝင်လျက် ရှိခြင်းမျိုး။

၇။ **ပုဗ္ဗန္တအပရန္တကို မသိခြင်း**= ရှေးဘဝကိုရော နောက်ဘဝကိုပါ မယုံကြည်ခြင်းမျိုး။

၈။ **ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်း**= အကြောင်းကြောင့် အကျိုးဖြစ်ရသည်ကို မသိမှုမျိုး။

အဝိဇ္ဇာသည် အဆင့်ဆင့်ထောက်ဆ၍ အထူအပါး ကွဲပြားလျက် ရှိပြန်သည်။ ကုသိုလ် အကုသိုလ်မှန်း မသိလောက်အောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာသည် အလွန်ထူပိန်းသော အဝိဇ္ဇာဖြစ်သည်။ ကုသိုလ် အကုသိုလ်မှန်းသိ၍ အကုသိုလ်ပေါ်လာလျှင် မတော်ပါတကားဟု ရှောင်ရှားတတ်၊ ကုသိုလ်ဟူသမျှကို ပြုတတ်လျှင် အဝိဇ္ဇာ အလွန်ပါးလှပ်လေပြီ၊ သို့သော် အဝိဇ္ဇာကင်းရန်အရေး အလွန်ဝေးလှပါသေးသည်။ သောတာပန် သကဒါဂါမ် အနာဂါမ် အဖြစ်သို့ရောက်၍ သစ္စာလေးပါးစသည်တို့ကို ထွင်းဖောက်သိမြင်သော်လည်း အဝိဇ္ဇာမှာ ပါးသည်ထက်ပါးရုံသာရှိသေးသည်။ ရဟန္တာအဖြစ်ကျမှ အဝိဇ္ဇာအားလုံးကင်းသည်။ ဤ၌ သစ္စာလေးပါးကို သရုပ်ခွဲတတ်မှုများကား ဉာဏ်သိမဟုတ်၊ သညာသိ (အမှတ်သိ)သာ ဖြစ်သည်။ ဉာဏ်ဖြင့် ဒုက္ခသဘော သမုဒယသဘော စသည်ကို သိမှသာ အသိ(ပညာသိ) ဟု ခေါ်နိုင်သည်။

အထူးမှာ အဝိဇ္ဇာကင်းကွာ ရဟန္တာဖြစ်သော်လည်း လောကီလောကုတ္တရာ အရာအားလုံးကို ကုန်စင်အောင်သိပြီဟု မမှတ်အပ်၊ သိသင့် သိထိုက်သော သစ္စာ ၄-ပါးစသည်ကို သိခြင်းသာလျှင် လိုရင်းဖြစ်သည်။ ရဟန္တာဖြစ်သော်လည်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာ မဟုတ်လျှင် ပိဋကတ်ကို တမင်တကာ သင်ယူမှတတ်သည်။ ပိဋကတ်ကို တတ်သော်လည်း သူတစ်ပါး၏အလို အဇ္ဈာသယဆန္ဒကို ကျနစွာမသိနိုင်၊

အသာဓာရဏဉာဏ်ရှင် ဘုရားရှင်သာ သိတော်မူနိုင်သည်။ ထိုကဲ့သို့ လောကီ လောကုတ္တရာ အရာအားလုံးကို ကုန်စင်အောင် မသိခြင်းမှာ အဝိဇ္ဇာ ဖုံးကွယ်မှုကြောင့်မဟုတ်၊ မိမိဉာဏ်သတ္တိ အားနည်းမှုကြောင့်သာ ဖြစ်သည်။ ဥပမာအားဖြင့် နေ့ခင်းကြောင်တောင်၌ အဝေးရှိ ရုပ်ပါရုံကို မမြင်ခြင်းသည် အမှောင်ပိတ်ဖုံးမှုကြောင့်မဟုတ်၊ မိမိ မျက်စိဖြင့် မြင်နိုင်စွမ်းသတ္တိ အားနည်းမှုကြောင့်သာ ဖြစ်သကဲ့သို့ပင်တည်း။

အချုပ်အားဖြင့် သတ္တဝါတို့သည် အဝိဇ္ဇာအမှောင်ဓာတ် ဖုံးလွှမ်းအပ်သောကြောင့် ရှေးဘဝ နောက်ဘဝရှိသည်ကို မသိခြင်းဖြစ်သည်။ ရှေးဘဝ နောက်ဘဝမရှိဟု အယူရှိသူများနှင့် မိမိတို့ပြုသော ကောင်းမှု မကောင်းမှုကံ၏ အကျိုးတရားများကို တစ်စုံတစ်ယောက်သော တန်ခိုးရှင်ကပေးသော ဆုလာဘ်နှင့် ပြစ်ဒဏ်ဖြစ်သည်ဟု ခံယူချက်ရှိသည့်သူများ၌ ကိလေသာ အကုသိုလ်တရားများ တိုးပွားရန် အကြောင်းများစွာ ရှိလာနိုင်သည်။

ထို့ကြောင့် မိမိပြုလုပ်သော ကောင်းမှုကံ မကောင်းမှုကံ၏ ကောင်းကျိုးဆိုးပြစ်များကို ပစ္စက္ခနှင့် ဘဝအဆက်ဆက်၌ မိမိသာလျှင် စံစား ခံစားရသည်ဟူသော အယူကို ဖြောင့်မှန်စွာယူပြီး ပစ္စက္ခဘဝနှင့် တမလွန်ဘဝ အဆက်ဆက်၌ ကောင်းကျိုးချမ်းသာ ရရှိရေးကို မျှော်တွေးထောက်ရှုလျက် ကောင်းမှုများကိုသာ ဆောင်ရွက်သွားနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

လူမိုက်များကို
မည်မျှပင် ကောင်းအောင်ပြုလုပ် ဆောင်ရွက်ပေးစေကာမူ
ရေမပြည့်အိုး အောင်ဘင်ခတ် ဆိုသကဲ့သို့
အုတ်အုတ်ကျက်ကျက် ပြုတတ်သည်ဟု
လောကနီတိ၌ ညွှန်ပြထားသည်။

# လောကမှာ လူမိုက်များပါသည်

လောကမှာ လူမိုက်များပါသည်ဟူသော စကားသည် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က အိန္ဒိယတွင် ပေါ်ပေါက်ခဲ့သော စကားဖြစ်သည်။

ထိုခေတ်အခါက အိန္ဒိယတွင် အယူဝါဒတီထွင်သူ (တိတ္ထိယ) အများအပြား ပေါ်ထွန်းလျက်ရှိရာ ဘုရားအဖြစ် ဝန်ခံလျက်ရှိသော တိတ္ထိဆရာကြီး (၆) ဦးတွင် သိဉ္စည်းဆရာကြီးသည် တပည့်ငါးရာအား အမရာဝိက္ခေပ (ငါးရှဉ့်) အယူဝါဒကို သင်ကြားပေးလျက်ရှိရာတွင် ဥပတိဿနှင့် ကောလိတတို့ သူငယ်ချင်းနှစ်ဦးမှာ ဆရာကြီး၏ အယူဝါဒကို နှစ်သက်မှုမရှိသဖြင့် တရားထူးတွေ့က တစ်ဦးကိုတစ်ဦး ပြောကြစတမ်းဟု ကတိကဝတ် ထားကြပြီး လှည့်လည်နေခဲ့ကြသည်။ တစ်နေ့တွင် ကောလိတသည် ဆွမ်းခံကြွလျက်ရှိသော ရှင်အဿဇိနှင့် တွေ့သဖြင့် မြတ်စွာဗုဒ္ဓ မည်သို့သော အယူဝါဒရှိသည်ကို မေးမြန်း

စုံစမ်းခဲ့သည်။ ရှင်အဿဇိ ဟောကြားသော ယေဓမ္မာ ဟေတုပ္ပဘာဝါ တေသံ ဟေတုံ တထာဂတော အစရှိသော ဂါထာတစ်ပုဒ်ကို ကြားနာရသောအခါ မြတ်စွာဘုရားသည် အကြောင်းအကျိုးဆက်ဝါဒ ရှိကြောင်း သိရသဖြင့် မြတ်စွာဗုဒ္ဓ၏ အယူဝါဒကို နှစ်သက်သဘောကျခဲ့သည်။

ထို့ကြောင့် ကောလိတ (ရှင်မဟာမောဂ္ဂလာန်လောင်းလျာ) သည် သူငယ်ချင်းဖြစ်သော ဥပတိဿ (ရှင်သာရိပုတ္တရာလောင်းလျာ) အား မိမိကြားနာခဲ့ရသော တရားတော်ကို တစ်ဆင့်ပြောကြားပြီး မြတ်စွာဘုရားထံသွား၍ ရဟန်းအဖြစ်ကို ခံယူရန် သဘောတူခဲ့ကြသည်။ မိမိတို့၏ ဆရာသိဥ္စည်းကိုလည်း မြတ်စွာဘုရားထံကြွရန် အပါခေါ်ကြသည်။ သို့ရာတွင် သိဥ္စည်းဆရာကြီးက လောကတွင် လူမိုက်နှင့် လူလိမ္မာ ပညာရှိ မည်သည်က များပါသနည်းဟု မေးမြန်းလာသဖြင့် တပည့်နှစ်ဦးက လူမိုက်များပါကြောင်း ပြန်လည်ဖြေကြားခဲ့ရသည်။ ထိုအခါ သိဥ္စည်းဆရာကြီးက လူလိမ္မာပညာရှိများ ဂေါတမထံ သွားကြပါလိမ့်မည်။ လူမိုက်များ မိမိထံ လာကြပါလိမ့်မည်ဟု ပြောဆိုလျက် မလိုက်ဘဲနေခဲ့သည်။ ထို့ကြောင့် လောကတွင် လူမိုက်များပါသည်ဟူသော စကားသည် ထိုအခါကပင် ထိုနေရာ၌ ပေါ်ပေါက်ခဲ့သည်ဟု ဆိုရခြင်းဖြစ်သည်။

လူမိုက်ဟူသည် အကုသိုလ်ကမ္မပထတရားများ ပွားများနေသူ၊ အသိဉာဏ်ခေါင်းပါးသူ၊ မကောင်းသော ကာယကံ ဝစီကံ မနောကံရှိသူ၊ မိမိအပြစ်ကို မမြင်၊ မြင်သော်လည်း မကုစားသည့်အပြင် အပြစ်ဟူ၍ မထင်သူ ဝန်မခံသူ စသော လူများကို ဆိုလိုကြောင်း မင်္ဂလသုတ်အဖွင့်၌ ဖော်ပြထားသည်၊ အကုသိုလ် ကမ္မပထတရား ဟူသော စကား၌ အကုသိုလ် ဟူသည် အပြစ်နှင့်တကွဖြစ်ပြီး မကောင်းဆိုးကျိုး ဆင်းရဲမျိုးကို ပေးတတ်သော အမှုအလုပ်များကို ဆိုလိုသည်။ သတ္တဝါ တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေနိုင်သော လောကဓမ္မ နှစ်ဌာနစလုံး၌ မကောင်းဟု သတ်မှတ်ထားသော ကိုယ်နှုတ်အမှုအရာ အားလုံးပင်ဖြစ်သည်။ ဗုဒ္ဓဘာသာ

အယူဝါဒတွင် ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါး၊ မနောဒုစရိုက် ၃-ပါးဟူသော ဒုစရိုက် ၁၀-ပါးကို အကုသိုလ်ကမ္မပထ တရားဟု သတ်မှတ်ထားသည်။ အကုသိုလ်ကံမြောက်သဖြင့် ဆိုးကျိုးကိုပေးသော တရားများဖြစ်သည်။ ဤသို့ ဆိုးကျိုးပေးတရားဖြစ်လျက် မြိန်မြိန်ယှက်ယှက် ပြုကျင့်နေသူသည် ထိုသူလောက် မိုက်သူမရှိနိုင်ပြီ၊ ထို့ကြောင့် အကုသိုလ် ကမ္မပထတရား ပွားများနေသူကို လူမိုက်ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။

အသိဉာဏ်ခေါင်းပါးသူဟူသည် ကလေးများကို ပါဠိတော်၌ ဗာလဟုခေါ်ဆိုထားသဖြင့် ကလေးအသိမျှ ရှိသူကိုဆိုလိုသည်။ ကလေးသည် ရွှေတုံးရွှေခဲကို ကောက်ရပါသော်လည်း ရွှေဖြစ်မှန်းမသိ၊ ဝါသော အတုံးအခဲမျှလောက်သာ သိနိုင်သည်။ သညာသိမျိုးခေါ်သည်။ မိဘများကား ထိုအတုံးအခဲကို ရွှေဖြစ်မှန်းသိသည်၊ သို့ရာတွင် ရွှေရည်နှင့်အလေးချိန် မည်မျှရှိသည်ကို မသိနိုင်၊ ဝိညာဉ်သိမျိုးခေါ်သည်။ ရွှေပန်းထိမ်သည်မူကား ယင်းအတုံးအခဲကို ရွှေဖြစ်ကြောင်း သိသည့်အပြင် ရွှေရည်နှင့်အလေးချိန် မည်မျှရှိသည်ကိုလည်း သိရှိနိုင်သည်၊ ပညာသိမျိုးခေါ်သည်။ ခေတ်သစ် စိတ်ပညာအရ ချစ်၊ မုန်း၊ ကြောက်ရွံ့၊ ထိတ်လန့်၊ မနာလို၊ သဝန်တို၊ စားလို၊ အိပ်လို စသော ဇာတိစိတ်များသည် လူ၊ တိရစ္ဆာန်တို့၌ရှိခြင်း တူညီသည်ဟု ဆိုသည်။ အမှန်စင်စစ်အားဖြင့် ဇာတိစိတ်များသည် ရိုင်းပျသော သဘောရှိသည်။ တိရစ္ဆာန်များတွင် ဇာတိစိတ်သိမျှသာ ရှိသောကြောင့် ရိုင်းပျနေကြသည်။ လူများကားရှိရင်း ဇာတိစိတ်သိများကို ပတ်ဝန်းကျင် လူ့ကျင့်ဝတ် စသော အသိတရားများက လွှမ်းမိုး ချုပ်ကိုင်ထားသောကြောင့် ယဉ်ကျေးလာရခြင်းဖြစ်သည်။ လူသည် အသိဉာဏ်ရှိသောကြောင့် တိရစ္ဆာန်ထက် သာလွန်သွားရသည် ဟူသော နီတိဆရာများ၏ အဆိုသည် ယင်းသို့ သဘောရှိသော အသိဉာဏ်ရှင်များကို ဆိုလိုခြင်းဖြစ်သည်။

ဤသို့ ယဉ်ကျေးသော အသိစိတ်မျိုးကို မွေးမြူ ရရှိနိုင်ရန်မှာ

လည်း ပတ်ဝန်းကျင် အတွေ့အကြုံ လေ့လာဆည်းပူး ပွားများကျင့်ကြံမှု များ လိုအပ်သည်။ ပတ်ဝန်းကျင် အတွေ့အကြုံ ဗဟုသုတ ကျမ်းဂန် စာပေဗဟုသုတများမှ ရရှိသော သုတမယဉာဏ်သိ၊ ယင်းဉာဏ်ကို အခြေခံ၍ အတွေးအခေါ် အကြံအစည် စိတ်ကူးစိတ်သန်းများမှ ရရှိ သော စိန္တာမယ ဉာဏ်သိနှင့် ပွားများအားထုတ်မှုဖြင့် ရရှိသော ဘာဝနာမယ ဉာဏ်သိများရရှိပါမှ ယဉ်ကျေးသော အသိစိတ်မျိုးကို မွေးမြူရရှိ နိုင်မည်ဟု ဆိုလိုသည်။ သို့မဟုတ်လျှင် ဇာတိစိတ် သိမှုဖြင့် ဘဝနိဂုံး ချုပ်ဆုံးသွားနိုင်သည့်အပြင် ဗာလစာရင်းဝင် ကလေးအသိမှု ရှိသောကြောင့် ပင်ကိုယ်အသိဉာဏ် ကင်းမဲ့၍ အရည်အချင်း ညံ့ဖျင်းသူ လူမိုက်အဖြစ်သို့ ရောက်ရှိသွားနိုင်သည်။ အချုပ်အားဖြင့် ဇာတိစိတ် သိမှုသာ ရှိသောကြောင့် လူဖြစ်လျက် ဉာဏ်မျက်စိကန်း၍ ရုပ်မှန်နန်း နာမ်မှန်း မသိသူသည် လူမိုက်ပင်ဖြစ်သည်။

မကောင်းသော ကာယကံ ဝစီကံ မနောကံ ရှိသူများကား ပင်ကိုစိတ်ရင်း မကောင်းသူများကို ဆိုလိုသည်။ လောဘ၊ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ စသော အကုသိုလ်တရားဆိုးများ လွှမ်းမိုးထားသော စိတ်ရှိသူသည် မကောင်းသော ကာယကံ၊ ဝစီကံ၊ မနောကံ ရှိသူများပင် ဖြစ်သည်။ ဗြဟ္မစိုရ်တရား လွှမ်းခြုံထားသော စိတ်ရှိသူများနှင့် ဖြောင့်ဖြောင့်တန်းတန်း ဆန့်ကျင်နေသူများဖြစ်သည်။ ဤသို့ စိတ်ရှိသော လူမိုက်များကို မည်မျှပင် ကောင်းအောင်ပြုလုပ် ဆောင်ရွက်ပေးစေကာမူ ရေမပြည့်အိုး ဘောင်ဘင်ခတ် ဆိုသကဲ့သို့ အတ်ဒုဝင်ကျက်ကျက် ပြုတတ်သည်ဟု လောကနီတိ၌ ညွှန်ပြထားသည်။ မိမိအပြစ်ကို မမြင်၊ မြင်သော်လည်း မကုစားသည့်အပြင် အပြစ်ဟူ၍ပင် မမှတ်ထင် ဝန်မခံသူမျိုးကား လောကနီတိအရ လူမိုက်အစစ်ကြီးပင် ဖြစ်ပေသည်။ အစရှိသောဟူသော စကားအရ လောကနီတိ ဓမ္မနီတိ ဒဏ္ဍနီတိ စာဏကျနီတိ မဟာရဟနီတိ သူရဿတိနီတိ ဟိတောပဒေသ ရာဇဝံသစသော နီတိကျမ်းများလာ လူမိုက်ဖြစ်ကြောင်း ဖော်ပြချက်များကို

သိမ်းသွင်းယူရမည်။

အထူးမှာ လောကနီတိတွင် ဗာလဒုဇ္ဇနဟု လူမိုက်နှင့် လူယုတ်ကို တစ်ပုဒ်တည်းပြုထားသည်ကို ထောက်ဆ၍ လူမိုက်သည်ပင် လူယုတ်ဖြစ်သည်ဟု သိအပ်သည်၊ လူတစ်ဦးတစ်ယောက် လူမိုက်၊ လူယုတ်နှင့် လူလိမ္မာပညာရှိဖြစ်ရခြင်းမှာ အထက်၌ ဖော်ပြထားသကဲ့သို့ ပင်ကိုဗီဇ၊ စိတ်ထားနှင့် ပတ်ဝန်းကျင်အနေအထားအရ ဖြစ်ရခြင်းဖြစ်သည်။ မယဉ်ကျေးသော ဗီဇဓာတိစိတ်များကို ယဉ်ကျေးအောင် ပြုပြင်ပေးတတ်သော ပတ်ဝန်းကျင်အရာများတွင် အယူဝါဒရေးရာ တရားသည် အဓိကပဓာန အချုပ်ပင်ဖြစ်သည်။ လူသားသည် မိမိတို့ စွဲယူထားသော အယူဝါဒအရ ဘဝဓာတ်ခံပေါ်တွင် အများအားဖြင့် လှုပ်ရှားနေကြသည်။ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓအယူဝါဒကို အခြေပြု၍ လှုပ်ရှားနေကြသည်။ ဗုဒ္ဓဘာသာအယူဝါဒ အချုပ်ကား မကောင်းမှု ဟူသမျှရှောင်၊ ကောင်းမှုဟူသမျှဆောင်၍ ဖြူအောင်စိတ်ကို ထားရန် ဖြစ်သည်။ ဤဗုဒ္ဓအယူဝါဒအချုပ်သည် လူသား၏ ဗီဇ၊ ဓာတိ စိတ်ဆင်ရိုင်းကို ယဉ်ကျေးလာအောင် အထိရောက်ဆုံး ပဲ့ကိုင်ပေးနိုင် သည့်အပြင် လူသားဘဝကို အမြင့်မြတ်ဆုံးအဆင့်သို့ ရောက်အောင် လည်းပို့ဆောင်ပေးနိုင်သော အယူဝါဒအနှစ်ချုပ်ဖြစ်ကြောင်း ထင်ရှားသည်။

အိန္ဒိယတွင် မြတ်စွာဗုဒ္ဓ မပွင့်ထွန်းမီကပင် အယူဝါဒရေးရာ ရှုပ်ထွေးပွေလီ လိမ်လျက်ရှိသည်။ မြတ်စွာဗုဒ္ဓ ပွင့်ထွန်းတော်မူလာသောအခါ ရှိရင်းအယူဝါဒအားလုံးကို မိစ္ဆာဒိဋ္ဌိ အယူများအဖြစ် ပယ်တော်မူခဲ့သည်။ မြတ်စွာဗုဒ္ဓ ပယ်တော်မူခဲ့သော မိစ္ဆာဒိဋ္ဌိပေါင်းမှာ ၆၂–ပါးအထိ ရှိခဲ့သည်။ သိဥ္စည်းဆရာကြီး၏ ငါးရှဉ့် အယူဝါဒလည်း ပါဝင်သည်။ အချုပ်အားဖြင့် သိဥ္စည်းဆရာကြီးက လူလိမ္မာပညာရှိများ ဂေါတမထံ သွားကြလိမ့်မည်၊ လူမိုက်များ မိမိထံလာကြလိမ့်မည်ဟု ပြောဆိုသောစကားမှာ ဗုဒ္ဓမြတ်ဘုရား ပယ်တော်မူခဲ့သော မိမိ၏ အယူဝါဒသည် လူသားများအား ယဉ်ကျေးအောင်၊ ပညာရှိအောင်

မြင့်မြတ်သောဘဝသို့ ရောက်အောင် မရွက်ဆောင်နိုင်ဟု ဝန်ခံလျက် ရှိကြောင်းထင်ရှားသည်။ မြတ်စွာဗုဒ္ဓ ပယ်တော်မူခဲ့သော အခြားအယူဝါဒ များလည်း အလားတူပင် ဖြစ်တော့သည်။ ထို့ကြောင့် ယနေ့လူသား များသည် လူမိုက်များပါသည်ဆိုသော လောကကြီးထဲတွင် ယဉ်ကျေး သော၊ ပညာရှိသော ဘဝမြင့်မြတ်သော လူတစ်ယောက် ထွန်းပေါက် ဖြစ်လာစေရေးအတွက် ဗုဒ္ဓဓမ္မကို လေးလေးနက်နက် လေ့လာသင်ကြား လိုက်နာကျင့်ကြံ ပွားများသွားရန်သာ လိုအပ်ပါကြောင်း ရေးသားလိုက် ရပါသည်။

''မေတ္တာတရားသာလျှင် လူ့လောကအတွက် ကိုးကွယ်ရာဖြစ်၏။
မေတ္တာတရားသာလျှင် လူသားတို့၏ ပုထုဇဉ်သဘာဝ၊ ပုထုဇဉ် စရိုက်တို့အတွက်
အသင့်မြတ်ဆုံး ဖြစ်၏။ မေတ္တာတရားကို လူတိုင်း လေးစားထိုက်၏။
ဤသို့လျှင် ကျွန်ုပ်ဆိုချင်ပါတော့သည်။
ကျွန်ုပ်သည် မေတ္တာတရားကိုလေးစား၏။ မေတ္တာတရားကို အားထုတ်၏။
သူတစ်ပါးတို့ လေးစားအားထုတ်ကြအောင်လည်း ဟောပြောတိုက်တွန်းပါသည်။
ကျွန်ုပ်သည် မေတ္တာတရား၏ကျေးဇူးကို
ယခုလည်းခံစားကျူးသည်၊ နောင်လည်းခံစားကျူးမည် ဖြစ်သည်''

## မေတ္တာစွမ်းပကား

မြတ်စွာဘုရား (၄၅)ဝါ ကာလပတ်လုံး ဘက်စုံ ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များအနက် အဓိက ပဓာနကျသော တရားတော်များတွင် မေတ္တာတရားလည်း တစ်ခုအပါအဝင်ဖြစ်သည်။

သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်ရှိစေနိုင်သော ပါရမီ (၁၀)ပါး၊ အပြား (၃၀)တွင်၊ မေတ္တာတရားလည်း (၁)ပါး၊ အပြား (၃)ပါးအဖြစ် ပါဝင်သည်။ (၈)ပါး သီလစောင့်ထိန်းရာ၌ မေတ္တာတရားလည်း ပါဝင်ပြန်သဖြင့် ဝိပဿနာစခန်းမှ မဂ်ဖိုလ်ပန်းကို ဆွတ်လှမ်းရာတွင် ပထမအခြေခံဖြစ်သော သီလဝိသုဒ္ဓိအတွက် အရေးပါလာရသည်။

အလားတူ သမထဘာဝနာ ကမ္မဋ္ဌာန်း (၄၀) တွင် မေတ္တာလည်း တစ်ခုအပါအဝင် ဖြစ်သဖြင့် ဝိပဿနာစခန်းမှ မဂ်ဖိုလ်ပန်းကို ဆွတ်လှမ်းရာ၌ ဒုတိယအခြေခံဖြစ်သော စိတ္တဝိသုဒ္ဓိအတွက် အရေးပါလာရ

ပြန်သည်။

ဤသို့အားဖြင့် လောကုတ္တရာနယ်ပယ်၌ မေတ္တာစွမ်းပကား ကြီးမားသကဲ့သို့ လောကီရေးနယ်ပယ်၌လည်း မေတ္တာစွမ်းပကား ကြီးမားပုံကို ဗုဒ္ဓစာပေ အများအပြား၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်သည်။

မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့် လောကီစျာန်များနှင့် ဣဒ္ဓိဝိဓ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု ဟူသော အဘိညာဏ်ထူး အဘိညာဉ် (၅)ပါး၊ ယင်း (၅)ပါးနှင့် ယထာကမ္မူပဂ ဟူသော အဘိညာဏ်ထူး အဘိညာဉ် (၆)ပါး၊ ယင်း (၆)ပါးနှင့် အနာဂတံသ ဟူသော အဘိညာဏ်ထူး အဘိညာဉ် (၇)ပါးတို့ကို ရရှိနိုင်သည့်အပြင်၊ လောကရေးရာ၌ အများသိရှိနေကြသော မေတ္တာအကျိုး (၁၁)မျိုးကိုလည်း ရရှိနိုင်သည်။

မေတ္တာအကျိုး (၁၁)မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ချမ်းသာစွာ အိပ်ရခြင်း၊ (၂) ချမ်းသာစွာ နိုးရခြင်း၊ (၃) အိပ်မက်ဆိုး မမြင်မက်ခြင်း၊ (၄) လူများ ချစ်ခင်ခြင်း၊ (၅) နတ်များ ချစ်ခင်ခြင်း၊ (၆) နတ်များ စောင့်ရှောက်ခြင်း၊ (၇) အဆိပ်လက်နက် မီးများ မထိမရှ မလောင်မကျွမ်းခြင်း၊ (၈) စိတ်တည်ကြည်ခြင်း၊ (၉) မျက်နှာကြည်လင်ခြင်း၊ (၁၀) မတွေမဝေ သေရခြင်း၊ (၁၁) သေပြီး နောက် ပြဟ္မာ့ပြည်ရောက်ခြင်း။

မေတ္တာစွမ်းပကားကြီးမားပုံကို ဘီစီ (၆၂၄) ၌ ဖွားမြင်တော်မူ၍ ဘီစီ ၅၈၉ ၌ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သော မြတ်စွာဘုရားရှင် ဟောကြားတော်မူသကဲ့သို့ မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲလျက် အဆိပ်ကျွေးသတ်ဖြတ်မှုကို ခံခဲ့ရသော ခေါမခေါ် ဂရိတွေးခေါ်ပညာရှင် ဆိုကရေးတီး (ဘီစီ– ၄၆၉–၃၉၉) ကလည်း "မေတ္တာတရားသာလျှင် လူလောကအတွက် ကိုးကွယ်ရာဖြစ်၏။ မေတ္တာတရားသာလျှင် လူသားတို့၏ ပုထုဇဉ် သဘာဝ၊ ပုထုဇဉ်စရိုက်တို့အတွက် အသင့်မြတ်ဆုံး ဖြစ်၏။ မေတ္တာတရားကို လူတိုင်း လေးစားထိုက်၏။ ဤသို့လျှင် ကျွန်ုပ်

ဆိုချင်ပါတော့သည်။ ကျွန်ုပ်သည် မေတ္တာတရားကို လေးစား၏။ မေတ္တာတရားကို အားထုတ်၏။ သူတစ်ပါးတို့ လေးစား အားထုတ်ကြအောင်လည်း ဟောပြောတိုက်တွန်းပါသည်။ ကျွန်ုပ်သည် မေတ္တာတရား၏ ကျေးဇူးကို ယခုလည်း ချီးကျူးသည်၊ နောင်လည်း ချီးကျူးမည် ဖြစ်သည်'' ဟု ဟောပြောရေးသားခဲ့သည်။'' (ပလေတိုနိဒါန်း)

သို့ရာတွင် မေတ္တာ၏ သဘောတရားနှင့် အကျိုးတရားကို ထုတ်ဖော်ရာ၌ ဆိုကရေးတီး၏ အဆိုသည် မပြည့်မစုံဖြစ်နေသည်ကို တွေ့ရှိရသည်။

ဆိုကရေးတီးက ''မေတ္တာဟူသည်မှာ ချစ်နှစ်သက်အပ်သော အရာတစ်ခုကို လိုချင်မက်မောသော သဘောဖြစ်၍ သူလိုချင်မက်မောသော အရာသည် သူ့မှာလိုအပ်နေသော သူ့မှာချို့တဲ့နေသော အရာဖြစ်သောကြောင့် မေတ္တာသည် ကောင်းသည်ကို လည်းကောင်း၊ တင့်တယ်သည်ကို လည်းကောင်း လိုချင်တောင့်တသော သဘောဖြစ်သည်''ဟု ဖွင့်ပြပြီး မေတ္တာ၏ အကျိုးတရားအဖြစ် ချမ်းသာသုခကို ရရှိခြင်းဟု ဖွင့်ပြထားသည်။

အချုပ်အားဖြင့် ဆိုကရေးတီး၏ မေတ္တာသဘောမှာ ရယူခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဆိုကရေးတီးက လင်ချစ်၊ မယားချစ်ဖြစ်သော တဏှာပေမ အချစ်နှင့် သားသမီးချစ်၊ မိဘချစ်၊ ဆရာ တပည့်ချစ် စသော ဂေဟာဿိတပေမ အချစ်ဟူသမျှကိုလည်း မေတ္တာဟု ယူသည်။

အလားတူ ဘီစီ (၄) ရာစု၌ ပေါ်ထွန်းခဲ့သော တရုတ်တွေးခေါ် ပညာရှင် 'မောက်ဆူ'ကလည်း မေတ္တာကို အဓိကထား၍ ဟောပြောခဲ့ကြောင်း သိရှိရသည်။ သို့ရာတွင် ၎င်း၏ဟောပြောချက်များကို မတွေ့ရှိရသဖြင့် မေတ္တာသဘောတရားနှင့် စပ်လျဉ်း၍ ၎င်း၏အယူအဆ မည်သို့ရှိသည်ကို မသိရှိရပါ။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူချက်အရ 'မေတ္တာ၏

သဘော မှာ ․․․․ ချစ်ခင်စိုစွတ် စေးကပ်တတ်သော သဘောဖြစ်ပြီး တရားကိုယ်အားဖြင့် ပြစ်မှားခြင်း ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော မပြစ်မှားခြင်း အဒေါသတရား ဖြစ်သည်'ဟု ဆိုသောကြောင့် တစ်ဦးနှင့်တစ်ဦး အထူးအကျိုးလိုလားသော မိတ်ဆွေတို့၏ ချစ်ခြင်းမျိုး ဖြစ်၍ ညှဉ်းဆဲခြင်း၊ ပြစ်မှားခြင်း စသည်ကင်းပြီး အလွန် အေးမြ ကြည်လင်သော သဘောဖြစ်ကြောင်း သိရှိနိုင်သည်။

ထို့ကြောင့် လင်ချစ်၊ မယားချစ်၊ သားသမီးချစ်၊ မိဘချစ်၊ ဆရာချစ်၊ တပည့်ချစ် စသော အချစ်မေတ္တာများကို မေတ္တာတုဟု မှတ်ယူရမည် ဖြစ်သည်။ သို့ရာတွင် ယင်းမေတ္တာတု အချစ်များသည် လည်း အချင်းခပ်သိမ်း မေတ္တာတုသာလျှင် ဖြစ်နေသည်မဟုတ်၊ မေတ္တာ စစ်လည်း အကြိမ်များစွာ ဖြစ်နိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ အချုပ်အားဖြင့် ဗုဒ္ဓမြတ်စွာဘုရား ဟောကြားသော မေတ္တာသဘောမှာ ပေးဆပ်ခြင်း သဘောမျိုးပင် ဖြစ်သည်။

တစ်ဖန် မေတ္တာလမ်းစဉ်ခေါ်သော မေတ္တာပွားများနည်းကို ဖော်ပြ ရာ၌လည်း ဆိုကရေးတီးက ''ပထမတွင် ပျိုရွယ်စဉ်က ရုပ်ပိုင်း၏ တင့်တယ်သော သဘောကို ရှေးဦးစွာ အာရုံပြုရမည်ဖြစ်၍ တင့်တယ် သောကိုယ် ရှိသူတစ်ဦးကိုသာ ချစ်ခင်၍ စိတ်ကောင်းစိတ်မြတ် ဖြစ်ပွား လာအောင် အားထုတ်ရမည်။ ဒုတိယ ၎င်းမှတစ်ဆင့် အခြား ကိုယ်များသို့ ပွားယူရမည်။ တတိယ ၎င်းမှတစ်ဆင့် စိတ်ပိုင်းဘဝ၏ တင့်တယ်မှုကို ပွားယူရမည်။ စတုတ္ထ အသိပညာ အတတ်ပညာ၏ တင့်တယ်မှုကို ပွားယူရမည်၊ ဤသို့ ပွားများရာ နောက်ဆုံးတွင် ပကတိ သိဒ္ဓ တင့်တယ်ခြင်းအဆင့်သို့ ရောက်၍ အားလုံးတင့်တယ်နေသည်ကို မြင်နေရတော့သည်'' ဟု ဆိုသည်။

ထို့ကြောင့် ဆိုကရေးတီးက ပထမ ကလေးချစ်စိတ်ကို ပွားရ မည်၊ ဒုတိယ လူငယ်ချစ်စိတ်ကို ပွားရမည်၊ ဤသို့ စသည်ဖြင့် တစ်ဆင့် တက်ယူရမည်၊ တစ်ဖန် ပထမတစ်ဦး၊ နောက်နှစ်ဦး သုံးဦးစသည် စသည်

တက်၍ ပွားရမည်။ နောက်ကာယကံ ဝစီကံ မနောကံဟူသော ကံ(၃)ပါး အမှု၏ တင့်တယ်ခြင်းနှင့် ပညာ၏ တင့်တယ်ခြင်းကို အာရုံပြု ပွားရမည်၊ ဤသို့ပွားသူသည် နောက်ဆုံး၌ ပကတိ သိဒ္ဓတင့်တယ်ခြင်းကို မြင်မည်ဟု ညွှန်ပြထားသည်။

ဆိုကရေးတီး၏ အထက်ဖော်ပြပါ မေတ္တာလမ်းစဉ်ခေါ်သော မေတ္တာပွားများနည်း၌ 'ရုပ်၏ တင့်တယ်ခြင်းကို အာရုံပြု၍' ဆိုရာ၌ မည်သည့်ရုပ်၏ တင့်တယ်ခြင်းနည်းဟု လျှဉ်းပါးဖွယ် ရှိလာသည်။ 'ရုပ်၏ တင့်တယ်ခြင်း'ဟု ဆိုသဖြင့် မပြောဘဲသိရသော အဝုတ္တသိဒ္ဓိနည်း၊ အပြန်အားဖြင့် သိရသော ပရိဝတ္တနနည်းများအရ မတင့်တယ်သော ရုပ်ပိုင်ရှင် ပုဂ္ဂိုလ်များကို မေတ္တာပွား၍မရဟု အဓိပ္ပာယ်သက်ရောက်နေပြန်ပါသည်။

'တင့်တယ်သောကိုယ် ရှိသူမှတစ်ဆင့် အခြားကိုယ်များကို ပွားယူရမည်' ဆိုရာ၌ အခြား ကိုယ်အရ တင့်တယ်သောကိုယ် ရှိသူကိုပင် ဆိုသလော၊ မတင့်တယ်သော ကိုယ်ရှိသူများလည်း ပါဝင်သလောဟူ၍ ဒွိဟဖြစ်ဖွယ် ရှိလာပြန်သည်။

'စိတ်ပိုင်းဘဝနှင့် ပညာရပ်၏ တင့်တယ်မှုကို ပွားရမည်' ဟူရာ၌လည်း ကောင်းစိတ်၊ မကောင်းစိတ်နှင့် ကောင်းသောပညာရပ်၊ မကောင်းသော ပညာရပ် နှစ်မျိုးစလုံးကို တင့်တယ်သော အဖြစ်ပွားများရန် ဖြစ်နိုင်၊ မဖြစ်နိုင် သံသယဝင်ဖွယ် ရှိနေပြန်သည်။

နောက်ဆုံးတွင် ပကတိသိဒ္ဓခေါ် အားလုံး တင့်တယ်နေသည်ကို မြင်နေရသည်ဟု ဆိုထားသော်လည်း ဆိုကရေးတီးသည် လူ၏ ကိုယ်ခန္ဓာ စိတ်နှင့် ပညာရပ်ကိုသာ ယူထားသဖြင့် တိရစ္ဆာန်နှင့် နတ် စသော အခြားသက်ရှိများ မပါဝင်ပြန်သောကြောင့် ယင်းမေတ္တာ ပွားနည်းသည် သတ္တဝါအားလုံးအပေါ် မပျံ့နှံ့နိုင်ကြောင်း ထင်ရှားနေ ပြန်သည်။

တစ်ဖန် ဆိုကရေးတီး ညွှန်ပြသော ကလေးမှ လူငယ်၊ လူရွယ်၊ လူကြီး စသည်သို့၊ လူတစ်ဦးမှ နှစ်ဦး သုံးဦးစသည်သို့ အဆင့်ဆင့်တက်၍

ပွားရမည်ဟူသော အဆိုသည်လည်း တင့်တယ်–မတင့်တယ်၊ ကောင်း–မကောင်း နှစ်မျိုးစလုံး ပါဝင်နေသဖြင့် တင့်တယ်မှုကို အဓိက ပွားရသော ၎င်း၏ မေတ္တာလမ်းစဉ်နှင့် ဗီလာဖြစ်လျက် ရှိနေပြန်သည်။

ဗုဒ္ဓစာပေလာ မေတ္တာပွားနည်းကား ဆိုကရေးတီးကဲ့သို့မဟုတ်၊ ရေပက်မဝင်လောက်အောင် စေ့စပ်ပြည့်စုံမှု၊ တိကျပြတ်သားမှု ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူချက်အရ မေတ္တာသည် ပိယ (ချစ်အပ်)၊ မနာပ (မြတ်နိုးအပ်) ဖြစ်သော သတ္တဝါပညတ်ကို အာရုံပြုသောကြောင့် သက်မဲ့ဖြစ်သော အမှုကိစ္စများနှင့် ပညာရပ်များကို မေတ္တာမပွားရကြောင်းနှင့် မေတ္တာပွားသော်လည်း ၎င်းတို့ထံ မရောက်နိုင်ကြောင်း သိရှိနိုင်သည်။

တစ်ဖန် မချစ်မနှစ်သက်အပ်သော အပ္ပိယပုဂ္ဂိုလ်၊ အလွန်ချစ်အပ်သော အတိပိယပုဂ္ဂိုလ်၊ အလယ်အလတ်ဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်၊ ဤပုဂ္ဂိုလ် (၄)ဦးတို့၌ ရှေးဦးစွာ မေတ္တာမပွားအပ်ကြောင်း၊ အထူးသဖြင့် လိင်အသွင်မတူသော ပုဂ္ဂိုလ်၌ သီးခြားဝေဖန်သောအားဖြင့် မေတ္တာမပွားအပ်ကြောင်းနှင့် သေသူ၌ အချင်းခပ်သိမ်း မေတ္တာမပွားအပ်ကြောင်းကိုလည်း သိရှိနိုင်သည်။

အပ္ပိယပုဂ္ဂိုလ်ကို ပိယအရာ၌၊ အတိပိယပုဂ္ဂိုလ်ကို မဇ္ဈတ္တအရာ၌ မဇ္ဈတ္တပုဂ္ဂိုလ်ကို အလေးပြုထိုက်သော ချစ်မြတ်နိုးအပ်သောပုဂ္ဂိုလ် အရာ၌ထားသော ယောဂီသည် ခက်ခဲပင်ပန်းသည်၊ ရန်သူ (ဝေရီ) ပုဂ္ဂိုလ်ကို အဖန်ဖန် အောက်မေ့သော ယောဂီသန္တာန်၌ အမျက်ဒေါသ ဖြစ်ပေါ်လာတတ်သည်။ လိင်မတူသူအား သီးခြား ဝေဖန်ပွားများသော ယောဂီသန္တာန်၌လည်း ရာဂ ဖြစ်ပေါ်တတ်သည်။ သေသူကို မေတ္တာပွားသော ယောဂီသည် အပ္ပနာစျာန်နှင့် ဥပစာရသမာဓိသို့ မရောက်ရှိနိုင်ပါ၊ ထို့ကြောင့် ယင်းပုဂ္ဂိုလ်တို့ကို အာရုံယူ၍ မေတ္တာမပွားရဟု ညွှန်ပြတော်မူခဲ့ခြင်း ဖြစ်သည်။

မေတ္တာပွားနည်းနှင့် ပတ်သက်၍ ယနေ့ ဗုဒ္ဓဘာသာဝင်များသည်

မေတ္တာပွားနည်း အမျိုးမျိုးကို အသုံးပြုလျက်ရှိကြသည်။

အချို့က မေတ္တာသုတ်လာ မေတ္တာပွားနည်း (၁၁)နည်းဖြင့် မေတ္တာပွားလျက်ရှိကြသည်။

အချို့က (၅၂၈)သွယ် မေတ္တာပွားနည်းဖြင့် မေတ္တာပွားကြသည်၊ အဝေရာဟောန္တု၊ (ဘေးရန်မရှိ ဖြစ်ကြပါစေ)၊ အဗျာပဇ္ဈာဟောန္တု (ကြောင့်ကြမှုမရှိ ဖြစ်ကြပါစေ)၊ အနီဃာဟောန္တု (ကိုယ်စိတ် ဆင်းရဲမရှိ ဖြစ်ကြပါစေ)၊ သုခီအတ္တာနံပရိဟရန္တု (ချမ်းသာသောကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ) ဟူသော မေတ္တာ (၄)ပါးကို သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ ဟူသော အနောဒိသ (မရည်စူး) ပုဂ္ဂိုလ် (၅)ဦး၊ သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ ဟူသော ဩဒိသ (ရည်စူး) ပုဂ္ဂိုလ် (၇)ဦးတို့အပေါ် ရိုးရိုးမေတ္တာပွားလျှင် မေတ္တာပေါင်း (၄၈)ရသည်၊ တစ်ဖန် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ထောင့် (၄)ထောင့်နှင့် အထက်အောက်ဟူသော အရပ် (၁၀)မျက်နှာရှိ ဖော်ပြပါ ပုဂ္ဂိုလ် (၁၂)ဦးအား မေတ္တာ (၄)မျိုးစီ ပွားလျှင် ၁၀ x ၁၂ x ၄ = ၄၈၀ မေတ္တာဖြစ်သည်။ ယင်း (၄၈၀)ကို ယခင် (၄၈) နှင့် ပေါင်းက (၅၂၈) သွယ်မေတ္တာဖြစ်သည်။

အချို့ကား ယင်း (၅၂၈)သွယ် မေတ္တာပွားနည်းကိုပင် မြန်မာဘာသာ အကျဉ်းအားဖြင့် "လူ၊ နတ်၊ တိရစ္ဆာန် သတ္တဝါ ဟူသမျှတို့သည် ဘေးရန်ကြောင့်ကြ ဆင်းရဲခြင်းကင်းကြ၍ ချမ်းသာသောကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ၊ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ" ဟု ရွတ်ဆိုပွားများလျက် နေကြသည်။ အချို့ကား မိမိတို့ လက်လှမ်းမှီရာ နည်းအမျိုးမျိုးဖြင့် မေတ္တာပွားလျက် ရှိကြသည်။

မည်သို့ပင်ဖြစ်စေ၊ ဖော်ပြပါ မေတ္တာပွားနည်းများဖြင့် မေတ္တာပွားများရာ၌ ပထမတွင် မိမိ၏ မေတ္တာစိတ်ဓာတ်သည် သတ္တဝါများအပေါ်

ပျံ့နှံ့မှုမရှိသေးသော်လည်း အဖန်ဖန် အထပ်ထပ် ပွားများဖန် များလာသောအခါ မိမိ၏ မေတ္တာစိတ်ဓာတ်သည်လည်း သတ္တဝါများအပေါ် အလိုအလျောက် ညွှတ်လာသည်ကို တွေ့ရှိနိုင်သည်။

ဤသို့သော မေတ္တာစိတ်ဓာတ်ကို မွေးမြူထားနိုင်ကြသူများအတွက် ဆားငန်ရေသည်ပင် ချိုဆိမ့်လာနိုင်သည်။ မီးလည်း အေးမြလာနိုင်သည်။ မြင်းမိုရ်တောင်မင်းလည်း တောင်ပို့ငယ်ပမာ ကျင့်သုံးလာရသည်။ အဆိပ်သင့်အစာသည်ပင် နတ်သုဒ္ဓါ ဖြစ်လာရသည်။

'မေတ္တာခြံ့မှလုံ'ဆိုသည့်အတိုင်း သွားလေရာ အန္တရာယ်ကင်းပြီး၊ မျက်နှာပွင့်လန်းနိုင်သည်၊ မြတ်စွာဘုရားသည် မေတ္တာဓာတ်ဖြင့် အောင်ခြင်း (၈)ပါးကို အောင်မြင်တော်မူသကဲ့သို့ မိမိကို မကောင်းကြံသူအပေါင်းအား အောင်မြင်ကြောင်း ဖြစ်နိုင်သည်။ သိဒ္ဓိမြောက် ဆေးတကာတို့တွင် မေတ္တာသည် အစွမ်းထက်ဆုံးပင် ဖြစ်သည်။

မေတ္တာတရားကို ရင်ဝယ်ပိုက်ထားနိုင်ပါလျှင် အတွင်းစိတ်ဓာတ်ကြည်လင်လာသဖြင့် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်များလည်း အေးမြကြည်လင်လာနိုင်သည်။ အထူးသဖြင့် တစ်ကမ္ဘာလုံးရှိ လူသားအားလုံးက မေတ္တာကို လွှမ်းခြုံထားနိုင်ပါလျှင် မေတ္တာ၏ ဆန့်ကျင်ဘက်ဖြစ်သော ဒေါသစစ်မီးလည်း ပွားစီးလာနိုင်စရာ မရှိသောကြောင့် တစ်ကမ္ဘာလုံး ငြိမ်းချမ်းအေးမြလျက် ရှိနေမည်ဖြစ်သည်။

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ ဟူသောတရား (၇)ပါးနှင့် ပြည့်စုံသူကို သူတော်ကောင်းဟု သတ်မှတ်ထားစေကာမူ အာဠာနာဋိယ သုတ်လာအတိုင်း သီလ၊ မေတ္တာ၊ ခန္တီ၊ သစ္စာ၊ တရား(၄)ပါး ပြည့်စုံလျှင်ပင် သူတော်စင်ကြီး ဖြစ်လာနိုင်သည်။

ထို့ကြောင့် မိမိသန္တာန်ရှိ မေတ္တာစွမ်းပကားတွင် သီလ၊ သစ္စာ၊ ခန္တီ စွမ်းအားများကိုပါ ပေါင်းစပ်ထားနိုင်ပါက သူတစ်ပါးတို့ မပြစ်မှားထိုက်သော သူတော်စင်ကြီးဖြစ်၍ ရောဂါဘယ၊ ကင်းစင်ပပြီး ဆန္ဒလိုရာ မြတ်ချမ်းသာကို မကြာအတွင်း ပြည့်ဝခြင်း ဖြစ်လာနိုင်ပါသည်။

ထို့ကြောင့် လူမျိုးမရွေး၊ ဘာသာမရွေး မိမိနှင့်တကွ ကမ္ဘာသူ ကမ္ဘာသား၏ အကျိုးစီးပွားကို လိုလားသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်းသည် စစ်မှန်သော ဗုဒ္ဓနည်းကျ မေတ္တာပွားများနည်းများဖြင့် မေတ္တာပွားလျက် ကျန်းမာချမ်းသာစွာ နေနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ပြုံးရယ်သော မျက်နှာထား မရှိသူသည် ဈေးမရောင်းရ ဟု
ဒေးကာနက်ဂျီက အဆိုပြုသည်။
လူများ နှင့် ဆက်ဆံရာတွင် ရယ်ရယ်ပြုံးပြုံးမဟုတ်ဘဲ
ခပ်တည်တည် ဆက်သွယ်တတ်သော လူများသည်
အလုပ်၌ အောင်မြင်ရန် ခဲယဉ်းသည်

## ပျော်ရွှင်ရယ်မောဂုဏ်သဘော

'စိတ်ပျိုကိုယ်နု၊ စိတ်ထောင်းကိုယ်ကြေ' ဟူသော မြန်မာစကားသည် ဗုဒ္ဓအဘိဓမ္မာလာ စကားရပ်နှင့် ကိုက်ညီလှသည်။ ဗုဒ္ဓအဘိဓမ္မာ၌ ခန္ဓာကိုယ် ရုပ်ကောင်ကြီးကို ပြုပြင် ချယ်လှယ်နေသော အကြောင်းတရားများအဖြစ် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တရား-၄ပါးကို ဖော်ပြထားသည်။ ယင်း၄-ပါးအနက် စိတ်သည် ပဓာနအကျဆုံးဖြစ်သည်ဟုဆိုက မှားမည်မဟုတ်ပေ။ ကံ၊ ဥတု၊ အာဟာရကြောင့် ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်များဖြစ်သော ဤခန္ဓာကိုယ်ကြီး ဖောက်ပြန်မှုဖြစ်ခဲ့ပါလျှင် ယင်းဖောက်ပြန်မှုများကို မှန်ကန်သော စိတ်စွမ်းအားဖြင့် ကုစားလိုက်ပါက အချိန်တိုအတွင်း အလွယ်တကူ ပယ်ဖျောက်နိုင်သည်။ သို့ရာတွင် စိတ်ကြောင့် စိတ္တဇရုပ် ဖြစ်သော ဤခန္ဓာကိုယ်ကောင်ကြီး ဖောက်ပြန်လာလျှင် ကုစားရန် ခက်ခဲလှသဖြင့် ကုရာနတ္ထိ ဆေးမရှိ ဖြစ်တတ်သည်။

ယနေ့ ဆေးကုသခံယူနေသော လူနာများကို ယေးတက္ကသိုလ် ဆေးပညာဌာနက လေ့လာခဲ့ရာ ၇၆–ရာခိုင်နှုန်းမှာ စိတ်ကြောင့် ရောဂါ ဖြစ်နေသည်ကို တွေ့ရသည်ဟု ဆိုသည်။ အစာအိမ်လမ်းကြောင်း ရောဂါ ၇၄–ရာခိုင်နှုန်း၊ ဇက်ကြောထိုး နောက်ကြောတက် ၇၅–ရာခိုင်နှုန်း၊ လည်ချောင်းနှင့် ၉၀–ရာခိုင်နှုန်း၊ အစာအိမ်အနာကဲ့သို့ ဗိုက်နာ ၅၀–ရာခိုင်နှုန်း၊ သည်းခြေအိမ်ကဲ့သို့နာ ၅၀–ရာခိုင်နှုန်း၊ လေနာ ၉၉–ရာခိုင်နှုန်း မူးဝေ ၈၀–ရာခိုင်နှုန်း၊ ခေါင်းကိုက် ၈၀–ရာခိုင်နှုန်း၊ ဝမ်းချုပ် ၇၀–ရာခိုင်နှုန်းနှင့် မောပန်းလွယ် ၆၀–ရာခိုင်နှုန်းသော လူနာများမှာ စိတ်ကြောင့်ရောဂါ ဖြစ်နေရသည်ဟု ဆိုသည်။ ဤအချက်ကို ထောက်ဆက စိတ်သည် ခန္ဓာကိုယ်ကို ပြုပြင်နေသော အကြောင်းတရား များတွင် မည်မျှ အရေးပါသော အကြောင်းတရားတစ်ရပ် ဖြစ်သည်ကို ခန့်မှန်းနိုင်သည်။

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်း အသီးသီးက '**သက်ရှည်ကျန်းမာ သက္ကရာဇ် နှစ်ထောင်မှာ**' ဟူသော ဆောင်ပုဒ်ဖြင့် မိမိတို့သက်ဆိုင်ရာ လူ့အဖွဲ့အစည်း ကျန်းမာရေးအတွက် စီမံချက်အမျိုးမျိုး ချမှတ်၍ ဆောင်ရွက်နေကြသည်။ ယင်းစီမံချက် အောင်မြင်ရေးအတွက် ဗုဒ္ဓအဘိဓမ္မာ အဆိုပြုချက်နှင့် ယေးတက္ကသိုလ် ဆေးပညာဌာန၏ လေ့လာချက်များအရ ခန္ဓာကိုယ်ကို ပဓာနကျကျ ပြုပြင် နေသော စိတ်ဟူသော အကြောင်းတရားကို လေ့လာအသိပွားပြီး အဓိက ထား ဆောင်ရွက်သွားရန်လိုကြောင်း မီးမောင်းထိုးပြလျက် ရှိနေပေသည်။ အချုပ်အားဖြင့် စိတ်အတွင်းသို့ သောက၊ ဒေါမနဿစသော စိတ်အညစ် အကြေး အပူဓာတ်များ မဝင်လာစေရန်ပင် ဖြစ်သည်၊ ထို့ကြောင့် သက်ရှည် ကျန်းမာရေးအတွက် ပညာရှင်အချို့က '**ကိုယ်လက်လှုပ်ရှား၊ အစား ရှော့စား သောကမပွား**'နှင့် ဟူ၍ လည်းကောင်း၊ '**ဒေါမထယ်၊ သောမကြွယ်၊ စိုးရိမ်ဖွယ်ကင်း၊ ရောင့်ရဲခြင်း**' ဟူ၍ လည်းကောင်း အဆိုပြု ညွှန်ပြခဲ့ကြခြင်းဖြစ်သည်။

စိတ်အတွင်းသို့ သောက၊ ဒေါမနဿ စသော စိတ်အညစ်အကြေးအပူခြာတ်များ ဝင်မလာရေးအတွက် မည်သို့ ဆောင်ရွက်သင့်သည်ဟူသောအချက်မှာ လေးနက်ကျယ်ဝန်းလှသည်။ သာမန်မျှ စဉ်းစားလျှင် 'စိတ်ပျို ကိုယ်နု၊ ပျော်ပျော်နေ သေခဲ' ဆိုသည့်အတိုင်း ပျော်ပျော်ရွှင်ရွှင် နေရန်သာလိုသည်ဟု ဆိုကြမည်ဖြစ်သည်။ ဤပျော်ပျော်ရွှင်ရွှင်ဟူသော အချက်၌လည်း အတွေးအခေါ်၊ အယူအဆ၊ အမြင်အမျိုးမျိုး ဖြစ်ပေါ်လာနိုင်ပြန်သည်။ စာရေးဆရာအချို့က ခန္ဓာကိုယ်ကျန်းမာမှုအတွက် ခန္ဓာကိုယ်ကို အစာကျွေးရသကဲ့သို့၊ စိတ်ကျန်းမာရေးအတွက် စိတ်ကိုလည်း အစာကျွေးရန်လိုကြောင်းနှင့် စိတ်၏အစာဟူသည် စာဖတ်ခြင်းပင်ဖြစ်ကြောင်း ဆိုသည်။ ဤအဆို ဤအမြင်သည် စာပေဝါသနာရှင် စာရေးဆရာအဆို၊ စာရေးဆရာအမြင်သာဖြစ်သည်။ အကြွင်းမဲ့မှန်သည်ဟု မဆိုနိုင်ပေ။ ဟိတောပဒေသ၌ "ပညာရှိတို့သည် ကာဗျကျမ်းကို ဖတ်ရှုခြင်းဟူသော အပျင်းဖြေမှုဖြင့် ကာလကို ကုန်လွန်စေကြသည်။ လူမိုက်လူညံ့များကား ဖဲရိုက်၊ ကြက်တိုက် စသော ပျက်စီးခြင်းအမှုများဖြင့် အိပ်စက်ခြင်းဖြင့် ကာလကို ကုန်လွန်စေကြသည်" ဟု ဖော်ပြထားသည်။ ထို့ကြောင့် ဘက်စုံအမြင်ဖြင့် သုံးသပ်နိုင်ပါမှ အမှန်တရားကို ရနိုင်မည်ဖြစ်သည်။

တစ်ဖန် လူမှုရေးဘက်တွင်လည်း အမြော်အမြင်ကြီးမားသော ပညာရှင်များက ကံခေါ်သောအလုပ်ဖြင့် ပင်ပန်းနွမ်းနယ်နေသော လူများအတွက် တစ်ဘက်မှ ပျော်ပွဲရွှင်ပွဲများကို ဖန်တီးပေးထားကြသည်။ အချို့က ပျော်ရွှင်ရေးအတွက် အနည်းဆုံး တစ်ပတ်တစ်ကြိမ်မျှ ရုပ်ရှင်၊ ပြဇာတ် စသော ပွဲလမ်းသဘင်များကို ကြည့်ရှုသင့်သည်ဟု ဆုံးဖြတ်ကြသည်။ ဤဆုံးဖြတ်မှုသည်လည်း လူတိုင်းပျော်ရွှင်ရေးအတွက် အကြွင်းမဲ့မှန်သည်ဟု မယူဆနိုင်ပါ။ လောကနီတိ၌ 'ကျွဲသည် ရွှံ့ညွှန်၌ ပျော်သည်။ ဟင်္သာသည် ရေ၌ပျော်သည်။ အကျင့်မြတ် ကျင့်သော

ရဟန်းသည် တရား၌ ပျော်သည်'ဟု ညွှန်ပြထားပါသည်။ လူတွင် စရိုက်၊ ဝါသနာ၊ ဗီဇအမျိုးမျိုး ရှိနေကြသဖြင့် တစ်ဦးတစ်ယောက်၏ ပျော်ရွှင်မှု၌ အခြားတစ်ဦးတစ်ယောက်ကလည်း ပျော်ရွှင်လိမ့်မည်ဟု မယူဆနိုင်ပါ။ အမှန်မှာ လောကအပျော်အပါးများသည် ပျော်ရွှင်မှု အစစ် အမှန်မဟုတ်၊ အတုအယောင်များသာ ဖြစ်သည်။ မိမိစိတ် ပျော်ရွှင်မှု အတွက် မှန်ကန်သော နှလုံးသွင်းဖြင့် လေ့ကျင့်ထားခြင်းသာလျှင် စစ်မှန်သော ပျော်ရွှင်မှု ဖြစ်နိုင်သည်။

မည်သို့ပင်ဖြစ်စေ၊ ပညာရှိများသည် မိမိတို့၏ စိတ်အတွင်းသို့ သောက၊ ဒေါမနဿ စသော စိတ်အညစ်အကြေး အပူဓာတ်များ ဝင်ရောက်မလာစေရန်နှင့် စိတ်ဓာတ်ကြံ့ခိုင် သန်စွမ်းရေးအတွက် နည်း အမျိုးမျိုး အားထုတ်လျက်ရှိကြသည်။ အချို့လူညံ့များသည် စိတ်နောက် ကျိုမှုများကို မှန်ကန်သော နှလုံးသွင်းဖြင့် တွန်းလှန် ပယ်ဖျောက်ရန် နည်းလမ်းများကို လက်လှမ်းမမီကြသဖြင့် အရက် သောက်ခြင်း စသော ပျက်စီးရာပျက်စီးကြောင်း နည်းလမ်းမှားများဖြင့် ဖြေဖျောက်ခဲ့ကြသည်။ လူပေါ်လူဇော် လုပ်နည်းများကို ရေးသားသော ကမ္ဘာကျော် စာရေးဆရာ ဒေးကာနက်ဂျီက '**စိတ်ညစ်နေသောအခါ စိတ်ရွှင်လန်းအောင် လုပ်ရန် အကောင်းဆုံးနည်းသည် တကယ်ပင် ပျော်ရွှင်နေဘိသကဲ့သို့ နေထိုင်ပြောဆို လှုပ်ရှားသွားလာခြင်းပင် ဖြစ်သည်**''ဟု ရေးသားခဲ့သည်။

ဆရာ ဒေးကာနက်ဂျီ ပြောသည့်အတိုင်းပင် 'လူအများစုသည် စိတ်ညစ်လာသောအခါ ဇာတ်ပွဲ၊ သဘင်၊ ရုပ်ရှင်၊ ဂီတ စသော ပျော်ပွဲ ရွှင်ပွဲများကို ကြည့်ရှုကြခြင်းဖြင့် စိတ်ညစ်မှုကို ဖြေဖျောက်ကြသည်။ ရယ်မောဖွယ် ဟာသ၊ ဇာတ်လမ်း၊ ဝတ္ထု၊ စာပေများကို ဖတ်ရှုကြခြင်း ဖြင့် ရယ်မောဖွယ် စကားများကို နားထောင်ကြခြင်းဖြင့် ရယ်မောကာ စိတ်ညစ်မှုကို ဖြေဖျောက်ကြသည်။ သို့ရာတွင် အခိုက်အတန့်မျှသာ စိတ်ညစ်မှုကို ဖြေဖျောက်နိုင်ကြသည်။ စာရေးသူ ငယ်စဉ်က စိတ်ညစ်မှု တစ်ခုကြုံခဲ့ရာ၊ '**သတို့သမီး အလိုရှိသည်**' ရုပ်ရှင်ကားကိုကြည့်၍

ရယ်မောရသဖြင့် အခိုက်အတန့်မျှ ပျော်ရွှင်ခဲ့ရသည်။ ရုပ်ရှင်၊ ဇာတ်သဘင်နှင့် ပြဇာတ်၊ ၀တ္ထု၊ စာပေများသည် ကြည့်ရှု ဖတ်ရှုသူများအား ပြုံးအောင်၊ ရယ်အောင် ပြုလုပ်နိုင်စွမ်းရှိသကဲ့သို့ လွမ်းအောင်၊ ဆွေးအောင်၊ ငိုအောင်၊ ဒေါသထွက်အောင် စသည့် ရသများကိုလည်း ပေးနိုင်စွမ်း ရှိသည်ကို သတိပြုအပ်သည်။ လူရွှင်တော်မဟုတ်သော်လည်း ရယ်မောဖွယ် ပြောတတ်သော အချို့လူများသည် ဒေါသအမျက်ထွက်နေသူများကိုပင် ရယ်မောဖွယ်ပြောခြင်းဖြင့် အမျက်ဒေါသပြေပျောက်ပြီး ပြုံးရယ်လာအောင် စွမ်းဆောင်နိုင်ကြသည်။ ပြုံးရယ်ခြင်းကား သောက၊ ဒေါသ စသော စိတ်အညစ်အကြေး အပူဓာတ်များကင်းစင်သော ပျော်ရွှင်စိတ်ဓာတ်၏ အထိမ်းအမှတ်ပင် ဖြစ်သည်။

အမှန်မှာ ပြုံးရယ်မှုသည် လိုအပ်သော အတိုင်းအတာအထိ၊ လူတစ်ယောက်အတွက် တကယ်လိုအပ်သော အချက်တစ်ရပ် ဖြစ်သည်။ ပြုံးရွှင်ရယ်မောနေသူ၏ ရုပ်အဆင်းသည် ကျက်သရေရှိသလောက် သောကပူဆွေး ငိုကြွေးနေသော ဒေါသအမျက် ခက်ထန်နေသောသူ၏ ရုပ်အဆင်းသည် ကျက်သရေမဲ့လျက်ရှိသည်။ 'ပြုံးရယ်သော မျက်နှာရှိသူတစ်ယောက်သည် နေရာတကာတွင် ခရီးဦးကြိုဆို ပြုလုပ်ခြင်းခံရသည်' ဟု နာမည်ကျော် အသက်အာမခံ ကုမ္ပဏီ ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဖရင့်ကလင်ဗက်ဂျာက ဆိုသည်။ 'ပြုံးရယ်သော မျက်နှာထားမရှိသူသည် ဈေးမရောင်းရ' ဟု ဒေးကာနက်ဂျီက အဆိုပြုသည်။ 'လူများ နှင့် ဆက်ဆံရာတွင် ရယ်ရယ်ပြုံးပြုံးမဟုတ်ဘဲ ခပ်တည်တည် ဆက်သွယ်တတ်သော လူများသည် အလုပ်၌ အောင်မြင်ရန် ခဲယဉ်းသည်'ဟု အကြီးဆုံး ကော်ပက်ကုမ္ပဏီ ညွှန်ကြားသူအဖွဲ့ ဥက္ကဋ္ဌက ဆိုသည်။

လောကနီတိတွင် ယောကျ်ားတို့ တတ်အပ်သော အတတ် ၁၈–ရပ်ကို ဖော်ပြရာ၌ ဟာသ (ပြုံးရယ်မှု၊ ပြုံးရယ်အောင် ပြုလုပ်မှု) အတတ်ကိုလည်း ပညာရပ် ၁–ပါး အနေဖြင့် ဖော်ပြထားသည်။ ဟာသပညာရပ်

နှင့် ပတ်သက်၍ မိမိတို့ကိုယ်တိုင် ပြုံးရယ်တတ်ကြသော်လည်း သူတစ်ပါး ပြုံးရယ်အောင် ပြုလုပ်တတ်ရန် ခဲယဉ်းသည်။ အချို့လူရွှင်တော်များသည် သူတစ်ပါးရယ်အောင် ပြက်လုံး အမျိုးမျိုးကို ကြံစည်၍ ပြက်ကြ၊ ပြောင်ကြသော်လည်း လူများက မရယ်ကြပေ၊ အချို့ကား တဝါးဝါးဖြင့် ရယ်မောကြသည်။ စာရေးသူ ငယ်စဉ်က တောရွာ ဘုန်းကြီးပျံပွဲတစ်ခု၌ ကောလိပ်မြိုင်အငြိမ့်ကို ကြည့်ရှုရာ လူရွှင်တော် ဦးရုပ်ဆိုးနှင့် ဦးစည်ပိုင်းတို့၏ အမူအရာနှင့် ပြက်လုံးများ ကောင်းလှသဖြင့် တဝါးဝါးဖြင့် ရယ်မောခဲ့ရသည်။ မိန်းမကြီး တစ်ဦးမှာမူ ရယ်ရလွန်းသဖြင့် အူတက်၊ အူလိမ့်သွားသောကြောင့် ပွဲခင်းပြင်ဘက်သို့ ထမ်းထုတ်သွားရသည်။

အချုပ်အားဖြင့် ပြုံးမှု ရယ်မှုသည် လူသားလောကတွင် အမှန်ပင် လိုအပ်ကြောင်း ထင်ရှားလှသည်။ သို့ရာတွင် ပြုံးရယ်မှုများ၌ အတိုင်းအတာ သဘောတရားရှိသည်။ ဗုဒ္ဓအဘိဓမ္မာတွင် ပြုံးရယ်မှုများကို ....

(၁) သိတ – ပွင့်သောမျက်စိရှိရုံ ပြုံးခြင်း၊
(၂) ဟသိတ – သွားအနည်းငယ်ပေါ်ရုံ ပြုံးခြင်း၊
(၃) ဝိဟသိတ – ချိုသာသော အသံထွက်ရုံ ရယ်မောခြင်း၊
(၄) ဥပဟသိတ – ဦးခေါင်းလှုပ်ရုံ ရယ်မောခြင်း၊
(၅) အပဟသိတ – မျက်ရည်ထွက်ကျအောင် ရယ်မောခြင်း၊
(၆) အတိဟသိတ – လက် ခြေ ကိုယ်အင်္ဂါတို့ကို ပစ်လွှဲ၍ ရယ်မောခြင်း၊

... ဟူ၍ ၆–မျိုး ဖော်ပြထားသည်။

ထိုရယ်ပြုံးခြင်း ၆–မျိုးတို့တွင် လူအမြတ်စား ဘုရားရဟန္တာတို့သည် အမှတ် (၁+၂) သိတ+ဟသိတ အဆင့်မျှဖြင့် ပြုံးရုံသာ ရှိတော်မူကြသည်။ ကျန်အရိယာများနှင့် ကလျာဏ ပုထုဇဉ်များ ဖြစ်သော လူအလတ်တန်းစားများကား အမှတ် (၃+၄) ဝိဟသိတ+ဥပဟသိတ

အဆင့်အထိမျှသာ ရယ်မောကြသည်။ လူအညံ့စား အန္ဓပုထုဇဉ်များကား အမှတ် (၅+၆) အပဟာသိတ+အတိဟာသိတ ရယ်မောခြင်းမျိုးဖြင့် ရယ်မောကြသည်။

ထို့ကြောင့် ရယ်မောခြင်း၌ ဉာဏ်ဖြင့် ဆင်ခြင်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

အမျက်ဒေါသကို သိမ်းဆည်းမှု ဟူသမျှသည် ခန္တီဖြစ်သည် မဟုတ်။
အချို့သာ ခန္တီဖြစ်ထိုက်သည်။
သူတစ်ပါးတို့၏ကိုယ်နှုတ်ကျူးလွန်မှုအတွက်
အမျက်ကို သိမ်းဆည်းခြင်းသာလျှင်ခန္တီဖြစ်ပြီး
မိမိစေခိုင်းလိုက်ရာ၌ စိတ်တိုင်းမကျသည့်အတွက်
ထွက်လာသော အမျက်ဒေါသကို သိမ်းဆည်းခြင်းမှာ
သူတစ်ပါးတို့၏ ကိုယ်နှုတ်ကျူးလွန်မှုနှင့် မဆိုင်သောကြောင့်
ခန္တီမဖြစ်ဘဲ အဓိဝါသနာ သာဖြစ်သည်။

## ခန္တီတရား

ခန္တီဟူသည် သည်းခံခြင်းဟု အဓိပ္ပာယ်ရရှိသည်။ တရားကိုယ် အားဖြင့် အဒေါသစေတသိက် ဖြစ်သည်။ သို့ရာတွင် အဒေါသ စေတသိက်သည် ကောင်းသော (သောဘဏ) စိတ်များ ဖြစ်တိုင်းဖြစ်တိုင်း ပါဝင်လျက်ရှိရာ အဒေါသ စေတသိက်အားလုံးကို ခန္တီဟု မခေါ်နိုင်ပါ။ သူတစ်ပါးတို့က မိမိအား အမျက်ထွက်ဖွယ် ပြုလုပ်သောအခါ အမျက်ဒေါသ မဖြစ်စေရန် တားဆီးသည့် အခြင်းအရာအားဖြင့် ဖြစ်သော အဒေါသ စေတသိက်မျိုးကိုသာ ခန္တီခေါ်နိုင်သည်။

ဤ၌ အမျက်ထွက်အောင်ပြုလုပ်နေသူကို မိမိက တုံ့ပြန် အမျက်မထွက်ဘဲ သည်းခံနိုင်ရန်မှာ လွယ်ကူသော ကိစ္စမဟုတ်ပါ။ သူက ဓားဆွဲလျှင် ကိုယ်က သေနတ်ကိုင်မည်ဟု သူ့ထက်သူ လူစွမ်းကောင်း လုပ်နေသော အခါမျိုး၌ သည်းခံသူသည် ဓားမိုးထားသော ရန်သူ ရှေ့မှောက်တွင် လည်စင်းပေးရာ ရောက်ပေမည်ဟု သာမန်အားဖြင့်

တွေးထင်သူများ ရှိနိုင်သည်။ 'သည်းခံခြင်းသည် သောကပရိဒေဝ၏ အလုပ်အကျွေးသာ ဖြစ်သည်'ဟု ဒုတိယ ကမ္ဘာစစ် အတွင်းက ဗြိတိသျှ နန်းရင်းဝန်ဟောင်း ဆာဝင်စတန်ချာချီက ပြောကြားခဲ့ဖူးသည်။

လူတစ်ယောက် ကောင်းစားရေးနှင့် လူတစ်စု ကောင်းစားရေးသို့ ရှေးရှုလျက်ရှိသော လူများအတွက် သည်းခံလျှင် အောက်တန်းကျသည်ဟု ထင်မြင်ယူဆကောင်း ထင်မြင်ယူဆကြမည် ဖြစ်သည်။ သို့ရာတွင် လူတိုင်း လူတိုင်း ထိုအယူအဆမျိုး ကိန်းဝပ်လျက် သူတစ်ပါးအကျိုး ပျက်စီးမှုကို ပမာဏ မထားကြတော့ဘဲ တစ်ယောက်၏ ကောင်းစားရေး၊ တစ်စု၏ ကောင်းစားရေးကိုသာ လုံးပန်းနေကြသမျှ သည်းခံမှု ကင်းဆိတ်နေကြမည်သာ ဖြစ်သည်။ သည်းခံမှု ကင်းဆိတ်သော ဤ လူ့ဘောင်လောကကြီး သည်လည်း အစဉ်ထာဝရ မငြိမ်မသက် ဖြစ်နေရမည်သာ ဖြစ်သည်။

'ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇယံ = နိုင်လျှင်လည်း ရန်သူများသည်။ ရှုံးလျှင်လည်း ဆင်းရဲရောက်ရသည်'ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ခန္တီတရားကို ပယ်လှန်၍ ရန်ရန်ချင်း တုံ့ပြန်ပါက နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ သောက ဒုက္ခများနှင့် ကြုံတွေ့ကြရမည်သာ ဖြစ်သည်။ မြတ်စွာဘုရားသည် ပဥ္စင်္ဂုတ္တရနိကာယ်၌ ခန္တီတရား ဆိတ်သုဉ်းခြင်း၏ အပြစ်အဖြစ် (၁) အများ မုန်းတီးမှုကို ခံရခြင်း၊ (၂) ရန်သူများခြင်း၊ (၃) အပြစ်အနာ အဆာများခြင်း၊ (၄)တွေဝေစွာ သေရခြင်း၊ (၅) သေပြီးနောက် အပါယ်လားရခြင်း ဟု ၅–မျိုး ဟောတော်မူသည်။

သည်းခံမှုခေါင်းပါးလှသော လူစုလူအုပ်ကြီးထဲမှ ခန္တီတရား လက်ကိုင်ထားသူများ လက်ညှိုးထောင်၍ ထွက်ပေါ်လာသည်နှင့်အမျှ ဓားသွေးနေသော သူများသည်ပင် မိတ်ဆွေ အဖြစ် ပြောင်းလဲလာနိုင်သည်။ 'အက္ကောဓေန ဇိနေ ကောဓံ = အမျက်ပွား၍ စော်ကားသူအား သည်းခံတရားလက်ကိုင်ထား၍ အမျက်မပွားခြင်းဖြင့် အောင်နိုင်၏'

ဘု မြတ်စွာဘုရား ဟောကြားတော်မူထားသည်ကို သတိပြုအပ်ပေသည်။

ထို့ကြောင့် ဒေါသအဆိပ် လွှမ်းမိုးနေသော ကမ္ဘာမှောင်တိုက်ကြီးအတွင်း တစ်ဦး၏အမှားကို တစ်ဦးက သည်းခံခြင်း၊ တစ်ပြည်ကောင်းစားရေးကို တစ်ပြည်က ရှေးရှုခြင်းသည်သာလျှင် အဆိပ်အတောက်ကို ပြေပျောက်စေနိုင်သော လင်းကွက်တစ်ခု ဖြစ်နိုင်သည်။ ကမ္ဘာတွေးခေါ်ရှင်များအနက် တာအိုဝါဒကို ချပျိုးခဲ့သော တရုတ်တွေးခေါ်ရှင် လောင်ဆူသူခမိန့်သည် လောဘ၊ ဒေါသ၊ မောဟ တရားများကို သိမ်းဆည်း၍ ရောင့်ရဲစွာနေရန်၊ အချင်းချင်းဆန့်ကျင်ဘက် မပြုရန်နှင့် ဆန့်ကျင်ဘက်ကိစ္စများကို မည်သည့်အခါမျှ မပြုလုပ်ရန် ညွှန်ကြားခဲ့သည်။ ဘီစီ ၆-ရာစုတစ်ဝိုက်၌ တွေးခေါ်ပညာရှင် အမျိုးမျိုး ပေါ်ပေါက်ခဲ့ရာတွင် အနောက်တိုင်း တွေးခေါ်ပညာရှင်များက ပြင်ပ ဗဟိဒ္ဓကိုသာ တွေးခေါ်နေကြသော်လည်း အရှေ့တိုင်း တွေးခေါ်ပညာရှင်များကမူ ကိုယ်တွင်းအဇ္ဈတ္တကို တွေးခေါ်နေကြခြင်းမှာ ထူးခြားချက် တစ်ရပ်ပင် ဖြစ်သည်။

သည်းခံခြင်းတရားသည် မကောင်းမှုကို ပယ်ဖြတ်တတ်သော မြတ်သော မင်္ဂလာတရား တစ်ပါးဖြစ်ကြောင်း ဗုဒ္ဓသာသာဝင်တိုင်း သိရှိကြသည်။ သို့ရာတွင် ခန္တီတရားသည် တစ်စုံတစ်ခုသော အမှုကိစ္စကို သဘောတူ လိုက်လျောခြင်းဟူသော ဒိဋ္ဌိနိဇ္ဈာနခန္တီနှင့် တစ်စုံတစ်ယောက်၏ ကျူးကျော်စော်ကားမှုကို သည်းခံခြင်းဟူသော သမာဒါန ခန္တီဟူ၍ ၂-မျိုးရှိရာတွင် သမာဒါနခန္တီသာလျှင် ခန္တီမင်္ဂလာ ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် ခန္တီသည် အားရှိသူက အားမဲ့သူအပေါ် သည်းခံခြင်း ဗလဝခန္တီနှင့်အားမဲ့သူက အားရှိသူအပေါ် သည်းခံခြင်း ဒုဗ္ဗလခန္တီ ဟူ၍ ၂-မျိုး ရှိရာတွင် ဗလဝခန္တီက ပို၍မှန်မြတ်ကြောင်း သိအပ်ပေသည်။ သုဓမ္မာဇရပ်သို့ စစ်နိုင်သိကြားမင်း ဝင်ထွက်နေသည်ကို မြင်တိုင်း အမြဲဆဲရေးတိုင်းထွာလေ့ရှိသော စစ်ရှုံး အသုရာဘုရင် ဝေပစိတ္တိ

နတ်မင်းကြီးအား သိကြားမင်းက မည်သို့မျှ တုံ့ပြန်ခြင်းမပြုဘဲ "ငါလို စစ်နိုင်သူ သိကြားမင်းက စစ်ရှုံးသူ ဝေပစိတ္တိအပေါ်၌ သည်းခံခြင်း မျိုးသည် နိုင်လောက်လျက် သည်းခံခြင်းဖြစ်သောကြောင့် သာလွန်၍ မွန်မြတ်လှပါသည်" ဟု မာတလိနတ်သားအား သိကြားမင်း ပြောသည် ကို သတိပြုအပ်ပေသည်။

တစ်ဖန် ခန္တီတရားသည် ဘုရားအဆူဆူတို့ ဖြည့်ဆည်းတော်မူ ကြရသော ပါရမီဆယ်ပါးတွင်လည်း တစ်ပါးအပါအဝင် ဖြစ်သည်။ "သမ္မာနဝမာနက္ခမော = မြတ်နိုးခြင်း၊ မထီမဲ့မြင်ပြုခြင်းကို သည်းခံ လော့" ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပါဠိတော် အလိုအရ ကောင်းသောအရာနှင့် တွေ့လျှင်လည်း စိတ်မတက်၊ မကောင်းသော အရာနှင့် တွေ့လျှင်လည်း စိတ်မပျက်၊ သည်းခံခြင်းကို ခန္တီတရားဟု ခေါ်သည်။ ကောင်းသော လောကဓံတရားများနှင့် တွေ့၍ လောဘ ဖြစ်လျှင်၊ မကောင်းသော လောကဓံတရားများနှင့် တွေ့၍ ဒေါသ ဖြစ်လျှင် ခန္တီမဖြစ်နိုင်ဘဲ ယင်းလောကဓံတရားများနှင့် တွေ့၍ လောဘ ဒေါသ မဖြစ်ပါမှ ခန္တီဖြစ်နိုင်သည်ဟု ဆိုလိုသည်။

သို့ရာတွင် ခန္တီပါရမီအရာ၌ သူတစ်ပါးတို့က ကိုယ်ကျိုး နှုတ်ကျွံ ပြုမူပြောဆိုသည်ကို ဒေါသမထွက်ဘဲ အောင့်အည်းသည်းခံခြင်း ကိုသာလျှင် ခန္တီပါရမီခေါ်ကြောင်း အဋ္ဌကထာ ဆရာမြတ်တို့က ဝတ္ထု သာဓက အသီးသီးဖော်ပြ၍ ဖွင့်ပြတော်မူကြသည်။ စရိယာ ပိဋကတ် အဋ္ဌကထာ၌ မဟာကရုဏာဉာဏ်၊ ဥပါယကောသလ္လဉာဏ် ၂–ပါးတို့ဖြင့် သိမ်းဆည်းအပ်သော သတ္တဝါသင်္ခါရတို့၏ အပြစ်ကို သည်းခံခြင်း တည်းဟူသော အခြင်းအရာဖြင့်ဖြစ်သော စိတ်စေတသိက်တရားစုကို ခန္တီပါရမီခေါ်ကြောင်း ဖွင့်ပြတော်မူသည်။

အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း သည်းခံခြင်းဟူသည် ထိုအခြင်း အရာဖြင့်ဖြစ်သော နာမ်ခန္ဓာ ၄–ပါးပင်ဖြစ်ကြောင်း ဖွင့်ပြတော်မူသည်။ ဧကေဆရာတို့က ခန္တီ၏ တရားကိုယ်ကို ပညာတရားဟု ယူပြီး မူလဋီကာ

ဆရာကမူ အဒေါသစေတသိက်ဟု ဖွင့်ပြတော်မူသည်။

ပညာရှိ အချို့ကမူ ပါဠိတော်တွင် 'သမ္ဗာနဝမာနက္ခမော= မြတ်နိုးခြင်း၊ မထီမဲ့မြင်ပြုခြင်းကို သည်းခံလော့' ဟု ဟောတော်မူချက်ကို မြတ်နိုးမှုကိုရော မထီမဲ့မြင်ပြုမှုကိုပါ သည်းခံရမည်ဟု အဓိပ္ပာယ် သက်ရောက်သော်လည်း မထီမဲ့မြင်မှု၊ စော်ကားမှုကိုသာ လူတို့မခံချင်ကြ။ ဒေါသထွက်တတ်ကြသည်။ မြတ်နိုးသမှု အရှိအသေ ပြုလာသည်ကိုကား မည်သူမျှမခံချင်ဟူ၍မရှိ။ မည်သူမျှ ဒေါသမထွက်ကြ။ အများမခံချင်သော ဒေါသထွက်မည့်အရာကို ဒေါသမထွက်ဘဲ ခံနိုင်ရည် ရှိမှသာလျှင် သည်းခံခြင်းဟု ဆိုထိုက်သည်။ အကယ်၍ ပါဠိတော်ကို တိုက်ရိုက် လာသည့်အတိုင်း မြတ်နိုးမှု၊ မထီမဲ့မြင်မှုတို့ကို ခန္တီပါရမီ အဖြစ်ယူလျှင် ဥပေက္ခာပါရမီနှင့် ထူးမခြားနား ဖြစ်သွားမည်ဟု ဆိုကြသည်။ ထို ပညာရှိတို့သည်လည်း စရိယာ ပိဋကတ် အဋ္ဌကထာနှင့် မူလဋီကာတို့ကို အားကိုး၍ ပြောဆိုသောကြောင့် ထိုပညာရှိတို့၏ စကားကိုလည်း မပယ်သင့်ဟု တိပိဋကဓရ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသည်။

သို့ရာတွင် ခန္တီပါရမီ၊ ဥပေက္ခာ ပါရမီတို့မှာ မတူခြားနား ကွဲပြားသော အဓိပ္ပာယ်ရှိသည်။ သတ္တဝါ သင်္ခါရတို့က မိမိအပေါ် ပြုအပ်သောအမှုကို သည်းခံခြင်းကား ခန္တီဖြစ်ပြီး မိမိက သတ္တဝါ သင်္ခါရတို့အပေါ် မမုန်းမချစ် လျစ်လျူရှုခြင်းကား ဥပေက္ခာဖြစ်သည်။ လယ်တီဆရာတော်က မင်္ဂလသုတ်နိဿယ၌ ခန္တီကို 'သုခနှင့်တွေ့သော်လည်း စိတ်မတက်၊ ဒုက္ခနှင့်တွေ့သော်လည်း စိတ်မပျက် အမျက်မထန် သည်းခံခြင်း' ဟု အနက်ဘာသာ ပြန်ဆိုထားသဖြင့် ပါဠိတော်နှင့် ညီညွှတ်ကြောင်း သိရှိနိုင်သည်။ အလားတူ မင်းကျင့်တရား ၁၀-ပါးကို ပြရာ၌ ခန္တီနှင့် အက္ကောဓ ၂-ပါး ပါဝင်နေသဖြင့် ပညာရှာသူတို့ ဉာဏ်မျက်စိလည်ဖွယ် ဖြစ်နေရပြန်သည်။ အမှန်မှာ ယင်းခန္တီနှင့် အက္ကောဓတရား ၂-ပါးမှာလည်း အဓိပ္ပာယ် ခြားနားလျက်ရှိသည်။ အမျက်ဒေါသကို

သိမ်းဆည်းမှုဟူသမျှသည် ခန္တီဖြစ်သည်မဟုတ်။ အချို့သာ ခန္တီဖြစ်ထိုက်သည်။ သူတစ်ပါးတို့၏ ကိုယ်နှုတ်ကျူးလွန်မှုအတွက် အမျက်ကို သိမ်းဆည်းခြင်းသာလျှင် ခန္တီဖြစ်ပြီး မိမိစေခိုင်းလိုက်ရာ၌ စိတ်တိုင်းမကျသည့်အတွက် ထွက်လာသော အမျက်ဒေါသကို သိမ်းဆည်းခြင်းမှာ သူတစ်ပါးတို့၏ ကိုယ်နှုတ်ကျူးလွန်မှုနှင့် မဆိုင်သောကြောင့် ခန္တီမဖြစ်ဘဲ အက္ခောဓ သာဖြစ်သည်၊ အင်္ဂုတ္တရ နဝက နိပါတ်လာ ဤသူသည် ငါ၏ အကျိုးမဲ့ကို ရှေးက ပြုဖူး၊ ယခု ပြုဆဲ၊ နောင် ပြုလတ္တံ့၊ ငါ့မိတ်ဆွေ၏ အကျိုးမဲ့ကို ရှေးက ပြုဖူး၊ ယခု ပြုဆဲ၊ နောင် ပြုလတ္တံ့. ငါ့ရန်သူ၏ အကျိုးစီးပွားကို ရှေးက ပြုဖူး၊ ယခု ပြုဆဲ၊ နောင် ပြုလတ္တံ့.ဟူသော အမျက်ထွက်ကြောင်း ၉–မျိုး အရ ထွက်လာသော အမျက်ဒေါသများနှင့် မိုးရွာလျှင်လည်း ရွာပြန်ပြီ၊ နေပူပြန်လည်း ပူပြန်ပြီ စသည်ဖြင့် အရာမဟုတ်သည်၌ ထွက်သော အဌာနကောပခေါ် အမျက်ဒေါသများကို သိမ်းဆည်းခြင်းသည်လည်း အက္ခောဓပင် ဖြစ်သည်။

အချုပ်အားဖြင့် ခန္တီပါရမီ ရှာမှီးသူသည် ဆာဝင်စတန်ချာချီ ပြောသော ဒေါသလွှမ်းသည့် ခေတ်ကြမ်းဖြစ်စေကာမူ သည်းခံခြင်းတရားကို အမြတ်တနိုး ထားကြရမည်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခန္တီပါရမီကား တစ်ပါးသာ ဖြစ်သော်လည်း အပြားအားဖြင့် ရိုးရိုးသည်းခံခြင်းပါရမီ၊ ကိုယ်အင်္ဂါနှင့်စပ်၍ ပုတ်ခတ်လှီးဖြတ်ခြင်းကိုပင် သည်းခံခြင်း ဥပပါရမီ၊ မိမိအသက်သတ်ခြင်းကို သည်းခံခြင်း ပရမတ္ထ ပါရမီဟူ၍ ၃–ပါး ပြားသောကြောင့် ဖြစ်သည်။ ခန္တီဝါဒီရသေ့အား ကလာဗုမင်းက ရှေးဦးစွာ ဆဲရေး တိုင်းထွာ ကြိမ်းမောင်းသည်။ ၎င်းနောက် နား နှာခေါင်းစသော ကိုယ်အင်္ဂါများကို လှီးဖြတ်သည်။ ၎င်းနောက် အသက်သေသည်အထိ သတ်လိုက်သည်။ သို့ရာတွင် ဘုရားလောင်း ခန္တီဝါဒီရသေ့သည် ခန္တီပါရမီ၊ ခန္တီဥပပါရမီ၊ ခန္တီပရမတ္ထ ပါရမီ ဖြစ်အောင် အားလုံးကို သည်းခံတော်မူခဲ့သည်။

အမှန်မှာ ခန္တီ ပရမံ တပေါ တိတိက္ခာ = ပြင်ပရန်ကို

သည်းခံခြင်းသည် မြတ်သောအကျင့် ဖြစ်သည်'ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း ခန္တီတရားသည် မြင့်မြတ်သော ပုဂ္ဂိုလ်တို့၏ အကျင့်သာဖြစ်သည်။ အင်္ဂုတ္တရ အဋ္ဌက နိပါတ်၌ အား ၈-ပါးကို ပြရာ၌ ခန္တီတရားသည် ရသေ့ရဟန်း (သူတော်စင်)များ၏ အားဖြစ်သည်ဟု ဟောတော်မူသည်။ အာဋ္ဌာနာဋိယ သုတ်ပရိတ်တရားတော်၌လည်း သူတော်စင် သူတော်မြတ်တို့၏ သီလ၊ မေတ္တာ၊ ခန္တီ၊ သစ္စာဟူသော အစွမ်းတရား ၄-ပါးကို ဟောတော်မူရာ၌ ခန္တီတရားလည်း တစ်ပါး အပါအဝင်ဖြစ်သည်။ ဘီစီ ၆၀၄-၌ မွေးဖွားသော တရုတ်တွေးခေါ်ရှင် တောင်ဝါဒကို ချပျိုးခဲ့သော လောင်ဇူ ဆရာကြီးကလည်း 'ပညာရှိ အခေါ်ခံထိုက်သူသည် ဝါကြွားခြင်း မရှိသည့်အပြင် မိမိကိုယ်ကို ရန်ပြုမည့်သူအား သည်းခံခြင်းတရားဖြင့် တန်ပြန်ကာ ကျင့်သူဖြစ်သည်။ သည်းခံသူသည် ပညာရှိဖြစ်သည်။ မိမိကိုယ်ကို မိမိဆုံးမနိုင်မှသာလျှင် ပညာရှိခေါ်ထိုက်သည်'ဟု ဟောပြောခဲ့သည်။

သည်းခံခြင်း ခန္တီတရားကို လက်ကိုင်ထား၍ ပညာရှိသူတော်ကောင်းများ ဖြစ်ကြလျက် ငြိမ်းချမ်းသာယာသော လူ့ဘောင်လောကကြီးကို တည်ဆောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

**ကံဟူသည် ပြုလုပ်မှုပင်ဖြစ်သည်။**
**ကိုယ်ဖြင့်ပြုလုပ်မှု၊ နှုတ်ဖြင့် ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှု ဟူသမျှကို ကံဟုခေါ်သည်။**
**သို့ရာတွင် ပြုလုပ်ပြောဆို ကြံစည်မှုတိုင်းသည် ကံမမည်နိုင်ပါ။**
**စေတနာဖြင့် ပြုလုပ်ပြောဆို ကြံစည်မှုများသာ ကံမည်နိုင်သည်။**
**ဤသို့သော ကံများသာ အကျိုးပေးနိုင်သည်။**

## ကံကြမ္မာ

ကံကြမ္မာဟူသော ဝေါဟာရကို ကျွန်ုပ်တို့ တွင်ကျယ်စွာ သုံးနှုန်းလျက် ရှိကြသည်။ ကောင်းသော အရာဌာန၊ မကောင်းသော အရာဌာန ၂-မျိုးလုံး၌ပင် သုံးနှုန်းလေ့ရှိကြသည်။ အမှန်မှာ ကံကြမ္မာဟူသော ဝေါဟာရကို မကောင်းသောအရာဌာန အဖြစ်ဆိုးများ၌သာ ရည်ညွှန်း သုံးနှုန်းရန် သင့်သည်။ ကောင်းသော အရာဌာနများ၌မူ ကံဟူသော ဝေါဟာရကို သုံးနှုန်းသင့်သည်။ ကံနှင့် ကံကြမ္မာသည် အလွန်ကွဲပြားသော အဓိပ္ပာယ်ကို ဆောင်လျက်ရှိသည်။ ကံဟူသော ဝေါဟာရတွင် ကောင်း မကောင်းသော အကြောင်းတရား ၂-ပါး ပါဝင်နေသော်လည်း ကံကြမ္မာဟူသော ဝေါဟာရတွင်မူ မကောင်းမှု ကံကြောင့် ခံစားရသော အဖြစ်ဆိုး အကျိုးတရားများသာ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ယင်း ၂-မျိုးကို ကွဲကွဲပြားပြား သိရှိထားရန်နှင့် အရာဌာန အားလျော်စွာ သုံးနှုန်းကြရန် လိုအပ်သည်။

ကံဟူသည် ပြုလုပ်မှုပင်ဖြစ်သည်။ ကိုယ်ဖြင့် ပြုလုပ်မှု၊ နှုတ်ဖြင့်

ပြောဆိုမှု၊ စိတ်ဖြင့် ကြံစည်မှု ဟူသမျှကို ကံဟု ခေါ်သည်။ သို့ရာတွင် ပြုလုပ်ပြောဆိုကြံစည်မှုတိုင်းသည် ကံမမည်နိုင်ပါ။ စေတနာဖြင့် ပြုလုပ်ပြောဆိုကြံစည်မှုများသာ ကံမည်နိုင်သည်။ ဤသို့သော ကံများသာ အကျိုးပေးနိုင်သည်။ ကံသည် မကောင်းသော အကုသိုလ်ကံ၊ ကောင်းသော ကုသိုလ်ကံဟူ၍ ၂–မျိုးရှိသည်။ ထိုတွင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးဆိုးတိုက်ခိုက် အဓမ္မယူခြင်း၊ မူးယစ်ဆေးဝါး အရက်သေစာ သောက်သုံးခြင်း အပါအဝင် သူ့မယားပြစ်မှားခြင်း သုံးမျိုးသည် ကိုယ်ဖြင့် ပြုလုပ်သော မကောင်းသော ကာယဒုစရိုက်ကံများဖြစ်သည်။ လိမ်ပြောခြင်း၊ ကုန်းချောခြင်း၊ ဆဲဆိုရိုင်းပျ မောက်မာကြမ်းတမ်းစွာ ပြောဆိုခြင်း၊ အကျိုးမရှိ စီးပွားနှင့်မစပ်သော ပြိန်ဖျင်းစကား ပြောခြင်း လေးမျိုးသည် နှုတ်ဖြင့်ပြောဆိုအပ်သော ဝစီဒုစရိုက်ကံများ ဖြစ်သည်။ သူတစ်ပါး စည်းစိမ်ကို မိမိစည်းစိမ်ဖြစ်အောင် မတရား လောဘဖြင့် ကြံစည်ခြင်း၊ သူတစ်ပါးအား သေကြေပျက်စီးစေရန် မတရား ဒေါသဖြင့်ကြံစည်ခြင်း၊ ဖောက်ပြန်မှားယွင်းသော အယူကိုယူခြင်း သုံးမျိုးသည် စိတ်ဖြင့်ကြံစည်သော မနောဒုစရိုက်ကံများဖြစ်သည်။

ဖော်ပြပါ ကာယ ဝစီ မနော ဒုစရိုက် ဟူသော မကောင်းကံများကို ရှောင်ကြဉ်ပါက ကောင်းသော ကာယ ဝစီ မနော သုစရိုက်ကံများ ဖြစ်လာသည်။ သို့ရာတွင် အကျိုးပေးသော ကုသိုလ်ကမ္မပထ မြောက်ရန်အတွက် ယင်းဒုစရိုက် ၁၀–ပါးကို ရှောင်ရုံဖြင့် မလုံလောက်သေးပါ။ ဒါန၊ သီလစသော ပုညကြိယာဝတ္ထုများကို ပြုရန်လည်း များစွာရှိသေးသည်။ ၎င်းတို့မှာ ဒါနပြုခြင်း၊ သီလ ဆောက်တည်ခြင်း၊ သမထ ဝိပဿနာ ဘာဝနာများ ပွားများခြင်း၊ အသက်ကြီးသူ၊ သီလသမာဓိ ပညာဂုဏ် ကြီးသူတို့အား ဆည်းကပ်ခစား အရိုအသေပြုခြင်း၊ ၎င်းတို့၏ ဝတ်ကြီး ဝတ်ငယ်ကို ပြုစုခြင်း၊ မိမိပြုသော ကုသိုလ်အဖို့ကို သူတစ်ပါးအား အမျှဝေခြင်း၊ သူတစ်ပါးပြုသော ကုသိုလ်အဖို့ကို

ဝမ်းမြောက်နှမော် သာဓုခေါ်ခြင်း၊ တရားစကား နာကြား ဖတ်ရှု သင်ယူခြင်း၊ တရားစကား ဟောပြော ရေးသား ဖြန့်ဝေခြင်း၊ အယူကိုဖြောင့်မှန်စွာ ယူခြင်း (အထူးသဖြင့် အပါယ်ငရဲမြဲသော ကံပယ် အယူမျိုးကို မယူမိရန်လိုသည်) ဟူ၍ ၁၀-မျိုးရှိသည်။

အချုပ်အားဖြင့် သဒိသံ ဇနေတိ ပါကံ = စေတနာ တူသောအကျိုးပေးသည် ဆိုသည့်အတိုင်း ကောင်းမှုကုသိုလ်ကံများ ပြုလုပ်သူသည် ကောင်းကျိုးကိုလည်းကောင်း၊ မကောင်းမှု အကုသိုလ် ကံများ ပြုလုပ်သူသည် မကောင်းကျိုးကိုလည်းကောင်း၊ ရရှိခံစားကြရ မည်ဖြစ်သည်။ ဇနက ကံအကျိုးပေးခြင်းပင်ဖြစ်သည်။

ကံတရားက ကောင်းကျိုး မကောင်းကျိုးကို ပေးသည်ဟု ဆိုရာ၌ လူတစ်ဦးအဖို့ တစ်သက်ပတ်လုံး နေ့စဉ် ကောင်း မကောင်း အလုပ်များကို အဆက်မပြတ် တရစပ် ပြုလုပ် နေရာတွင် အချို့ကံက ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဇနကကံ အကျိုးပေးခွင့်ရအောင်၊ အကျိုးပေးသန် အောင်၊ ကြာအောင် ဥပတ္ထမ္ဘကကံ အနေဖြင့် ထောက်ပံ့ပေးသည်။ အချို့ ကံက ဇနကကံ အကျိုးပေးခွင့် မရအောင်၊ ရသော်လည်း အကျိုးပေး မသန်အောင်၊ ကာလတိုအောင် ဥပပီဠကကံ အနေဖြင့် နှိပ်စက် လိုက်သည်။ အချို့ ကံက အကျိုးပေးမည့် ဇနကကံများက လုံးဝ အကျိုးမပေးအောင် ဥပဃာတကကံ အနေဖြင့် သတ်ဖြတ်လိုက် သည်။ အင်္ဂုလိမာလ၏ ခိုးသားအဖြစ်၌ ပြုခဲ့သော အကုသိုလ် ကံများ အကျိုးမပေးအောင် မဂ်စေတနာဟူသော ကုသိုလ်ကံကြီး က သတ်ဖြတ်လိုက်သည့် နည်းတူပင်ဖြစ်သည်။

လူတစ်ဦးတစ်ယောက် ပြုလိုက်သော ကံများသည် အထက် ဖော်ပြပါ ပုံစံအတိုင်း အကျိုးပေးသည်ဟု ဆိုသော်လည်း အချို့ကံများ သည် ဘိက္ခုနီမကို ဖျက်ဆီးမှုအပါအဝင် အမိသတ်မှု၊ အဖသတ်မှု၊ ရဟန္တာသတ်မှု၊ ဘုရားအား သွေးစိမ်းတည်အောင် ပြုလုပ်မှု၊ သံဃာ သင်းခွဲမှု ဟူသော ပဉ္စာနန္တရိယကံနှင့် ကံပယ်ဝါဒဖြစ်သော ကောင်းကံ

မကောင်းကံမရှိ။ ၎င်း၏အကျိုးမရှိ၊ ၎င်းတို့အား ပြုသော်လည်း ပြုသည် မမည်ဟု ယူသော အဟောတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ ဟူသော နိယတမိစ္ဆာ ဒိဋ္ဌိကံမျိုးများ ဖြစ်နေလျှင် ကြီးလေးသော ဂရုကံများဖြစ်သောကြောင့် အခြား မည်သည့်ကံများကမှ ထောက်ပံ့နိုပ်စက် ပယ်သတ်နိုင်ခြင်း မရှိတော့ဘဲ မုချမလွဲ အပါယ်ငရဲ ကျမည်ဖြစ်သည်။ အလားတူ ကုသိုလ်ဘက်၌ ရူပဈာန်ကုသိုလ်၊ အရူပဈာန်ကုသိုလ်ကံ ဖြစ်လျှင် ဂရုကံဖြစ်သောကြောင့် ရူပဗြဟ္မာ၊ အရူပဗြဟ္မာ အကျိုးကို မုချမလွဲ ပေးမြဲဖြစ်သည်။

ယင်း ဂရုကံမှလွဲလျှင် သေခါနီး ကာလ၌ ပြုလုပ်သော၊ အောက်မေ့သတိရသော အာသန္နကံက အကျိုးပေးသွားပြန်သည်။ အာသန္နကံမရှိလျှင် အမြဲပြုလုပ်လေ့ရှိသော၊ တစ်ကြိမ်ပြုလုပ်သော်လည်း အမြဲသတိရ အောင့်မေ့လေ့ရှိသော အာစိဏ္ဏကံက အကျိုးပေးသွား ပြန်သည်။ အချို့ကံများကား သာမန်ပြုလုပ်ခဲ့သော ကံများဖြစ်၍ ကဋတ္တာကံ အမည်ရကြသည်။ ထို့ကြောင့် အချို့ကံများသည် ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံ အနေဖြင့် အကျိုးမပေးလျှင် ကဋတ္တာကံ အနေဖြင့် အကျိုးပေးပြန်သည်။

ကံများအကျိုးပေးသော ကာလအချိန်အခါနှင့်စပ်လျဉ်း၍ ၄-မျိုး ရှိသည်။ အချို့ကံက အနာဂါမ် သို့မဟုတ် ရဟန္တာ အလှူခံဖြစ်ခြင်း ဝတ္ထုသမ္ပဒါ၊ အလှူရှင်က စေတနာထက်သန်ခြင်း စေတနာ သမ္ပဒါ၊ တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဖြစ်ခြင်း ပစ္စယသမ္ပဒါ၊ အလှူခံပုဂ္ဂိုလ် နိရောဓသမာပတ်မှ ထစဖြစ်၍ လွန်ကဲသော ဂုဏ်နှင့် ပြည့်စုံခြင်း ဂုဏာ တိရေကသမ္ပဒါ ဟူသော အကြောင်းလေးပါးနှင့် တိုက်ဆိုင် ပြည့်စုံလျှင် မဟာဒုက်ကဲ့သို့ ဒိဋ္ဌဓမ္မ (ချက်ချင်း ပစ္စုပ္ပန်ဘဝတွင်ပင်) အကျိုးပေးသည်။ အချို့ကံများသည် ဒုတိယဘဝတွင် အကျိုးပေးသည်။ အချို့ကံများသည် တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ ဘဝအဆက်ဆက်၌ အကျိုးပေးသည်။ အချို့ကံများက အကျိုးမပေးဘဲ အဟောသိကံ

ဖြစ်သွားသည်။ ဥပမာအားဖြင့် ဒိဋ္ဌဓမ္မ အကျိုးပေးမည့် ကံတူ အများအပြားကို (ဥပမာ ပဉ္စာနန္တရိယကံငါးပါးကို) ပြုရာ၌ ကံတစ်ခုက အကျိုးပေးလိုက်ပြီးဖြစ်လျှင် ကျန်ကံများအကျိုးမပေးတော့ဘဲ အဟောသိကံ ဖြစ်သွားခြင်းမျိုးပင် ဖြစ်သည်။ ကံအကြောင်းကား ကျယ်ပြောလှသဖြင့် သိသာရုံအကျဉ်းမျှ တင်ပြလိုက်ရခြင်းဖြစ်သည်။

ကံကြမ္မာကား မကောင်းမှုကံကြောင့် ညှဉ်းပန်းနှိပ်စက်ခံရမှု အဖြစ်ဆိုးများဟု အဓိပ္ပာယ်ရရှိသည်။ အကုသိုလ်ကံကြောင့် ခံစားရသော အဖြစ်ဆိုး မကောင်းကျိုးများပင်ဖြစ်သည်။ အကုသိုလ်ကံများကြောင့် ငရဲသို့ ရောက်ရှိလာသူများကို ငရဲထိန်းများက ညှဉ်းပန်းနှိပ်စက်နည်း ၃၂-နည်းဖြင့် ပြုလုပ်ပျော်ပါးမှုကို ကမ္မကရဏ (ကံကြမ္မာ) ဟုခေါ်ခြင်း ဖြစ်သည်။ ဒွတ္တိံသကမ္မကရဏ ခေါ် ကံကြမ္မာ ၃၂-ပါး ကား ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

၁။ ဆူးရှိကြိမ်လုံးဖြင့် ရိုက်ခြင်း။
၂။ ဆူးမဲ့ကြိမ်လုံးဖြင့် ရိုက်ခြင်း။
၃။ တုတ်ဖြင့် ရိုက်ခြင်း။
၄။ လက် ၂-ဖက် ဖြတ်ခြင်း။
၅။ ခြေ ၂-ဖက် ဖြတ်ခြင်း။
၆။ နား ၂-ဖက် ဖြတ်ခြင်း။
၇။ နှာခေါင်းဖြတ်ခြင်း။
၈/၉။ နား နှာခေါင်းဖြတ်ခြင်း။
၁၀။ လျှာဖြတ်ခြင်း။
၁၁။ ဦးခေါင်းခွဲ၍ ဦးနှောက်ကို သံတွေခဲဖြင့် ပွက်ပွက်ဆူစေခြင်း။
၁၂။ ဦးခေါင်းအရေခွံခွာခြင်း။
၁၃။ သံတံသင်းဖြင့် ခံတွင်းကို ထောက်၍ ခံတွင်း၌ မီးထွန်းပြီး မျက်နှာကို ဆောက်ဖြင့် ထွင်းဖောက်၍ သွေးကိုခံတွင်း၌ စုစေခြင်း။

၁၄။ တစ်ကိုယ်လုံး ရေနံစိမ် အဝတ်ပတ်၍ မီးပန်းပဒေသာ ပြုခြင်း။
၁၅။ လက်မီးတောက် ပြုလုပ်ခြင်း။
၁၆။ ခါးမှစ၍ ခြေမျက်စိအထိ အရေခွာစုံပြီး လက် စသည်တို့ကို ကြိုးချည်၍ ယင်းအရေခွံပေါ်၌ ဆွဲငင်ပြေးလွှားကြခြင်း။
၁၇။ လည်ပင်းမှခါးအထိ အရေခွာ၍ လျော်တေအဝတ်ကဲ့သို့ ပြုခြင်း။
၁၈။ တံတောင်ဆစ် ၂–ဖက်၊ ဒူးပုဆစ် ၂–ဖက်တို့၌ သံကွင်း သံခြေကျင်း လျှိုခတ်၍ သံချောင်းနှက်ပြီး တွားသွားစေကာ မီးပတ်လည်မြိုက်ခြင်း။
၁၉။ သံပြားချိတ်တို့ဖြင့် တစ်ကိုယ်လုံး၌ အရေအသားတို့ကို အမျှင်မျှင် ချိတ်ငင်ခြစ်ယူခြင်း။
၂၀။ ဓားပဲခွပ်တို့ဖြင့် ခြေဖမိုးမှစ၍ တစ်ကိုယ်လုံး၌ အသားများကို တစ်ကျပ်သားစီ၊ တစ်ကျပ်သားစီ လှီးဖြတ်ထုတ်ယူခြင်း။
၂၁။ တစ်ကိုယ်လုံး၌ လှံတို့ဖြင့် ထိုးဆွ၍ ဆား ဆပ်ပြာမံခြင်း။
၂၂။ နားပေါက် ၂–ဖက်၌ သံတံကျင်လျှိုပြီး လှည့်ခြင်း။ ခြေ ၂–ချောင်းဆွဲ၍ ပတ်ပတ်လည် လှည့်ခြင်း။
၂၃။ တစ်ကိုယ်လုံးရှိ အရိုးများ ကြေမွအောင်ထု၍ ဆံပင်ကိုင်ဆွဲပြီး လှုပ်ခါချခြင်း။
၂၄။ ဆီပူလောင်းခြင်း။
၂၅။ ခွေးကိုက်စေခြင်း။
၂၆။ သံတံကျင်လျှိုခြင်း။
၂၇။ သန်လျက်ဖြင့် ဦးခေါင်းဖြတ်ခြင်း။
၂၈။ ရဲရဲတောက်သော သံတံသင်းကို လက်တစ်ဖက်၌ စိုက်ခြင်း။
၂၉။ ယင်းသံတံတင်းဖြင့် အခြား လက်တစ်ဖက်၌ စိုက်ခြင်း။
၃၀။ ယင်းသံတံတင်းဖြင့် ခြေတစ်ဖက်၌ စိုက်ခြင်း။

၃၁။ ယင်းသံတံသင်းဖြင့် အခြား ခြေတစ်ဖက်၌ စိုက်ခြင်း။

၃၂။ ယင်းသံတံသင်းဖြင့် ရင်လယ်၌ စိုက်ခြင်း။

ဖော်ပြပါ ၃၂-ပါးသည် လူ့ပြည်၌ လည်းကောင်း၊ ငရဲပြည်၌ လည်းကောင်း ထင်ရှားတည်ရှိသော ကမ္မကရဏာ (ကံကြမ္မာ)များ ဖြစ်သည်။ နောင်ကာလ၌မူကား လူ့ပြည်၌ မျက်လုံးဖောက်ခြင်း၊ ရင်ခွဲခြင်း၊ ခါးပိုင်းခြင်း စသည်ဖြင့် စိတ်ထင်တိုင်း ညှဉ်းပန်းမှုများစွာ ရှိလာသည်။ ငရဲ၌မူ ယင်း၃၂-မျိုးအပြင် ငရဲထိန်းတို့ ညှဉ်းပန်းနည်းကား ကာလသုတ်၌ အမျိုးမျိုး၊ သိဉ္စိုဝ်း၌ အမျိုးမျိုး အထောင်မကပင် ရှိသည်ဟု ဆိုပါသည်။ စာဖတ်သူများ ကံနှင့် ကံကြမ္မာကို ကွဲကွဲပြားပြား သိရှိကြပြီး အရာဌာန အားလျော်စွာ သုံးနှုန်းနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ဆန်ဖြူ ဆန်ကောင်း ထောင်းမှ သိနိုင်သည်။ လူဆိုး လူကောင်းပေါင်းမှ
သိနိုင်မည်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် သူတစ်ပါး စိတ်အကြံကို
သိစွမ်းနိုင်သော ပရစိတ္တ ဝိဇာနန အဘိညာဉ်ကို ရရှိထားသူ၊ သမာဓိစွမ်းအား
ကြီးမားသူ ဖြစ်မှသာလျှင် လူကဲခတ်မှု အမှန်တရားကို
ပြည့်စုံနိုင်လုံစွာ ရရှိနိုင်မည်ဖြစ်သည်။

## လူကဲခတ်နည်း

'ရေမှာ ငါးလမ်း၊ လူ့စွမ်းကံစ၊ မိန်းမအတွင်းဉာဏ်၊ ဣလေးတန်ကား၊ အမှန်လျှို့ဝှက်၊ အသိခက်၏' ဟု အသိခက်ရာ အချက်လေးချက်တွင် လူ၏ အစွမ်းအစ အရည်အသွေးကို အသိခက်ကြောင်း ၁-ချက် ပါဝင်သည်။ လူ၏ အစွမ်းအစ အရည်အသွေးကို သိရန်ခက်သည်ဟု ဆိုစေကာမူ လူများသည် မိမိတို့ဆက်ဆံနေရသော လူများ၏ အစွမ်းအစ အရည်အသွေး စိတ်နေစိတ်ထားများကို နည်းအမျိုးမျိုးဖြင့် အကဲခတ် လျက်ပင်ရှိကြသည်။ ရှေးကာလက ကာလီဒါသဆရာသည် လူတစ်ယောက်၏ အသံကိုကြားရရုံဖြင့် ယင်းလူ၏ အစွမ်းအစ အရည်အသွေးနှင့် စိတ်နေစိတ်ထားကို ဟောပြောနိုင်သည်သာမက ယင်းလူ၏ ရုပ်ပုံလွှာကိုပါ အတိအကျ ပြောနိုင်သည်ဟုဆိုသည်။ ရှေးက မြန်မာ သမားတော် အချို့ကလည်း လူနာ၏ အသံကို ကြားရရုံဖြင့် လူနာ၏ အခြေအနေကို အတတ်ပြောနိုင်သည်ဟု ဆိုပါသည်။

ယခုအခါ သဒ္ဒ လက္ခဏာဖြင့် လူကို အကဲခတ်နိုင်သူရှားပါးပြီး ရူပလက္ခဏာဖြင့် အကဲခတ်သူပေါ်များလျက်ရှိသည်။ လူတစ်ယောက်၏ နဖူးရေ ဒူးရေကိုကြည့်၍ ယင်းလူ၏အရည်အသွေး အစွမ်းအစကို မှန်းဆခြင်းသည် မြန်မာလူမျိုးတို့၏ မွေးရာပါ ပညာရပ်သဖွယ် ဖြစ်သည်။ ကာလီဒါသ ရေးသားခဲ့သော သာမုဒ္ဒြိက ကျမ်းတွင်မူ လူတစ်ယောက်၏ အရည်အသွေး အစွမ်းအစကို အကဲခတ်နိုင်ရန် ရူပလက္ခဏာအမျိုးမျိုးကို ဖော်ပြထားသည်။ ဦးခေါင်းလက္ခဏာ၊ နဖူးလက္ခဏာ၊ နားလက္ခဏာ၊ နှာခေါင်းလက္ခဏာ၊ နှုတ်ခမ်းလက္ခဏာ၊ သွားလက္ခဏာ စသည်ဖြင့် စုံလင်လှသည်။ မကြာသေးမီက လူကဲခတ်နည်း အမည်တပ်ထားသော စာအုပ်တစ်အုပ်ကို ဝယ်ဖတ်ကြည့်ရာ ဖော်ပြပါလက္ခဏာကျမ်းအပြင် မျှောက်မျက်နှာ၊ ကြက်မျက်နှာ၊ နွားမျက်နှာ စသည်ဖြင့် မျက်နှာ လက္ခဏာများကိုပါ ဖော်ပြထားသည်ကို တွေ့ရှိရသည်။ တစ်ချို့သူ များကမူ လူတစ်ယောက်၏ လက်ချောင်း လက်မ လက်ဝါးများကို အကဲခတ်၍ ယင်းလူ၏ အစွမ်းအစ အရည်အသွေး စိတ်နေစိတ် ထားကို မှန်းဆကြသည်။

မိတ်ဆွေတစ်ဦးကမူ လူကဲခတ်မှုဟူသည် ငွေကဲခတ်မှုမှ ဆက်နွယ်လာခြင်းဖြစ်သောကြောင့် ငွေကိုအသံမြည်အောင် ပြုခြင်းဖြင့် ငွေစစ်မစစ်ကို သိနိုင်သကဲ့သို့ လူကိုလည်း အသံမြည်အောင်ပြုခြင်းဖြင့် (စကားပြော ကြည့်ခြင်းဖြင့်) ထိုသူ၏ အရည်အသွေးကို သိရှိနိုင်သည် ဟုဆိုသည်။ လောကနီတိ၌–

ရေတိမ်နက်စဉ်၊ ကြာကိုပင်၊ တွေ့မြင်သိအပ်လှ။
အမျိုးမြတ်ယုတ်၊ ကိုယ်နှင့်နှုတ်၊ ပြုလုပ်အမူပြ။
မြေ၏ပြစ်ကျိုး၊ ညှိုးမညှိုး၊ မြက်မျိုးမြင်သိကြ။
ပညာကဝိ၊ ရှိမရှိ၊ ကြားသိစကားမှ။

ဟု ညွှန်ပြထားသည်။ လူတစ်ဦးအား စကားဆိုခြင်းဖြင့် ယင်း လူအား ပညာရှိမရှိကို သိနိုင်သည့်အပြင် ယင်းလူ၏ဝါသနာ ဗီဇ

စိတ်နေ စိတ်ထား အစွမ်းအစများကိုပါ အကဲခတ်နိုင်သည်မှာ အမှန်ပင် ဖြစ်သည်။ အတွေ့အကြုံရင့်ကျက်သော ခုံသမာဓိ တရားသူကြီးနှင့် ရှေ့နေရှေ့ရပ်များကလည်း အမှုသည်၏ ထွက်ဆိုချက်များကို ကြားရခြင်းဖြင့် ယင်း အမှုသည်သည် အမှန်ထွက်ဆိုသူ ဟုတ်မဟုတ် ကို သိရှိနိုင်ကြသည်။

တစ်ဖန်အချို့လူများက လူတစ်ဦးအား ၎င်း၏ စရိုက်ကို ကြည့်ပြီး အကဲခတ်ကြပြန်သည်။ စရိုက်ဆိုသည်မှာ ပင်ကိုရိုးရာ သူတကာ ဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များခြင်းကို ဆိုလိုသည်။ ဤဘဝ၌ မပြတ်ဖြစ်ခြင်း၊ အဖြစ်များခြင်း သဘောကို စရိုက်ခေါ်ပြီး ဘဝများစွာက အထုံအစွဲ ပါလာခြင်းသဘောကို ဝါသနာဟုခေါ်သည်။ စရိုက်သည် အောက်ဖော်ပြပါအတိုင်း ခြောက်မျိုးရှိသည်။

၁။ ရာဂစရိုက် – ကာမဂုဏ် အာရုံကို လိုက်စားမှု အဖြစ်များခြင်း၊
၂။ ဒေါသစရိုက် – စိတ်တို၊ စိတ်ဆတ်၊ စကားပြတ်၊ ကြောက်လန့်မှု အဖြစ်များခြင်း၊
၃။ မောဟစရိုက် – တွေဝေမိုက်မဲရေးဘက် အဖြစ်များခြင်း၊
၄။ သဒ္ဓါစရိုက် – ဘုရား တရား အလှူအတန်းဘက် လိုက်စားမှု အဖြစ်များခြင်း၊
၅။ ဗုဒ္ဓိစရိုက် – ပညာအဆင်အခြင်ဘက် အဖြစ်များခြင်း၊
၆။ ဝိတက်စရိုက် – အကျိုးမများ အကြံပွားမှု၌ အဖြစ်များခြင်း၊

အထက်ဖော်ပြပါ စရိုက် ၆ ပါးရှိသူများ၏ ထူးခြားချက်မှာ ရာဂစရိုက်ရှိသူသည် ကျန် ဒေါသ၊ မောဟ၊ သဒ္ဓါ၊ ဗုဒ္ဓိ၊ ဝိတက်စရိုက် ဖြစ်လောက်သည့်အရာ၌ ချုပ်တည်းနိုင်သော်လည်း ရာဂစရိုက် ဖြစ်လောက်သည့်အရာများ အာရုံများ၌မူ မချုပ်တည်းနိုင်ဘဲ ဖြစ်တတ်သည်။ အလားတူ အခြားဒေါသစသော စရိုက်ရှိသူများသည်လည်း အခြားသော စရိုက်များ ဖြစ်လောက်သည့်အရာများ၊ အာရုံများ၌

ချုပ်တည်းနိုင်သော်လည်း သက်ဆိုင်ရာစရိုက် ဖြစ်လောက်သည့် အရာများ အာရုံများ၌မူ မချုပ်တည်းနိုင်ဘဲ ဖြစ်တတ်သည်။ ထို့ကြောင့် လူတစ်ဦး တစ်ယောက်၏ အပြုအမူ အပြောအဆို စသည်များကို သတိထား အကဲခတ်သောအားဖြင့် မည်သည့် စရိုက်ရှိသူ ဖြစ်ကြောင်း သိရှိနိုင် မည်ဖြစ်သည်။

စရိုက် ၆ ပါးအနက် ရာဂစရိုက်ရှိသူသည် ဣရိယာပုတ်အားဖြင့် အသွားအလာ အနေအထိုင် ယဉ်ကျေးပျပ်ဝပ် လျောက်ပတ်တင့်တယ်သည်။ ကိစ္စအားဖြင့် အလုပ်အကိုင်နှင့် ဝတ်စားဆင်ယင်မှု စသည်တို့၌ သေသပ်ကျနသည်။ ဘောဇဉ်အားဖြင့် အချိုအဆိမ့် အမွှေးအကြိုင် ပျံ့လှိုင်နူးညံ့သော ဘောဇဉ်ကိုနှစ်သက်သည်။ ဒဿနအားဖြင့် အတော်အတန် လှပသော ရူပါရုံ သဒ္ဒါရုံတို့နှင့် တွေ့လျှင် မခွာချင်အောင် ဖြစ်တတ်သည်။ ဓမ္မပဝတ္တိအားဖြင့် ပရိယာယ်မာယာများသည်။ ကောက်ကျစ်စဉ်းလဲမှု များသည်။ လောဘရမ္မက် ကြီးသည်။

ဒေါသစရိုက်ရှိသူသည် ဣရိယာပုတ်အားဖြင့် အသွားအလာ ကြမ်းတမ်းသည်။ ကိစ္စအားဖြင့် သပ်ယပ်မှုမရှိ။ ကြည့်ရှုတိုင်း အဆင်တန်လျက်ရှိသည်။ ဘောဇဉ်အားဖြင့် ချဉ်ငန်ဖန်ခါး စူးရှသော အရသာများကို နှစ်သက်သည်။ ဒဿနအားဖြင့် မကောင်းသောရူပါရုံ၊ သဒ္ဒါရုံတို့နှင့် တွေ့ကြုံလျှင် ချုပ်တည်းခြင်းမရှိ။ ဆိုဆဲငေါက်ငန်း ကြမ်းတမ်း စိတ်တိုတတ်သည်။ ဓမ္မပဝတ္တိအားဖြင့် ရန်ငြိုးဖွဲ့ခြင်း အာဃာတ၊ မနာလိုခြင်း ဣဿာ၊ ဝန်တိုခြင်း မစ္ဆရိယ၊ သူတစ်ပါးဂုဏ်ကို ချေဖျက်ခြင်း မက္ခ၊ ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ခြင်း ပဠာသ၊ အဆုံးအမခက်ခြင်း ဒုဗ္ဗစတို့ မုချ အဖြစ်များတတ်သည်။

မောဟစရိုက်ရှိသူသည် ဖွတ်ပဒတ်အသွင် မှိုင်ငေးပေါ့ပျက် ရှုပ်ယှက်ခတ် အနေအထိုင် အသွားအလာရှိသည်။ ကိစ္စအားဖြင့် ပွေပွေလိမ်လိမ်ရှိသည်။ ဘောဇဉ်အားဖြင့် ဘယ်အာဟာရမျိုးကို နှစ်သက်သည်ဟု အမှတ်မရှိ၊ ရရာစားသောက်တတ်သည်။ ဓမ္မပဝတ္တိအားဖြင့်

မိမိအစွမ်းဖြင့် စုံစမ်းနှိုင်းချိန်၍ အကြောင်းအကျိုး အကောင်းအဆိုးကို မဆုံးဖြတ်တတ်သဖြင့် အရပ်ရပ်မှာ သူတကာ၏ နောက်လိုက်သာ ဖြစ်သောကြောင့် သူများ ချီးမွမ်းသူကိုလည်း ရော၍ ချီးမွမ်းတတ်သည်။ သူများ ကဲ့ရဲ့တတ်သူကို မိမိလည်းရော၍ ကဲ့ရဲ့တတ်သည်။ သတိပညာ ကင်းလျက် ထိုင်းမှိုင်း ဖျင်းအခြင်း–ထိနမိဒ္ဓ၊ ပျံ့လွင့်ခြင်း–ဥဒ္ဓစ္စတို့နှင့် ကာလကုန်ရသည်က များသည်။

သဒ္ဓါစရိုက် ရှိသူသည် ရာဂစရိုက်ရှိသူနှင့်တူသည်။ သို့ရာတွင် ဓမ္မပဝတ္တိအားဖြင့် မာယာစသော အကုသိုလ် ဖြစ်လေ့မရှိဘဲ ကြည်လင် ရွှင်လန်းစွာ ပေးကမ်းလှူဒါန်းလေ့ရှိသည်။ ရဟန်းသံဃာကောင်း ဝတ်ကျောင်းဘုရားကို ကိုးကွယ်ကာ တရားဒေသနာကို နာယူမှတ်သား လေ့ရှိသည်။ အချုပ်အားဖြင့် ရာဂသည် အကုသိုလ်အဖို့၌ နူးညံ့သည်။ ကာမဂုဏ်ကို ရှာဖွေသည်။ သဒ္ဓါသည် ကုသိုလ်အဖို့၌ နူးညံ့သည်။ သီလစသောဂုဏ်ကို ရှာဖွေသည်။ သဘောချင်းတူညီသည်။ ထို့ကြောင့် ရာဂများလျှင် သဒ္ဓါများတတ်သည်။ သဒ္ဓါများလျှင် ရာဂ များတတ်သည်။

ဗုဒ္ဓိစရိုက်ရှိသူသည် ဒေါသစရိုက် ရှိသူနှင့်တူသည်။ သို့ရာတွင် စိတ်တိုခြင်းစသော အပြစ်များနှင့် မရောနှောဘဲ ဆုံးမလွယ်သည်။ စားသောက်ဖွယ်ရာ အားလုံး၌ မိမိနှင့် သင့် မသင့်သည်ကို နှိုင်းချင့်၍ စားသောက်လေ့ရှိသည်။ ဘဝဖန်ခါ သံသရာရေးကို သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်မျှော်ကြည့်၍ ဂတိကောင်းရန် ကုသိုလ်ကောင်းမှု အစုစုကို လုံ့လဝီရိယဖြင့် မှန်မှန်ကြီးလုပ်လေ့ရှိသည်။ အချုပ်အားဖြင့် ဒေါသ သည် အာရုံနှင့် မငြိကပ်။ မဟုတ်သောအဖြစ်ကို ရှာဖွေသည်။ ပညာ သည် အာရုံနှင့် မငြိကပ်။ ဟုတ်သောအဖြစ်ကို ရှာဖွေသည်။ သဘောချင်း တူသည်။ ထို့ကြောင့် ဒေါသများလျှင် ပညာများတတ်သည်။ ပညာများ လျှင် ဒေါသများတတ်သည်။

ဝိတက်စရိုက်ရှိသူသည် မောဟစရိုက်ရှိသူနှင့် ထူးမခြားနားပင်

ဖြစ်သည်။ အကြံတွေများ စကားတွေပေါလျက် ကိစ္စမချောဘဲ မျောနေသည်သာများသည်။ ကောင်းသောလုပ်ငန်း ကုသိုလ်လမ်း၌မူ အစွမ်းအစမရှိ၊ ပျင်းရိရိသာဖြစ်သည်။ မိမိလို လူ့ပေါက်ပန်းတို့နှင့် ရောပြွမ်းမွေ့လျော်ကာ ထွေရာလေးပါး အကြံများလျက် သက်သက် လူအား လူပိုတွေသာဖြစ်သည်။ အချုပ်အားဖြင့် မောဟသည် အနှောင့်အယှက်များ၍ မတည်ကြည် မသက်ဝင်နိုင်ခြင်းဖြင့် တုန်လှုပ် သည်။ ဝိတက်သည် အကြံများ၍ မတည်ကြည်၊ လျင်စွာကြံစည်ခြင်း ဖြင့် တုန်လှုပ်သည်။ သဘောချင်း တူသည်။ ထို့ကြောင့် မောဟများလျှင် ဝိတက်များတတ်သည်။ ဝိတက်များလျှင် မောဟများတတ်သည်။ အထူးမှာ လူတစ်ဦးတွင် စရိုက်၂–မျိုး ၃–မျိုး ရှိတတ်သည်ကို သတိပြုရန် ဖြစ်သည်။

အချုပ်အားဖြင့် ဖော်ပြရလျှင် လူကဲခတ်နည်းများအနက် သဒ္ဒ လက္ခဏာ၊ ရူပလက္ခဏာဖြင့် အကဲခတ်နိုင်ရန်မှာ ယင်းလက္ခဏာ ပညာရပ်မျိုးကို လေ့လာဆည်းပူး၍ အချိန်ကြာမြင့်စွာ အတွေ့အကြုံကို ရယူရမည်ဖြစ်သည်။ တစ်ဖန် ပုထုဇဉ်များ ဖြစ်ကြသည့်အတိုင်း အယူအဆမတော်၊ သုံးသပ်မှု ချော်နိုင်သဖြင့် ဆုံးဖြတ်မှုလည်း အမှားပေါ်နိုင်ပါသည်။ အသံ၊ စကားနှင့် စရိုက်ကို အကဲခတ်ရာ၌လည်း အမှုမဲ့ အမှတ်မဲ့နေသူများကိုသာ ရုတ်တရက် အကဲခတ်နိုင်သည်။ ဗဟုသုတရှိ၍ အစစအရာရာ ပြုပြင်ဆင်ခြင် နေသူများကိုမူ အလွယ် တကူ အကဲခတ်ရန် ခက်ခဲလျက် ရှိပြန်သည်။ ဆန်ဖြူ ဆန်ကောင်း ထောင်းမှ သိနိုင်သည်။ လူဆိုး လူကောင်း ပေါင်းမှသိနိုင်မည်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် သူတစ်ပါး စိတ်အကြံကို သိစွမ်းနိုင်သော ပရစိတ္တ ဝိဇာနန အဘိညာဉ်ကို ရရှိထားသူ၊ သမာဓိ စွမ်းအား ကြီးမားသူ ဖြစ်မှသာလျှင် လူကဲခတ်မှု အမှန်တရားကို ပြည့်စုံနိုင်လုံစွာ ရရှိ နိုင်မည်ဖြစ်သည်။

သို့ဖြစ်သောကြောင့် သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်မြတ်များကို နည်းလမ်း မှန်ကန်စွာဖြင့် ဇွဲစိတ်သန်သန် ကျင့်ပွား၍ အဘိညာဉ် တရားများကို ရရှိနိုင်သူ ဖြစ်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

လောကတွင် လိမ္မာပါးနပ်သူများ ရှိတတ်လေရာ
၎င်းတို့၏ လှည့်စားတတ်မှုများ လိမ်လည်တတ်မှု စသည်များကိုလည်း
ဉာဏ်ပညာဟု ဆိုကြလေ့ရှိသည်။
အမှန်မှာ ယင်းအတတ်များကား ပညာမဟုတ်၊
တဏှာပြဋ္ဌာန်းသော မာယာသာဖြစ်သည်။

## ပညာတု

မြန်မာဝေါဟာရများတွင် ပညာဟူသော ဝေါ ဟာရတစ်ရပ်ပါဝင်သည်။ မြန်မာတို့ စွမ်းအားရှိသမျှ အမြတ်တနိုးထား လိုလားလိုက်စားသော အခြင်းအရာ တစ်ရပ်လည်းဖြစ်သည်။ အခြားလူမျိုး များတွင်လည်း ပညာ ဝေါဟာရနှင့် ညီမျှသော ဝေါဟာရအသီးသီးရှိပြီး အမြတ်တနိုးထား လိုလားလိုက်စားလျက် ရှိကြသည်သာဖြစ်သည်။ လူမျိုးတစ်မျိုး၏ ဝေါဟာရသည် အခြားနီးစပ်ရာဘာသာ ဝေါဟာရများနှင့် ကိုးကွယ်ရာ ဘာသာစာပေအရ ကြွယ်ဝလာတတ်စမြဲဖြစ်ရာ မြန်မာ ဝေါဟာရသည်လည်း မြန်မာတို့ကိုးကွယ်ရာ ဗုဒ္ဓဘာသာစာပေ ပါဠိ ဝေါဟာရကြောင့် များစွာ တိုးတက်ကြွယ်ဝလာရသည်။ ပညာဟူသော ပါဠိဝေါဟာရ၏ အဓိပ္ပာယ် အရင်းအမြစ် မြန်မာဝေါဟာရ စစ်စစ်ကား အသိအလိမ္မာဖြစ်သည်။ အသိအလိမ္မာဟူသည် ကျွမ်းကျင်မှု ယဉ်ကျေးမှု ဟု အဓိပ္ပာယ်ရရှိလေရာ ပညာဟုဆိုအပ်သော အလိမ္မာကား ကျွမ်းကျင်မှု

ကို ယူရမည်ဖြစ်သည်။ ကျွမ်းကျင်မှု ဟူသည်မှာလည်း တတ်ကျွမ်းမှု အတတ်ပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့က ပညာကို အသိပညာ အတတ်ပညာဟု ပြောဆိုနေကြခြင်းဖြစ်သည်။ ယင်းပညာ (၂)ရပ်ကို တတ်ကျွမ်းသော ပုဂ္ဂိုလ်များကိုလည်း အသိပညာရှင် အတတ်ပညာရှင်ဟူ၍ ခေါ်ဝေါ်ကြသည်။ ကျောင်း၌ ထပ်ကွမ်းဘွဲ့ဒီဂရီများ ရရှိအောင် သင်ကြားတတ်မြောက်မှုသည် ပညာရှင်ဖြစ်ရန် များစွာ အထောက်အကူ ပေးနိုင်သည်။ **''ကျောင်းတွင်သင်ကြားသော အရာများသည် ပညာရေးမဟုတ်၊ ပညာရရန် နည်းလမ်းများသာ ဖြစ်သည်''**ဟု အီမာဆင်က ဆိုသည်။

ပညာရှင် ဟူသောဂုဏ်ပုဒ်သည် ဂုဏ်တကာတွင် အမြင့်ဆုံး အမြတ်ဆုံးဖြစ်သည်။ ထို့ကြောင့် တတ်သိပညာ တတ်ကျွမ်းသူများသည် ပညာရှင်ဟု အများ၏ အသိအမှတ်ပြုမှုကို ခံယူရရှိရန် ကြိုးပမ်းကြသည်။ **''ကျွန်ုပ်သည် မွေးကတည်းက ပညာပါရမီဖြင့် မွေးလာသူမဟုတ်၊ ပညာကို သိလိုဇောတတ်လိုဇောဖြင့် မနားမနေ ကြိုးစား၍သာ ပညာတတ်ခဲ့ရသည်''** ဟု ကွန်ဖြူးရှပ်က ဆိုသည်။ ဤသို့ သိလိုဇော တတ်လိုဇောဖြင့် မနားမနေ ကြိုးစားနေကြသူများတွင် တတ်ကျွမ်း လာသည့်အလျောက် ပညာရှင်ဟူ၍ အများ၏ အသိအမှတ်ပြုမှုကို ခံရသူများလည်းရှိသည်။ အချို့က တကယ်ပင် နက်နဲစွာ တတ်သိပါ သော်လည်း ပညာရှင်ဟူ၍ အများ၏ အသိအမှတ်ပြုမှုကို မခံရသူ များလည်း ရှိသည်။ အချို့ကမူ ဟိတ်ဟန်ကြောင့် အနည်းအကျဉ်းမျှ တတ်သိပါသော်လည်း ပညာရှင်ဟူ၍ အများ၏ အသိအမှတ်ပြုခြင်းကို ခံယူရရှိနေသူများလည်း ရှိသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က အမြင်တွင် တိမ်မယောင်နှင့် နက်နေမှု၊ နက်မယောင်နှင့် တိမ်နေမှု၊ တိမ်မယောင်နှင့် တိမ်နေမှု၊ နက်မယောင်နှင့် တကယ်နက်နေမှုဖြင့် ရေကန် ဥပမာပြု၍ ပညာရှိ ပညာရှင်များနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ် လေးမျိုးလေးစားရှိကြောင်း မြွက်ကြားတော်မူခဲ့ခြင်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပညာရှင်ဟု အများ၏ အသိအမှတ်ပြု ခံရသူများတွင် အသိပညာဆိုင်ရာ အတတ်ပညာဆိုင်ရာ ဘက်စုံတတ်စွမ်းသော ဘက်စုံပညာရှင် ရှိသော်လည်း ရှားပါးလှပါသည်။ အသိပညာဆိုင်ရာ အတတ်ပညာဆိုင်ရာဘက်တွင်လည်း ဘာသာရပ်စွယ်စုံ တတ်ကျွမ်းလိမ္မာသူ ရှားပါးနေပြန်သည်။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ပညာရှင်များကား ပေါများလှသည်။ ယင်းဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကို ကျွမ်းကျင်ရာ ဘာသာရပ်ဆိုင်ရာ ပါရဂူဟူ၍လည်း ခေါ်ကြသည်။ ယင်းကျွမ်းကျင်ရာ ဘာသာရပ်ဆိုင်ရာ အတတ်ပညာများကား ရှေးအခါက ယောကျ်ားတို့ တတ်အပ်သော အတတ် ၁၈-ရပ်ဟု ဆိုသော်လည်း ယခုအခါ၌ အများအပြား ရှိနေသည်။ ရှေးအခါက မြန်မာတို့က နှုတ်မှုပညာ လက်မှုပညာ ဟုဆိုခဲ့ကြသော်လည်း ယခုအခါ စက်မှုပညာရပ်ပါ တိုးတက်နေသည်။ ပညာရပ်များကို ချုပ်လိုက်လျှင် အသိပညာ (ဝိဇ္ဇာပညာ)ရပ်နှင့် အတတ်ပညာ (သိပ္ပံပညာ)ရပ် ဟူ၍ ၂-မျိုးသာ ရှိသည်။

လောကတွင် ဤသို့သော အသိဆိုင်ရာ အတတ်ဆိုင်ရာ ဘာသာရပ်များကို ပညာဟူ၍ လည်းကောင်း၊ ယင်းတို့ကို တစ်ဖက်ကမ်းခတ်တတ်ကျွမ်းသူများကို သက်ဆိုင်ရာ ဘာသာရပ်ပညာရှင်ဟူ၍ လည်းကောင်း အသိအမှတ်ပြု ခေါ်ဝေါ်သမုတ်နေကြသော်လည်း အမှန်စင်စစ်အားဖြင့် ယင်းဘာသာရပ်ဆိုင်ရာ ပညာများသည် ပညာစစ်အားလုံး မဟုတ်ဘဲ အချို့မှာ ပညာတုများသာ ဖြစ်သည်။ ယင်းတို့ကို တစ်ဖက်ကမ်းခတ်တတ်ကျွမ်းသူများမှာလည်း ပညာရှင်အစစ် အားလုံးမဖြစ်နိုင်ဘဲ အချို့မှာ ပညာရှင်အတုသာ ဖြစ်နိုင်သည်။ ပညာဟူသော ပါဠိဝေါဟာရ၏ အဓိပ္ပာယ်မှာ အသိအလိမ္မာဖြစ်ကြောင်း အထက်၌ ပြခဲ့ပြီးဖြစ်သည်။ ဤ၌ အသိဟူသည်မှာ အပြားအားဖြင့် သိမှုကိုဆိုလိုသည်။ အပြားအားဖြင့် သိမှုဟူသည်မှာလည်း အနိစ္စ ဒုက္ခ အနတ္တ ဟူ၍ လည်းကောင်း၊ ဒုက္ခ အမုဒယ နိရောဓနှင့် မဂ္ဂသစ္စာဟူ၍ လည်းကောင်း၊ ကံ ကံ၏

အကျိုးဟူ၍ လည်းကောင်း ဤသို့ စသည်ဖြင့် အမျိုးမျိုး အစားစား အများအပြား သိတတ်မှုသဘောကို ဆိုလိုသည်။ ဤသို့ အမျိုးမျိုး အစားစား အများအပြားသိမှုကိုသာလျှင် ပညာအစစ်ခေါ်နိုင်ပြီး ယင်းသို့ သိသူကိုမှ ပညာရှင်အစစ် ခေါ်နိုင်သည်။

တစ်ဖန် ပညာ၏အဓိပ္ပာယ်မှာ အသိအလိမ္မာဟု ဆိုရာ၌လည်း အပြစ်မရှိသောအရာ၌ တတ်သိလိမ္မာမှုကိုသာ ပညာအဖြစ် ယူရသည်။ ပညာဟူ၍ လည်းကောင်း၊ ဉာဏ်ဟူ၍ လည်းကောင်း မြန်မာတို့ ပြောဆိုနေကြသော ဝေါဟာရ၏ တရားကိုယ် ပရမတ္ထတရားစစ်မှာ ပညိန္ဒြေစေတသိက်ဖြစ်သည်။ ယင်းစေတသိက်သည် ကောင်းမြတ်သော သောဘဏစေတသိက်မျိုး ဖြစ်သောကြောင့် ကောင်းမြတ်သော ကုသိုလ်စိတ်များနှင့်သာ ယှဉ်တွဲဖြစ်ပေါ်လေ့ရှိသည်။ မကောင်းယုတ်မာသော အကုသိုလ်စိတ်များနှင့် တစ်ရံတစ်ဆစ်မျှ ယှဉ်တွဲဖြစ်ပေါ်လေ့မရှိဖြစ်သည်။ ထို့ကြောင့် အပြစ်မရှိသော ကုသိုလ်အရာ၌ဖြစ်သော တတ်သိ လိမ္မာမှုကိုသာ (အသိပညာ အတတ်ပညာကိုသာ) ပညာအစစ် ခေါ်နိုင်သည်။ ယင်းသို့ တတ်သိသူဖြစ်မှလည်း ပညာရှင်အစစ် ဖြစ်နိုင်သည်။

လောကတွင် လိမ္မာပါးနပ်သူများ ရှိတတ်လေရာ ၎င်းတို့၏ လှည့်စား တတ်မှုများ လိမ်လည်တတ်မှု စသည်များကိုလည်း ဉာဏ်ပညာဟု ဆိုကြလေ့ရှိသည်။ အမှန်မှာ ယင်းအတတ်များကား ပညာမဟုတ်၊ တဏှာ ပြဋ္ဌာန်းသော မာယာသာ ဖြစ်သည်၊ တစ်ဖန် ဤလောကလူ့ဘောင်တွင် ဘီစီ (၆)ရာစုမှစ၍ ယနေ့တိုင် အတွေးအခေါ် ပညာရှင် များစွာ ပေါ်ထွန်းသည်။ ယင်းတို့၏ အတွေးအခေါ်များကြောင့်လည်း လူသားများ အသိဉာဏ် ကြွယ်ဝလာခဲ့ကြရသည်။ အလားတူ တီထွင် ကြံဆသူ သိပ္ပံပညာရှင်များလည်း ပေါ်ထွန်းခဲ့ကြသည်။ ၎င်းတို့ တီထွင်မှု များကြောင့်လည်း ရုပ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက်ခဲ့ရသည်။ သို့ရာတွင် ယင်း အတွေးအခေါ်ရှင်များ၏ အတွေးအခေါ် အယူအဆ

များနှင့် သိပ္ပံပညာရှင်ကြီးများ၏ တီထွင်ကြံဆမှုများတွင် အပြစ်ကင်းသော အတွေးအခေါ်များ၊ တီထွင်မှုများ ပါဝင်သကဲ့သို့ အပြစ်မကင်းသော အတွေးအခေါ်များ တီထွင်မှုများလည်း ပါဝင်နိုင်သည်။ အပြစ်ကင်းသော အတွေးအခေါ်များနှင့် တီထွင်မှုများသာ ပညာစစ်ဖြစ်နိုင်ပြီး ယင်းကို တွေးခေါ်သူ တီထွင်သူများသာ ပညာရှင်အစစ် ဖြစ်နိုင်သည်။ အပြစ် မကင်းသော အတွေးခေါ်များ၊ တီထွင်မှုများမှာ ပညာတုသာ ဖြစ်ပြီး ယင်းကို တွေးခေါ်သူ တီထွင်သူများကိုလည်း ပညာရှင်အတုသာ ခေါ်နိုင်သည်။

တစ်ဖန် ယခုမျက်မှောက်ခေတ်တွင် လောဘ ဒေါသ မောဟ တရားဆိုးများ ကြီးစိုးနေသည့်အလျှောက် အတိုင်းတိုင်း အပြည် ပြည်၌ လက်နက်ဓာတ်ငွေ့စသော ကာကွယ်ရေးကိရိယာများကို အရေးတကြီး ကြံစည်ပြုလုပ်လျက် ရှိနေကြပြန်သည်။ ထိုအရာအား လုံးကို ကြံစည် ပြုလုပ်မှု အတတ်ကိုလည်း ပညာဟု မခေါ်နိုင်ဘဲ ထက်မြက်စွာ ကြံစည်တတ်သော အကုသိုလ် ဝိတက်(အကြံ) ဟူ၍သာ ခေါ်နိုင်သည်။ သို့ရာတွင် မိမိ တိုင်းသူပြည်သားများအပေါ် သနားကြင်နာ မေတ္တာ ကရုဏာ ရှေ့ထားလျက် အဆိုပါ ကာကွယ်ရေးကိရိယာများကို ကြံစည် ပြုလုပ်ခိုက်တွင် ပညာဖြစ်ခွင့်ရှိသည့်အပြင် ကုသိုလ်လည်း ဖြစ်နိုင်သေးပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်နှင့် အချင်းချင်း ဆက်ဆံနေကြရသည်။
ဤသို့ ပေါင်းသင်းဆက်ဆံရာ၌
အကျိုးလိုလားသော ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံမိပါက
စိတ်ချမ်းသာမှုကို အထိုက်အလျောက် ရရှိနိုင်ကြသည်။
အာဃာတကြီးမား၊ မလိုမုန်းထားတတ်သော သူယုတ်မာများ၊ သူမိုက်များနှင့်
ပေါင်းသင်းဆက်ဆံမိပါက စိတ်ဆင်းရဲမှုဖြစ်လာရတော့သည်။

# ခန္ဓာဝန်

ခန္ဓာဟူသည် အပေါင်းအစုဟု အဓိပ္ပာယ်ရသည်။ ရုပ်အစု၊ ခံစားမှုအစု၊ မှတ်သားမှုအစုနှင့် သိမှုအစုတို့ ပေါင်းစုနေခြင်းဖြစ်သည်။ ကာယဟူသော ဝေါဟာရမှာလည်း အပေါင်းအစုပင် ဖြစ်သည်။ ကာယမှ ကိုယ်ဟူသော မြန်မာမှုဖြစ်လာပြီး ခန္ဓာနှင့် ကာယကို တွဲဖက်၍ ခန္ဓာကိုယ်သို့မဟုတ် ကိုယ်ခန္ဓာဟု သုံးနှုန်းလျက်ရှိကြသည်။ ဤသို့ ခန္ဓာကိုယ်ထင်ရှားရှိသော သက်ရှိများကို ရှေးရှေးလူများက လူ၊ ခွေး၊ မြင်း၊ ဆင် စသည်ဖြင့် အမည်ပညတ်တပ်၍ အသီးသီး သမုတ်ခဲ့ကြသည်။ ထိုခန္ဓာကိုယ်ရှိသော သက်ရှိများအနက် လူ၏ခန္ဓာကိုယ်သည် မည်သို့ဖြစ်လာသနည်း။ ဘုရားပေးသည်ဟု ဆိုမည်လော။ ဘုရားပေးသည်ဟုဆိုလျှင် မြီးလိမ် ဖင်စောင်းများ အင်္ဂါမစုံများ စသည်တို့ကို ဘာကြောင့်ပေးရသနည်း။ သက်တမ်းစေ့ မနေနိုင်ရှာဘဲ မွေးကင်းစများ၊ နို့စို့အရွယ်များ လူမမယ်အရွယ်များ၌ သေရသောကလေးများကို

ဘာကြောင့် ပေးရသနည်း။ အနန္တဂုဏ်ရှင် ဘုရားမှန်လျှင် ဤသို့သော ခန္ဓာကိုယ်မျိုး ကို ပေးမည်မဟုတ်ပေ။

အမှန်မှာ လူ၏ခန္ဓာကိုယ်သည် ဘုရားပေးသည် မဟုတ်ဘဲ (Zygote) ခေါ်သော ကလလရေကြည် သန္ဓေအောင်မျိုးဥမှ စတင်ဖြစ်ပွားလာရခြင်းသာဖြစ်သည်။ ယင်းသန္ဓေအောင်မျိုးဥ ဖြစ်လာရန်မှာလည်း လွယ်ကူလှသည်မဟုတ်။ အရွယ်ရောက်ပြီး ယောကျ်ားမှ ထုတ်လွှတ်လိုက်သော စပန်းခေါ် သုတ်ပိုးအမြောက်အမြားအနက် အောင်မြင်သော စပန်းပိုးတစ်ကောင်သည် အမျိုးသမီးများ အပျိုဖော် ဝင်ချိန်မှ သွေးဆုံးချိန်အထိ တစ်လတစ်ကြိမ် ကြွေဆင်းလာသော အိုဗာရီခေါ် မျိုးဥထဲ ဖောက်ထွင်းဝင်ရောက်သွားချိန်မှ စ၍ ကလလရေကြည်အဖြစ် တည်ရှိပြီး သန္ဓေတည်ကာ ခန္ဓာကိုယ် စတင်ဖြစ်ပေါ်လာရသည်။ စပန်းပိုးကား တစ်လက်မ ၅၀၀ပုံ ၁ပုံ ခန့်သာရှိသည်။ အိုဗာရီမှာလည်း တစ်လက်မ ၂၀၀ပုံ ၁ပုံ ခန့်သာရှိသည်။ သာမန်မျက်စိဖြင့် မမြင်နိုင်။ အားကောင်းသော မှန်ဘီလူးဖြင့် ကြည့်မှ မြင်နိုင်သည်။ ယင်းနှစ်ခု ပေါင်းစည်းမှုသည် မည်မျှသေးငယ်သည်ကို ခန့်မှန်းနိုင်လောက်ပါပြီ။ ဤကား ဆေးသိပ္ပံအလိုအရ ဖြစ်သည်။

ဗုဒ္ဓဘာသာစာပေအရ အမိဥတုလာပြီးချိန်ဖြစ်၍ သားအိမ်သန့်ရှင်းနေခြင်း၊ မိဘပေါင်းဖော်ခြင်း၊ ဥတုလာပြီးနောက် (၃)ရက် သို့မဟုတ် (၇) ရက်၊ ဝိမတိဋီကာအလို (၁၅)ရက်အတွင်း ပဋိသန္ဓေတည်မည့် သတ္တဝါဘဝဟောင်းမှ ဘဝသစ်သို့ တည်လာခြင်း၊ အင်္ဂါသုံးချက်ညီလျှင် ကလလ ရေကြည်ခေါ်သော ပဋိသန္ဓေ တည်ရှိလာတော့သည်ဟု ဆိုပါသည်။ ကလလရေကြည် ပမာဏကား ဇာတိဥဏ္ဏာမည်သော သားကောင်၏ အလွန်နူးညံ့သော အမွေးတစ်ပင်ကို ဆီတွင်နှစ်၍ အကြိမ်ကြိမ်ခါပြီး နောက် ယင်ငယ်တစ်ကောင် သောက်လောက်ရုံ ငြိတွယ်ကပ်ပါလာသော ဆီပမာဏမျှသာရှိသည်။ ယင်းကလလရေကြည်တွင် အဟိတ်ဥပေက္ခာ သန္တီရဏ၂၊ မဟာဝိပါက် ၈၊

မဟာဂုတ် ဝိပါက် ၉ ဟူသော ပဋိသန္ဓေ ၁၉ ပါးအနက် ထိုက်သင့်ရာ စိတ်တစ်ပါးနှင့် ကာယဒသက ဘာဝဒသက ဝတ္ထုဒသက ဟူသော ကလာပ်အားဖြင့် ၃-စည်း၊ ရုပ်အရေအတွက် အားဖြင့် အမျိုးပေါင်း (၃၀) ပါဝင်သည်။ ပဋိသန္ဓေ စတင်တည်တံ့ချိန်မှစ၍ မိခင်၏ ခန္ဓာကိုယ်သည် ပဋိသန္ဓေဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်ရတော့သည်။ အပူ၊ အစပ်၊ အငန်၊ အခါး၊ မသင့်စာများကို ရှောင်ရှားရမှု၊ သင့်တင့်စွာ လှုပ်ရှား၍ ဆေးဝါးမှီဝဲရမှု၊ နောက်ဆုံး၌ သန္ဓေချိုင်းကို ခြေကန်၍ မွေးဖွားရမှုအထိ ပဋိသန္ဓေ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်ရသည်။

မွေးဖွားပြီးနောက် ကျွန်ုပ်တို့သည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော အစု(၅)စုတို့ ပေါင်းစပ်ဖွဲ့စည်းမိသဖြင့် လူဟု သမုတ် အပ်သော ခန္ဓာကိုယ်ကို ရရှိလာကြသည်။ ခန္ဓာကိုယ်တွင် ပါဝင်သော အစု(၅)စုကို အကျဉ်းဆုံး သရုပ်ခွဲလိုက်လျှင် ရုပ်စုနှင့်နာမ်စု၊ ခေတ် အခေါ် အားဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဟူ၍ နှစ်စုနှစ်ပိုင်း ပါဝင်သည်။ ယင်း (၂)ပိုင်းအနက် စိတ်ပိုင်းသည် ရုပ်ပိုင်းအပေါ် တည်မှီနေရသကဲ့သို့ ရုပ်ပိုင်းကလည်း စိတ်ပိုင်း၏ ပြုပြင်နေမှုအပေါ် များစွာတည်မှီ နေရပြန်သည်။ အမှန်မှာ ရုပ်ပိုင်းစိတ်ပိုင်းတို့သည် အချင်းချင်း ကျေးဇူး ပြုနေကြသော အညမည တရားများဖြစ်သည်။

ကျွန်ုပ်တို့သည် ခန္ဓာကိုယ် စတင်ဖြစ်လာသည်နှင့်တစ်ပြိုင်နက် ယင်းခန္ဓာကိုယ်အတွက် ဝန်ထုပ်ဝန်ပိုးကြီးများကို စတင်ထမ်းဆောင် ရတော့သည်။ ယင်းဝန်ကို အရွယ်မရောက်မီကာလများ၌ မိဘဆွေမျိုး သားချင်းများက သင့်တင့်သော နှလုံးသွင်းဖြင့် ထမ်းဆောင်ပေးခဲ့ကြ သည်။ အရွယ်ရောက်ချိန်မှစ၍ ကျွန်ုပ်တို့ ခန္ဓာဝန်ကို ကျွန်ုပ်တို့ ကိုယ် တိုင် ထမ်းဆောင်ကြရတော့သည်။ ဤသို့ ခန္ဓာဝန်ကို ကိုယ်တိုင်ထမ်း ဆောင် ကြရသောအခါ ကျွန်ုပ်တို့ ခန္ဓာကိုယ် ရုပ်ကောင်ကြီးကို အကြောင်းတရား လေးပါးက ချုပ်ကိုင်ခြယ်လှယ်နေကြောင်း တွေ့ရှိရသည်။

ပထမဆုံး ခြယ်လှယ်နေသော အကြောင်းတရားမှာ ''ကံ'' ခေါ်သော ဆောင်ရွက်မှုများပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်နှင့် ဆက်ဆံပေါင်းသင်း ပြောဆိုနေကြရသည်။ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှား ရှန်းကန်နေကြရသည်။ ဤသို့ လုပ်ကိုင်ကြရာ၌ မသင့်သော သွားလာလှုပ်ရှားမှုဖြစ်က ကျွန်ုပ်တို့ခန္ဓာကိုယ် ညှိုးနွမ်းပြီး ရောဂါရတော့သည်။ အသွားမတော်တစ်လှမ်း ဆိုသည့်အတိုင်း တစ်ခါတစ်ရံ ကိုယ်အင်္ဂါ အစိတ်အပိုင်း အနာတရ ကျိုးပဲ့ကြေမွသွားရရုံမျှမက ပွဲချင်းပြီး သေဆုံးရသည်အထိ ကြုံရတတ်သည်။ ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့် ဆိုသည့်အတိုင်း ဆင်ဆင်ခြင်ခြင် သွားလာလှုပ်ရှား လုပ်ကိုင်နေရခြင်းမှာ ခန္ဓာကိုယ်ဝန်ထုပ်ဝန်ပိုးကြီး တစ်ရပ်ပင်ဖြစ်တော့သည်။

ကျွန်ုပ်တို့သည် ''ကံ''ခေါ်သော လှုပ်ရှားဆောင်ရွက်မှုဘက်၌ ဉာဏ်စွက်၍ ခန္ဓာကိုယ်အတွက် စိတ်အေးရသော်လည်း ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွင်းရှိ စိတ်၏ စိုးမိုးခြယ်လှယ်မှုကို ခံနေရပြန်သည်။ လူသည် အထီးတည်းနေတတ်သော သတ္တဝါမဟုတ်။ အပေါင်းအသင်းနှင့် နေတတ်သော သတ္တဝါဖြစ်သည် ဆိုသည့်အတိုင်း ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်နှင့် အချင်းချင်း ဆက်ဆံနေကြရသည်။ ဤသို့ ပေါင်းသင်းဆက်ဆံရာ၌ အကျိုးလိုလားသော ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံမိပါက စိတ်ချမ်းသာမှုကို အထိုက်အလျောက် ရရှိနိုင်ကြသည်။ အာဃာတကြီးမား မလိုမုန်းထားတတ်သော သူယုတ်မာများ၊ သူမိုက်များနှင့် ပေါင်းသင်းဆက်ဆံမိပါက စိတ်ဆင်းရဲမှုဖြစ်လာရတော့သည်။ တစ်ဖန် မပြည့်စုံမှု၊ ရတာမလို လိုတာမရမှု၊ အလိုမကျမှု စသော အကြောင်းအမျိုးမျိုးကြောင့်လည်း စိတ်ဆင်းရဲဖြစ်လာရပြန်သည်။ ဒေါသစိတ် မိုးမွှန်နေသူ တစ်ယောက်၏ ရုပ်ခန္ဓာသည် နီမြန်း၊ ကြမ်းတမ်းလာရသကဲ့သို့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ စသော မီး (၁၀)တန် လောင်မြိုက်ခံနေရသူ တစ်ဦး၏ ရုပ်ခန္ဓာသည်လည်း ညှိုးနွမ်းလာရတော့သည်။ ရုပ်ခန္ဓာညှိုးနွမ်းလာလျှင် ရောဂါလည်း

အလိုလိုဝင်လာတော့သည်။

ယေးတက္ကသိုလ် ဆေးပညာဌာန၏ သုတေသနပြုချက်အရ ရောဂါဖြစ်နေသူ ရ၆–ရာခိုင်နှုန်းသည် စိတ်ကြောင့် ရောဂါဖြစ်နေကြကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ အမေရိကန် အကျဉ်းထောင်တစ်ခု၌ သေဒဏ်ကျခံနေရသူ တစ်ဦးအား လည်ပင်းကို ဓားနှင့်လှီးသတ်မည်ဟု ပြောပြီးနောက် ထိုသူအား မျက်နှာပိတ်၊ ပက်လက်အိပ်စေလျက် ထိုသူ၏ လည်ပင်းကို ဓားနှောင့်ဖြင့် ဟန်ဆောင်လှီး၍ သွေးထွက်သည်အထင်ရောက်အောင် ရေနွေးအနည်းငယ် လောင်းပေးလိုက်သည်။ ထိုအခါ ရာဇဝတ်ကောင်သည် မိမိလည်ပင်းပြတ်ပြီး သွေးထွက်သည်ဟု အထင်ရောက်ကာ စိတ်လျှော့လိုက်သဖြင့် ချက်ချင်းသေဆုံးသွားသည်ဟု ဆိုသည်။ ကျွန်ုပ်တို့ ခန္ဓာကိုယ်အပေါ် စိတ်၏ပြုပြင်မှုသည် မည်မျှထိလွှမ်းမိုးထားသည်ကို သိသာနိုင်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ စိတ်ရိုင်းကို အမြဲဆုံးမနေရခြင်း၊ စိတ်ဒုက္ခကို အမြဲကုစားနေရခြင်းများသည် လည်း ခန္ဓာ၏ ဝန်ထုပ်ဝန်ပိုးကြီး တစ်ရပ်ပင်ဖြစ်တော့သည်။

ကျွန်ုပ်တို့၏ စိတ်ကို ဉာဏ်ပညာ ဗဟုသုတဖြင့် ဆုံးမနိုင်၊ ကုစားနိုင်သော်လည်း ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွက် စိတ်မချရသေးပါ။ ဥတုဟူသော ပြင်ပအန္တရာယ်ကြီးတစ်ခုက ဝင်ရောက်လာပြန်သည်။ ယနေ့ ကမ္ဘာပေါ်တွင် အအေးလွန်ကဲမှုကြောင့်လည်း လူအမြောက်အမြား ရောဂါဝေဒနာခံစားနေရ၊ သေနေကြရသည်။ အပူလွန်ကဲမှုကြောင့်လည်း ရောဂါခံစားနေရ၊ သေနေကြရသည်။ ရေကြီး၊ လေထန်၊ မီးလောင်ခံရသော ဒဏ်ကိုလည်း အလူးအလိမ့်ခံနေကြရသည်။ ကျွန်ုပ်တို့ လူသားများသည် ဥတုဒဏ်ကိုခံနိုင်ရန် အမျိုးမျိုး ကြိုးပမ်းနေကြရသည်။ အထိုက်အလျောက် ခံနိုင်ရည်ရှိကြသော်လည်း ကြီးကျယ်သော ဥတုဒဏ်ကိုမူ မည်သို့မျှ မကာကွယ်နိုင်သေးဘဲ လက်မှိုင်ချနေကြရသည်။ အယုတ်ဆုံးအားဖြင့် ကျွန်ုပ်တို့ ခန္ဓာကိုယ်ကို နေ့စဉ်သန့်ရှင်းအောင် ပြုလုပ်ပေးနေကြရသည်။ ဤသို့ မပြုလုပ်ပါက မည်သို့ဖြစ်လာနိုင်

သည်ကို အားလုံးသိရှိပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အတွက် ဥတုဒဏ်ကို ခံနိုင်ရန် ဆောင်ရွက်နေရကြခြင်းမှာလည်း ဝန်ထုပ်ဝန်ပိုးကြီးတစ်ရပ်ပင် ဖြစ်တော့သည်။

နောက်ဆုံး ခန္ဓာကိုယ်အတွက် အရေးအပါဆုံးသော ဝန်ထုပ်ဝန်ပိုးကား အာဟာရဖြစ်သည်။ ''သဗ္ဗေ သတ္တာ အာဟာရ ဋ္ဌိတိကာ'' ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း သတ္တဝါတိုင်းသည် အာဟာရအပေါ် တည်မှီနေကြရသည်။ အာဟာရဖြင့် အသက်ရှင်နေကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အာဟာရအတွက် အမျိုးမျိုး ရှာကြံနေကြရသည်။ ရဟန်းလည်း ရဟန်းအလျောက်၊ အပင်ပန်းခံ၊ အငြိုငြင်ခံ၊ အပြောအဆိုခံ၊ အရေးယူခံလျက် အာဟာရအတွက် ရှာကြံနေကြရသည်။ အချို့သော ဝိသမလောဘသမားများမှာမူ ဥပဒေမဲ့ အလုပ်များကို လုပ်နေကြသည့်အပြင် ဘနဖူးသိုက်တူးရုံမျှမက သူတစ်ပါး အသက် အိုးအိမ် စည်းစိမ် ထိခိုက်နစ်နာမှုကိုပင် ပမာဏမထားဘဲ ရှာကြံနေကြသည်။ ဤသို့ရှာကြံရင်း တစ်ချို့မှာ ထိခိုက်ဒဏ်ရာ အနာတရ ရကြရုံမျှမက မရှုမလှဖြင့် ဇာတ်သိမ်းသွားကြရသည်အထိ ဖြစ်ကြရသည်။

ဤသို့ နည်းမျိုးစုံဖြင့် အပင်ပန်းခံရှာကြံ၍ ရရှိလာသော စည်းစိမ်ဥစ္စာဖြင့် ဖြစ်လာသော အာဟာရ (အစားအသောက်၊ ဆေးဝါး စသည်)ကို သင့်၊ မသင့် ချင့်၍ စားသောက်ကြရပြန်သည်။ အစားမတော်တစ်လုတ် ဆိုသည့်အတိုင်း အစားမတော်က ကျွန်ုပ်တို့ ခန္ဓာကိုယ် ရောဂါအမျိုးမျိုး ရလာရုံမျှမက အသက်ဆုံးရှုံးရသည်အထိ ကြုံရတတ်သည်။ သင့်တော်သည့် အာဟာရကို စားမျိုသည့်အခါလည်း တံတွေး၊ အကျဲအပြစ်၊ သွားချေးရည်တို့ဖြင့် ဝမ်းဗိုက်အတွင်းသို့ ရောက်သွားရသဖြင့် ရွံ့ဖွယ်ရာပင်ဖြစ်သည်။

ဝမ်းဗိုက်အတွင်းသို့ ဝင်ရောက်သွားပြီးနောက် သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး လေးပါးသော အာသယတို့ဖြင့် ရွံ့ရှာဖွယ် ရောထွေးတည်ရှိ

နေပြန်သည်။ ဤသို့တည်ရှိရာ၌ အစာမကြေမှုဖြင့် ခန္ဓာကိုယ်သည် ရောဂါအမျိုးမျိုး ရလာပြန်သည်။ အစာကြေပြီးဖြစ်ပါကလည်း အရည်တခြား၊ အဖတ်တခြား အမြဲတည်တံ့မှုမရှိဘဲ တစ်ညအကြာတွင် ပြန်ထွက်လာသည်နှင့် ကြုံရပြန်သည်။ ယင်း အစာဟောင်းမထွက်က ပြန်ထွက်အောင်ပြုလုပ်ပေးရပြန်သည်။ အာဟာရစားစဉ် ပြုံးပြုံးရွှင်ရွှင် ဖြစ်သော်လည်း စားပြီးအာဟာရပြန်ထွက်သောအခါ တအင်းအင်း တအဲ့အဲ့ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်ရသည်။ အမှန်စင်စစ်အားဖြင့် ခန္ဓာကိုယ်သည် အာဟာရအတွက်လည်း မသေးငယ်သော ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်နေရရှာသည်။

အချုပ်အားဖြင့် ကျွန်ုပ်တို့သည် ခန့်ကျန်း တည်တံ့အသက်ရှင်ကျန်းမာရေးအတွက် ခန္ဓာကိုယ်ကို စိုးမိုးခြယ်လှယ်နေသော ဖော်ပြပါကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးကို သတိ၊ သမ္ပဇဉ် ဉာဏ်ယှဉ်၍ လှုပ်ရှားရုန်းကန်ရင်း ကျွန်ုပ်တို့၏ ခန္ဓာဝန်ကို ပင်ပန်းကြီးစွာ ထမ်းဆောင်နေရကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ခန္ဓာကိုယ်တွင်း၌ အသိဉာဏ်ခေါင်းပါးသူတို့ တွေးထင်ယူဆနေကြသော အမာခံအတ္တခေါ် အသက်ဝိဉာဏ်ကောင် ဟူ၍ လုံးဝမရှိခဲ့ပါ။ ရှိခဲ့လျှင် ဘာမှမဖြစ်အောင် ခြယ်လှယ်စိုးမိုးနိုင်ရာသည်။ ယခုမူ ဘာမှအစိုးမရသော ပထဝီ၊ တေဇော၊ ဝါယော၊ အာပေါဟူ၍ ဓာတ်ကြီးလေးပါးတို့ ကြီးစိုးနေသော အနတ္တကောင်သာဖြစ်လျက်ရှိနေပါသည်။ ဓာတ်ကြီးလေးပါးတို့ ညီညွတ်မှုအပေါ် တည်မှီနေရသည်။ ဖောက်ပြန်တတ်သောကြောင့် ရုပ်ဟု ဆိုသည့်အတိုင်း ဓာတ်ကြီးညီညွတ်မျှတမှု ပျက်ပြားလျှင် အချိန်မရွေး ရောဂါရလာနိုင်သည့်အပြင် အခန့်မသင့်က သေဆုံးသွားနိုင်သည်အထိ ကြုံရတတ်သည်။ အမာခံအနှစ်သားမရှိ၊ အာမခံချက်ကင်းမဲ့သော ခန္ဓာကိုယ်ကောင်သာ ဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အကြောင်း တရားလေးပါးနှင့် ဓာတ်ကြီးလေးပါးတို့ မညီမညွတ်ဖောက်ပြန်မှုကြောင့်ပင် ရောဂါဖိစီးမှုကို ခံစားလျက် မည်သူမျှ

မလွန်ဆန်နိုင်သော သေခြင်းတရား၌ ပညာရှိသော၊ ပညာမဲ့သော၊ သူတော်ကောင်းသော၊ သူယုတ်မာသော၊ ဆေးပညာရှင်များပါမကျန် အားလုံး ဘဝဇာတ်သိမ်း သွားကြရသည်။ သေဆုံးပြီးနောက်၌လည်း ဤခန္ဓာဝန်ကို ထမ်းဆောင်နေကြရဦးမည်သာ ဖြစ်သည်။ ထို့ကြောင့် သူတော်သူမြတ်များက ခန္ဓာဝန်ကို ကြောက်ကြသဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလိုကြခြင်း ဖြစ်ပါပေတကား။

ဤသို့ အဝိဇ္ဇာအမှောင်ထုကြီး ပိတ်ဖုံးကာဆီးထားသောကြောင့်
သတ္တဝါတို့ မသိနိုင်သောအရာ ၈ ချက်တွင် ရှေးဘဝ နောက်ဘဝ ပါဝင်လျက်ရှိသည်။
ဗုဒ္ဓဘာသာတွင် ဂိုဏ်းကွဲများစွာရှိသော်လည်း ဂိုဏ်းအားလုံးက
ရှေးဘဝ နောက်ဘဝရှိမှုကို ယုံကြည်ကြသည်။
ဘဝ ဆက်လက်ဖြစ်ပေါ်မှု (သံသရာ)နှင့် ပြုလုပ်မှု (ကံတရား) သည်
ဗုဒ္ဓဝါဒ၏ ဝန်ရိုးဖြစ်သည်။ ၎င်းတို့မရှိလျှင် ဗုဒ္ဓဝါဒမရှိနိုင်ပေ။

## ရှေးဘဝနောက်ဘဝ ရှိသလား

ရှေးဘဝ နောက်ဘဝမရှိ အယူရှိသူများ၊ ရှေးဘဝ နောက်ဘဝ ရှိသည်ကို ယုံမှားသံသယ ရှိသူများသည် အရှိကိုအရှိအတိုင်း မမြင်အောင်၊ အမှန်ကိုအမှန်တိုင်း မသိအောင် ဖုံးကွယ်တတ်သော အဝိဇ္ဇာကိလေသာစွဲကြောင့် မမြင်နိုင်ခြင်း၊ မသိနိုင်ခြင်းဖြစ်သည်။ မသိတတ်သောကြောင့် အဝိဇ္ဇာ မည်ပေရာ ယင်းအဝိဇ္ဇာသည် သတ္တဝါတို့ မသိနိုင်အောင် မမြင်နိုင်အောင် ဖုံးလွှမ်းထားသော အရာဌာန (၈)ခု ရှိသည်။

ဒုက္ခ၊ သမုဒယ၊ နိရောဓနှင့် မဂ္ဂဟူသော သစ္စာ ၄-ပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗာပရန္တ နှင့် ပဋိစ္စသမုပ္ပါဒ်တို့ ဖြစ်သည်။ ယင်း ၈-ဌာနတို့၌ အမှန်အတိုင်းမသိ၊ မမြင်အောင် အဝိဇ္ဇာက ဖုံးကွယ်ထားတတ်သည်။

ခန္ဓာငါးပါး ရုပ် နာမ် သင်္ခါရတရား ဟူသမျှတို့သည် ဒုက္ခ (ဆင်းရဲမှု) ဒုက္ခသစ္စာဖြစ်ကြောင်း၊ တဏှာလောဘသည် ဆင်းရဲခြင်း၏ အကြောင်း သမုဒယသစ္စာဖြစ်ကြောင်း၊ နိဗ္ဗာန်သည် ဒုက္ခချုပ်ရာ နိရောဓ

သစ္စာဖြစ်ကြောင်း၊ မဂ္ဂင် ၈–ပါးသည် နိဗ္ဗာန်ရောက်ရာလမ်းမှန် မဂ္ဂသစ္စာဖြစ်ကြောင်း အမှန်တရားများကို မသိအောင် ဖုံးကွယ်ထားတတ်သည်။ အလားတူ ရှေးဘဝရှိသည်ကို မယုံ ယခုဘဝ တစ်စုံတစ်ရာက ဖန်ဆင်း၍ ဖြစ်လာရသည်၊ နောင်လည်း အလားတူဖန်ဆင်း၍ ဖြစ်လာဦးမည်ဟု ယုံကြည်မှုမျိုးသည် ပုဗ္ဗန္တကို မသိခြင်းဖြစ်သည်။ ရှေးဘဝ၌ ဖြစ်ခဲ့သည်ကို ယုံကြည်၏။ ယခုဘဝဖြစ်သည်ကိုလည်း ယုံကြည်၏။ သို့ရာတွင် နောင်ဘဝဖြစ်ရဦးမည်ကို မယုံကြည်မှုမျိုးသည် အပရန္တကို မသိခြင်းဖြစ်သည်။ တစ်ဖန် ယခုဘဝဖြစ်ရသည်ကိုသာ ယုံကြည်ပြီး ရှေးဘဝ၊ နောက်ဘဝ ဖြစ်ခဲ့ရ၊ ဖြစ်ရမည်ကို မယုံကြည်မှုမျိုးသည် ပုဗ္ဗာပရန္တကို မသိခြင်းဖြစ်သည်။ ရှေးဘဝ နောက်ဘဝ ဖြစ်ခြင်းကိုယုံကြည်သော်လည်း အကြောင်းကြောင့် အကျိုးဖြစ်ရမည်ကို မယုံကြည်ဘဲ မသေဟု ယူဆထား သော အတ္တ (အသက်၊ လိပ်ပြာ ဝိညာဉ်) ကောင်က ကူးပြောင်း၍ ဖြစ်လာရသည်ဟု ယုံကြည်မှုမျိုးသည် ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းဖြစ်သည်။ ဤသို့ မသိအောင်လည်း အဝိဇ္ဇာက ဖုံးကွယ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ အဝိဇ္ဇာအမှောင်ထုကြီး ပိတ်ဖုံးကာဆီးထားသောကြောင့် သတ္တဝါတို့ မသိနိုင်သောအရာ ၈–ချက်တွင် ရှေးဘဝ နောက်ဘဝ ပါဝင်လျက်ရှိသည်။ ဗုဒ္ဓဘာသာတွင် ဂိုဏ်းကွဲများစွာရှိသော်လည်း ဂိုဏ်းအားလုံးက ရှေးဘဝ နောက်ဘဝရှိမှုကို ယုံကြည်ကြသည်။ ဘဝဆက်လက်ဖြစ်ပေါ်မှု (သံသရာ)နှင့် ပြုလုပ်မှု (ကံတရား) သည် ဗုဒ္ဓဝါဒ၏ ဝင်ရိုးဖြစ်သည်။ ၎င်းတို့မရှိလျှင် ဗုဒ္ဓဝါဒမရှိနိုင်ပေ။ ၁၈၉၁–ခုနှစ်က ဗုဒ္ဓကျမ်းပြုဆရာ သီဆိုသိုဖီအသင်းဥက္ကဋ္ဌ အမေရိကန်လူမျိုး ကာနယ်ဟော်(လ်)ကော့သည် ဗုဒ္ဓဘာသာဂိုဏ်းအားလုံးက လက်ခံနိုင်သော အချက်တို့ကို စိစစ်၍ အခြေခံဗုဒ္ဓဝါဒ ယုံကြည်ချက်များ အမည်ရှိ စာတမ်းတစ်စောင် ရေးသားခဲ့သည်။ ယင်းစာတမ်းတွင် အချက် (၁၄)ချက် ပါဝင်ရာ အမှတ်(၅)၌ သကျမုနိ သင်ကြားသည်မှာ အဝိဇ္ဇာ သည် တဏှာကို

ဖြစ်စေတတ်၏။ တဏှာသည် ဘဝဆက်လက် ဖြစ်ပေါ်မှု၏ အကြောင်း ဖြစ်၏။ ဘဝဆက်လက်ဖြစ်ပေါ်မှုသည် ဒုက္ခ၏ အကြောင်းဖြစ်၏။ အမှတ်(၆)၌ အဝိဇ္ဇာကို ပယ်သတ်လိုက်သောအခါ ဘဝဆက်လက် ဖြစ်ပေါ်မှု၏ အပြစ်အာဒီနဝများကို သိမြင်လာ၏။ ဘဝ ဆက်လက် ဖြစ်ပေါ်မှုကို ပယ်သတ်တားမြစ်ရန် လိုအပ်ပုံကိုလည်း သိမြင်လာ၏။ အဝိဇ္ဇာသည် မှားယွင်းပြီး သဘာဝမကျသည့် လူတွင်တစ်ဘဝသာ ရှိသည်ဆိုသောအမြင်ကို ပေါ်ပေါက်စေ၏ ဟူသော အချက်-၂ချက် ပါဝင်သည်။

တစ်ဖန် ၁၉၄၅-ခုနှစ်တွင် လန်ဒန် ဗုဒ္ဓဘာသာအသင်း၏ တာဝန်ပေးချက်အရ အသင်း၏ဥက္ကဋ္ဌဖြစ်သူ ခရစ်မတ်ဟန်ဖရေး ရေးဆွဲသော စည်းမျဉ်း ၁၂-ချက် စာတမ်းတွင်လည်း အမှတ် ၂-၌ ဘဝ ဆက်လက်ဖြစ်ပေါ်မှု (သံသရာ)ကို အခြေခံအဖြစ် ထည့်သွင်း ဖော်ပြ ထားသည်။ အချုပ်အားဖြင့် ဗုဒ္ဓဘာသာဝင်များသည် ရှေးဘဝ နောက် ဘဝ အယူရှိကြသည်။ တမလွန်ဘဝ ယုံကြည်မှုသည် လွန်စွာ အိုမင်း ခဲ့ပြီးသော လူသား၏ အခြေခံယုံကြည်မှု ဖြစ်သည်။ ကမ္ဘာတွင် ကျော်ကြားခဲ့သော ခေတ်ဟောင်းခေတ်သစ် တွေးခေါ်ရှင်ကြီး အချို့ ကလည်း ဤသို့ယုံကြည် ဟောပြော ရေးသားခဲ့ကြသည်။ ရှေးအီဂျစ်၊ ခေါမ၊ ရောမ၊ အိန္ဒိယ၊ တရုတ်၊ ပါရှန်းလူမျိုးများလည်း နောက်ဘဝကို ယုံကြည်ခဲ့ကြသည်။ ဘာသာရေးများအနက် ဟိန္ဒူ၊ ဗုဒ္ဓ၊ ဂျိန်းနှင့် ဆစ် ဟူသော အိန္ဒိယဘာသာရေးများသည် ရှေးဘဝ နောက်ဘဝရှိခြင်း အပေါ် အခြေပြု တည်ဆောက်ထားကြသည်။

နောက်ဘဝရှိသည်ကို ယုံကြည်ကြရာ၌ ယင်းနောက်ဘဝ ဖြစ်ပေါ်မှုနှင့် စပ်လျဉ်း၍ အားလုံးက အတ္တကောင်၊ အသက်ကောင် ဝိညာဉ်ကောင်၏ ကူးပြောင်းမှုကို အခြေတည်ထားကြသော်လည်း ဗုဒ္ဓ ဘာသာကမူ စိတ်စွမ်းအင်ကို အခြေပြုထားသည်။ မျက်မှောက်ခေတ် ရူပဗေဒတွင် စွမ်းအင်၏တည်မြဲခြင်း နိယာမသည် အခြေခံတစ်ခု

ဖြစ်သည်။ ထိုနိယာမအရ စွမ်းအင်များ အသွင်ပြောင်းသောအခါ စွမ်းအင်တစ်မျိုးမှာ ပျောက်ကွယ်သွားခဲ့သော်လည်း အခြားအသွင်ဖြင့် စွမ်းအင်တစ်မျိုးဖြစ်ပေါ်လာ၏။ ဤသို့ပြောင်းလဲလာရာ၌ စွမ်းအင်မှာ ပျက်ပြယ်သွားခြင်း မရှိပေ။ စွမ်းအင်တစ်မျိုး ဆုံးရှုံးလျှင် ၎င်းနှင့်ညီမျှသော အခြားစွမ်းအင်တစ်ခု ပေါ်လာမြဲဖြစ်သည်။ ထိုသဘောတရားအရ လူတစ်ဦး သေဆုံးသောအခါ သူ၏စိတ်ပိုင်းဆိုင်ရာ စွမ်းအင်တို့သည်လည်း အသွင်သစ်ဖြင့် ဆက်လက်ဖြစ်ပေါ်လာနိုင်ကြောင်း ထင်ရှားသည်။

ရှေးဘဝနောက်ဘဝရှိခြင်းနှင့် စပ်လျဉ်း၍ မျက်မှောက်ခေတ်တွင် သက်သေပြရန် များစွာရှိသည်။ ပထမအချက်အနေဖြင့် ကလေးများစွာအနက် အချို့ကလေးများမှာ ၃–နှစ်၊ ၄–နှစ်၊ ၅–နှစ်၊ ၆–နှစ် အရွယ်မျှ ရှိသော်လည်း အခြားကလေးများနှင့် မတူဘဲ ပညာရပ် တစ်မျိုးမျိုး၌ အလိုလို တတ်မြောက် ထူးချွန်လျက် ရှိသည်ကို တွေ့ရသည်။ ဤသို့ဖြစ်လာရခြင်းကို ရှေးဘဝနှင့်ဆက်စပ်၍ တွေးခေါ်ဆင်ခြင်ယူနိုင်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပါ။

ဒုတိယအနေဖြင့် လူဝင်စားများဖြစ်သည်။ အမေရိကန်နိုင်ငံ ဗာဂျီးနီးယား တက္ကသိုလ်မှ အာရုံကြောနှင့် စိတ်ရောဂါကု ဌာနမှူးဟောင်း ပါမောက္ခ လန်စတီဗင်ဆင်နှင့် အိန္ဒိယနိုင်ငံ အလာဟားဘက် တက္ကသိုလ်မှ စိတ်ပညာဗျူရို ညွှန်ကြားရေးမှူးဟောင်း ဒေါက်တာ ဂျမူနာပရာဆတ်တို့သည် လူဝင်စားများကို လေ့လာခဲ့ကြသည်။ နိုင်ငံတကာမှ လူဝင်စား ၂၄၀၀–ကျော်ကို စိစစ်လေ့လာပြီးနောက် ၁၉၈၆–ခုနှစ်တွင် ပါမောက္ခ စတီဗင်ဆင်က တမလွန်ဘဝ၌ လူဝင်စားပြဿနာမှာ မှန်ကန်ပါကြောင်း ကောက်ချက်ချခဲ့သည်။

အလားတူ ၁၈၈၂–ခုနှစ်၌ တည်ထောင်ခဲ့သော လန်ဒန် စိတ်ဝိညာဉ် သုတေသနအသင်းကလည်း နိုင်ငံပေါင်းစုံမှ လူဝင်စားများစွာကို ငွေကြေးများစွာ အကုန်ခံ၍ သုတေသနပြု လေ့လာခဲ့သည်။

အသင်း စတင်တည်ထောင်ချိန်မှစ၍ တမလွန်ဘဝကိစ္စကို စိတ်ထက်သန်စွာ လေ့လာခဲ့ပြီး ပညာရှင်များက လေးစားခဲ့ရသော ဒုတိယမြောက် ဥက္ကဋ္ဌဖြစ်သူ မစ္စစ်ဆစ်ဂွစ်က တမလွန်ဘဝရှိခြင်းကို မိမိအခိုင်အမာ ယုံကြည်ပါကြောင်း ယင်းအသင်း၏ နှစ် (၅၀)မြောက် ညီလာခံသဘင်၌ စာတမ်းတစ်စောင် တင်သွင်းခဲ့သည်။

မြန်မာနိုင်ငံ၌ ယင်းလူဝင်စားများစွာ ပေါ်ပေါက်ခဲ့ဖူးသည်။ ၆–နှစ်သားအရွယ် တရားဓမ္မဟောကြားသော ပိဋကတ် မောင်ထွန်းကြိုင် ဆိုလျှင် မြန်မာပြည်တွင်သာမက ကမ္ဘာကိုပင် ပျံ့နှံ့ကျော်ကြားသော လူဝင်စားဖြစ်သည်။ ယောက်ျားမင်းသမီး အောင်ဗလ ဝင်စားသည်ဟု ဆိုသော ဒေါ်ဗလပြန်ဆိုလျှင်လည်း လန်ဒန်စိတ်ဝိညာဉ် သုတေသန အသင်းက လာရောက် သုတေသနပြုရသည်အထိ ကျော်ကြားခဲ့သည်။

ရှေးနှစ်ပေါင်းထောင်ကျော်က ဖြစ်ခဲ့ရသော ဘဝကိုပင် ပြောပြနိုင်သူရှိသည်။ အင်္ဂလန်မှ မစ္စက်နော်မီဟင်နရီ ဆိုသူသည် မိမိဖြစ်ခဲ့ရသော အတိတ်ဘဝ (၃)ဘဝကိုပင် ပြောပြနိုင်သည်။ ဗြိတိသျှတပ်မတော် အငြိမ်းစားအရာရှိ အာသာဖလားဝါးဂျူးဆိုသူသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ဂျော်ဒန်မြို့ဟောင်း ပီထရာမြို့စောင့်တပ်စု ခေါင်းဆောင် ဖြစ်ခဲ့ရသည်ကိုပင် ပြောပြနိုင်သည်။ ဤအချက်များသည် ရှေးဘဝ နောက်ဘဝရှိကြောင်း အကောင်းဆုံးသော သက်သေ သာဓက များပင် ဖြစ်သည်။

ရှေးဘဝ နောက်ဘဝရှိကြောင်း ထင်ရှားသည်နှင့်အမျှ ဘဝ သံသရာ လည်နေရမှုမှာလည်း ယုံမှားဖွယ်မရှိ ဖြစ်လာရသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူချက်အရ သတ္တဝါတို့ နိဗ္ဗာန်မရမချင်း သံသရာဝဋ်အတွင်း လှည့်လည်နေရခြင်းတွင် မိမိတို့ပြုထားသော ကံအားလျော်စွာ ဘဝမျိုးစုံလင် ပါဝင်ဖြစ်လာရသည်။ လူဘဝသာမက နတ်ပြဟ္မာဘဝ၊ တိရစ္ဆာန်ဘဝ၊ ပြိတ္တာအသူရကာယ်ဘဝ၊ ငရဲသားဘဝ အားဖြင့် ဘဝမျိုးစုံလင် ကျင်လည်ရသည်။

လူဝင်စား ပိဋကတ် မောင်ထွန်းကြိုင်သည် လူဝင်စားမဖြစ်ခင် ရက္ခစိုးနတ် (၃)နှစ်ဖြစ်ခဲ့ရသည်ဟု ဆိုသည်။ မဟာစည် ဆရာတော်၏ ဓမ္မစကြာ တရားတော်စာအုပ်တွင် တောင်တွင်းကြီးနယ် ချောင်းဦးရွာမှ ညိုနှင့် ဘဆိုင်တို့သည် ကွမ်းထမ်းရောင်းရင်း ဘဆိုင်က ညိုထံမှ ဆန်တစ်စလယ် ချေးငှားစားသောက်ပြီးနောက် ပိုးထိသေဆုံးခဲ့ရာ ညိုအိမ်တွင် ကြက်ဘဝ၊ နွားဘဝ ဖြစ်လာရပြီး နောက်တစ်ဖန် စာရေးကြီးကတော်တွင် ဝင်စား၍ လူဖြစ်လာရကြောင်း ကိုယ်တွေ့အဖြစ် ဖော်ပြထားသည်။

ထို့ကြောင့် ရှေးဘဝ၊ နောက်ဘဝ အမှန်တကယ် ရှိပါကြောင်းနှင့် ထိုရှေးဘဝ နောက်ဘဝများစွာဖြင့် တပြောင်းပြန်ပြန် ကျင်လည်နေရသော ဘဝသံသရာတွင် လူ့ဘဝသာမက မိမိတို့ပြုအပ်သော ကံအားလျော်စွာ အခြားဘဝများလည်း ဖြစ်နိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။

နတ်ဝင်သည်တို့၏ သေပြီးသူသားချင်းများနှင့် ဆက်သွယ်ပေးချက်အရ
(သို့မဟုတ်) အိပ်မွေ့ချခံရသူ သေရွာပြန်သူတို့၏ ပြောပြချက်အရ
လူသေသော်လည်း ဝိညာဉ်ကောင်မသေဘဲ တမလွန်လောကတွင် သွားလာနေကြသော
ဝိညာဉ်လောကရှိသည်ဟူသော အယူအဆမျိုးဖြင့် အများအားဖြင့်
မှားယွင်းစွာ စွဲမြဲယုံကြည်နေကြကြောင်း တွေ့ရှိရသည်။

## တမလွန်အရေး ဦးစားပေးလော့

တမလွန်ဘဝကား ဒုတိယဘဝကို ဆိုလိုသည်။ ယင်းတမလွန်ဘဝယုံကြည်မှုနှင့် ပတ်သက်၍ အနည်းငယ် စိစစ် တင်ပြလိုပါသည်။

ကျောက်ခေတ်လူသားများသည် အလောင်းကောင်ကို မြေမြှုပ်၊ မီးသင်္ဂြိုဟ်သော အလေ့အထ ရှိခဲ့ကြသည်ကို တွေ့ရှိရသော်လည်း တမလွန်ဘဝ ယုံကြည်မှု အယူအဆနှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းများ၌ မတွေ့ရှိရပါ။ သို့ရာတွင် အီဂျစ်၊ ဆူးမားရီးယန်း၊ ဂရိ၊ ရောမကဲ့သို့သော ရှေးဦး လူ့အဖွဲ့အစည်း အချို့ကမူ တမလွန်ဘဝရှိသည်ကို ယုံကြည်ကြကြောင်း တွေ့ရှိရသည်။ အိန္ဒိယပြည် ဘာသာရေးအယူအဆများတွင် စာရဝက ဦးဆောင်သော လောကာယတဂိုဏ်းသားနှင့် အဇိတကေသကမ္ဗလ ဦးဆောင်သော နတ္ထိကဝါဒဂိုဏ်းသားများသည် ရုပ်ကြမ်းဝါဒီများပီပီ တမလွန်ဘဝရှိသည်ကို မယုံကြည်ကြသော်လည်း ဗြာဟ္မဏဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာများနှင့် အခြားသော

အယူဝါဒရှင် (တိတ္ထိယ) အချို့တို့သည် တမလွန်ဘဝရှိကြောင်း ယုံကြည်ကြသည်ကို လေ့လာတွေ့ရှိရသည်။

အိန္ဒိယပြည်ပ ဘာသာရေးများဖြစ်သော ဖိုးရိုးအက်စတား၊ ဂျူး၊ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာဝင်များကမူ မိမိတို့ သက်ဆိုင်ရာ ထာဝရဘုရား၏ နောက်ဆုံးတရား စီရင်မည့်နေ့တွင် သေပြီးသူအားလုံး ရှင်ပြန်ထမြောက်လာကြကာ ဆုလာဘ်နှင့် ပြစ်ဒဏ်အတွက် ဘုရားသခင်၏ အဆုံးအဖြတ်ကို ခံယူပြီးနောက် ကောင်းကင်ဘုံနှင့် ငရဲဘုံတို့၌ ထာဝရစံစား ခံစားကြရသည်ဟု အယူရှိကြသဖြင့် တမလွန်ဘဝနှင့် မပတ်သက်ကြောင်း သိရှိနိုင်သည်။

ရှေးဂရိ၊ ရောမ တွေးခေါ်ရှင်များအနက် အများစုမှာ တမလွန်ဘဝ ရှိ မရှိ ကိစ္စနှင့်ပတ်သက်၍ မည်သို့မျှ မဆိုခဲ့ကြသော်လည်း ပိုက်သာဂိုးရပ်၊ ဆိုကရေးတီး၊ ပလေတို ကဲ့သို့သော တွေးခေါ်ရှင်အချို့ကမူ တမလွန်ဘဝရှိကြောင်း လူသေသော်လည်း ဝိညာဉ်ကောင်မသေကြောင်း ထုတ်ဖော်ပြောခဲ့ကြသည်။

တစ်ဖန် ရီနေဆန့်ခေါ်သော ပြန်လည်ဆန်းသစ် တီထွင်ခေတ်သို့ ရောက်ရှိလာသောအခါ အနောက်တိုင်းတစ်ခွင်တွင် အတွေးခေါ်ပညာရှင် အမျိုးမျိုး ပေါ်ပေါက်လာပါသည်။ ဝိညာဏဝါဒီ အတွေးအခေါ်ပညာရှင်များသည် မသေမကြေ မပျက်စီးသော ဝိညာဉ်ကောင် အမြဲတည်ရှိမှု ကို အခြေပြု၍ တွေးခေါ်ခဲ့ကြသော်လည်း တမလွန်ဘဝတည်ရှိမှုကို တွေးခေါ်နိုင်ခြင်း မရှိသေးကြောင်းတွေ့ရှိရသည်။

သိပ္ပံနည်းကျ ရုပ်ဝါဒီများကမူ တမလွန်ဘဝ အယူအဆ လုံးဝမရှိကြပါ။

မြန်မာနိုင်ငံရှိ လူငယ်အချို့မှာလည်း မကြာခဲ့သေးသော အချိန်တစ်ချိန်က ရုပ်ဝါဒလောင်းရိပ်အောက်သို့ ကျရောက်ခဲ့ကြသဖြင့် ဗုဒ္ဓဝါဒအပေါ် အထင်အမြင် မှားလာကြသည်ကို စာရှုသူများ ကြုံတွေ့ခဲ့ဖူးကြမည်ဟု ထင်ပါသည်။

သို့ရာတွင် မကြာလိုက်ပါ၊ ၎င်းတို့သည် သိပ္ပံပညာထက် သာလွန်သော ဗုဒ္ဓဝါဒအပေါ် အမြင်မှန် ပြန်လည်ရရှိလာကြပြီး ဗုဒ္ဓဝါဒ၏ သင်ကြားချက် တစ်ရပ်ဖြစ်သည့် တမလွန်ဘဝ ရှိကြောင်းကိုလည်း ယုံကြည်လာကြပြန်သည်။

အထူးမှာ တိကျမှန်ကန်လှသော ဗုဒ္ဓဝါဒနှင့် ထိတွေ့နေရသော အရှေ့တိုင်းသား လူအများသည် ဗုဒ္ဓဝါဒက သင်ကြားထားသော တမလွန်ဘဝရှိကြောင်းကို အလွယ်တကူ ယုံကြည်နေကြသည့် နည်းတူ ဗုဒ္ဓဝါဒ သင်ကြားချက်နှင့် ဝေးကွာနေသော အနောက်တိုင်းသား အများစုကလည်း တမလွန်ဘဝရှိကြောင်းကို ယုံကြည်နေကြပြီး ဖြစ်သည်ကို လေ့လာတွေ့ရှိရသည်။

သို့ရာတွင် ၎င်းတို့သည် တမလွန်ဘဝရှိကြောင်းကို အလွယ်တကူ ယုံကြည်ခဲ့ကြသည် မဟုတ်ပါ။ သိပ္ပံ(လက်တွေ့)ပညာကို အလေးပေးနေသော ဒေသတိုင်းသားများ ဖြစ်ကြသည့်အားလျော်စွာ သိပ္ပံနည်းကျ စမ်းသပ်တွေ့ရှိချက်များအရဖြင့်သာ ယုံကြည်ခဲ့ကြကြောင်း တွေ့ရှိရသည်။

အနောက်တိုင်းသားတို့သည် ရှေးယခင်က တမလွန်ဘဝ ရှိကြောင်းကို မယုံကြည်ခဲ့ကြသော်လည်း (၁၈၈၀) ပြည့်နှစ်ခန့်မှစ၍ ဥရောပနိုင်ငံများနှင့် အမေရိကန်၊ ကနေဒါနိုင်ငံတို့တွင် လူသေလျှင် ရုပ် ဝါဒီတို့ ပြောသကဲ့သို့ ဘဝပြတ်စဲသွားခြင်းမရှိဘဲ ဝိညာဉ်ကောင်သည် တမလွန်ဘဝ၌ သွားလာနေကြသည်ဟု ယုံကြည်ကြသဖြင့် ယင်း တမလွန်လောကရှိ ဝိညာဉ်ကောင်များနှင့် ဆက်သွယ်နိုင်ရန် ကြိုးပမ်းခဲ့ကြသည်။

၁၈၈၂-ခုနှစ်၌ အင်္ဂလန်တွင် စိတ်ဝိညာဉ် သုတေသနအသင်း စတင်ပေါ်ပေါက်လာသည်။ ယင်းအသင်းဝင် သုတေသီများသည် ငွေကြေးများစွာ အကုန်အကျခံကာ နိုင်ငံအသီးသီးသို့သွား၍ တမလွန်ဘဝနှင့် ပတ်သက်သော အချက်အလက်များကို သုတေသနပြုခဲ့ကြ

သည်။ ၎င်းတို့၏ သုတေသနပြုချက်များတွင် လူဝင်စားများလည်း အမြောက်အမြား ပါဝင်သည်။ ၎င်းတို့ သုတေသနပြုခဲ့သမျှသော လူဝင်စားများကို စနစ်တကျ မှတ်တမ်းတင်ထားကြသည်။

မြန်မာနိုင်ငံ၌လည်း စနစ်တကျ လေ့လာ၍ မှတ်တမ်းတင်ထားမှု မရှိသော်လည်း ကျော်ကြားသော လူဝင်စား အများအပြားရှိခဲ့သည်။ တစ်ချိန်က (၆)နှစ်သားအရွယ်ဖြင့် တရားဟောသော ပိဋကတ်မောင်ထွန်းကြိုင်မှာ လူဝင်စားအဖြစ် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာသို့ပင် ပျံ့နှံ့ကျော်ကြားခဲ့သည်။

ယောကျ်ားမင်းသမီး အောင်ဗလဝင်စားသည်ဟု ကျော်စောနေသော မင်းသမီးကြီး ဒေါ်ဗလပြန်ဆိုလျှင် အဆိုပါ စိတ်ဝိညာဉ် သုတေသနအသင်းမှ သုတေသီအချို့က လာရောက်၍ သုတေသနပြုသွားရသည်အထိ ထင်ပေါ်ခဲ့သည်။

ယင်းစိတ်ဝိညာဉ် သုတေသနအသင်းသည် တမလွန်ဘဝ သုတေသနအတွက် လူဝင်စားများအပြင် အိပ်မွေ့ချခံရသူ၊ နတ်ဝင်သည် စသည်တို့မှတစ်ဆင့် လေ့လာသော နည်းများကိုလည်း အသုံးပြုကြသည်ကို တွေ့ရှိရသည်။

အင်္ဂလန်စိတ်ဝိညာဉ် သုတေသနအသင်းနည်းတူ အခြားနိုင်ငံမှ သုတေသီ အများအပြားကလည်း တမလွန်ဘဝ သုတေသနလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြသည်။ ၎င်းတို့၏ သုတေသနပြုချက်များတွင် သေရွာပြန်(သေခါနီး မေ့မြောသွားရာမှ သတိရလာသောသူ) များ၏ ပြောပြချက်များလည်း ပါဝင်သည်။

မည်သို့ပင်ဖြစ်စေ၊ ယနေ့ အနောက်တိုင်းသားအများစုမှာ တမလွန်ဘဝရှိသည်ကို ယုံကြည်နေကြပြီး ဖြစ်သည့်အားလျော်စွာ ၁၉၇၈ ခုနှစ်၌ ဆန္ဒမဲ ကောက်ခံကြည့်သောအခါ အမေရိကန်ပြည်သူတို့၏ ၇၀ ရာခိုင်နှုန်းသည် သေပြီးသည့်နောက်၌ ဘဝရှိဦးမည်ကို ယုံကြည်

ကြကြောင်း သိရှိရသည်။ သို့ရာတွင် အနောက်တိုင်းသားတို့သည် ကြို့ပင်ကောက်ရှိ လေချွန်နတ် ဟောပြောသကဲ့သို့သော နာမည်ကျော် နတ်ဝင်သည်တို့၏ သေပြီးသူသားချင်းများနှင့် ဆက်သွယ်ပေးချက် အရ (သို့မဟုတ်) အိပ်မွေ့ချခံရသူ သေရွာပြန်သူတို့၏ ပြောပြချက်အရ လူသေသော်လည်း ဝိညာဉ်ကောင်မသေဘဲ တမလွန်လောကတွင် သွားလာနေကြသော ဝိညာဉ်လောကရှိသည်ဟူသော အယူအဆမျိုးဖြင့် အများအားဖြင့် မှားယွင်းစွာ စွဲမြဲယုံကြည်နေကြကြောင်း တွေ့ရှိရသည်။

ဤ၌ တမလွန်ဘဝရှိသည်ကို မယုံကြည်သော ရုပ်ဝါဒနှင့် ဘဝ သံသရာလည်ပတ်မှုကို အယူမရှိသော ဝိညာဏဝါဒ ဘာသာရေးများ ဖြစ်သည့် ဇိုရိုးအက်စတား၊ ဂျူးတို့နှင့် ပတ်သက်၍ အထူးဖော်ပြရန် မလိုအပ်တော့ပြီ။

ဘဝသံသရာ လည်ပတ်မှု အယူရှိသော အခြားဝိညာဏဝါဒ ဘာသာရေးဖြစ်သော ဗြာဟ္မဏ(ဟိန္ဒူ) ဘာသာနှင့် ဂျိန်းဘာသာတို့အရ လူသေသော်လည်း အတ္တ (အသက်လိပ်ပြာဝိညာဉ်)ကောင်က မသေဘဲ လွတ်မြောက်မှု (မောက္ခ)ကို မရမချင်း တစ်ဘဝမှ တစ်ဘဝသို့ ကူးပြောင်း၍ သံသရာလည်ပတ်နေသည်ဟု ဆိုသည်။

အတ္တအစွဲကြီးသည့် အိန္ဒိယ အယူဝါဒရှင် အချို့ကမူ လူသေပြီး သောအခါ ၎င်း၏လိပ်ပြာခေါ် ဝိညာဉ်ကောင်သည် အိမ်၌(၇)ရက် နေပြီးမှ အခြားဘဝသို့ ကူးပြောင်းသွားရသည်ဟုပင် အယူရှိကြသည်။ ယင်း အိန္ဒိယ အတ္တဝါဒ ဘာသာရေးများ၏ တစ်ဘဝမှ တစ်ဘဝသို့ ဝိညာဉ်ကောင် ကူးပြောင်းမှု အယူအဆကို အစွဲပြု၍ (လောက်လန်းသဖွယ် ဝိညာဉ်တွယ်) ဟူသော စကားတစ်ခုလည်း ပေါ်ပေါက်လာရသည်။

ဗုဒ္ဓဘာသာဝင်များကမူ ဘဝမရှိဟုယူသော ရုပ်ဝါဒ အယူအဆ မျိုးကို ဉစ္ဆေဒဒိဋ္ဌိ၊ ဝိညာဉ်ကောင် မသေဟု ယူဆသော ဝိညာဏဝါဒ (သို့မဟုတ်) အတ္တဝါဒ အယူအဆမျိုးကို သဿတဒိဋ္ဌိဟု သတ်မှတ်ပါသည်။

အနတ္တ အယူရှိသည့်အတိုင်း သတ္တဝါတို့ သေသောအခါ ရုပ်ပိုင်းရော စိတ်ပိုင်းပါ တစ်နည်းအားဖြင့် ခန္ဓာငါးပါးစလုံး ပျက်ချုပ်သွားရလျက် နိဗ္ဗာန်ဟူသော ဘဝလွတ်မြောက်မှုကို မရမချင်း တမလွန်ဘဝတွင် (၃၁)ဘုံသားအဖြစ် ပြန်လည် ပဋိသန္ဓေနေကြရပြီး သံသရာလည်နေကြရသည်ဟု အယူရှိကြသည်။ အမှန်မှာ ဤဘဝ၌ စုတိစိတ်ကျလျှင်ကျချင်း ဘဝခြားမှု မရှိဘဲ တမလွန်ဘဝအတွက် ပဋိသန္ဓေစိတ်သည် သဟဇာတ် (တကွဖြစ်ဖက်) ဖြစ်သော ကမ္မဇရုပ်များနှင့်အတူ ချက်ချင်းဖြစ်ပေါ်လာရသည်။

ပဋိသန္ဓေသည်လည်း ဩပပါတ်၊ သန္ဓေဒဇ၊ အဏ္ဍဇနှင့် ဇလာဗုဇ ဟူ၍ လေးမျိုးရှိရာ သတ္တဝါတို့ သေကြပြီးနောက် နတ်၊ ဗြဟ္မာ၊ ပြိတ္တာ၊ အသူရကာယ်နှင့် ငရဲဘုံသားများအဖြစ် ပဋိသန္ဓေနေကြရပါက မိန်းကလေးဖြစ်လျှင် ၁၆–နှစ်အရွယ်၊ ယောကျ်ားဖြစ်လျှင် ၂၀–နှစ်အရွယ် ဘွားခနဲ ဖြစ်ပေါ်လာရသည်။ ၎င်းတို့သည် ပဋိသန္ဓေ (၄)မျိုးအနက် ဩပပါတ် ပဋိသန္ဓေဖြင့် ပြန်လည်မွေးဖွားလာရသည်ဟု ဆိုသည်။

အညှိမှ ပေါက်ပွားလာရသော ပိုးမွှားမျိုးများဖြစ်ပါက သန္ဓေဒဇ ပဋိသန္ဓေဖြင့် ပြန်လည်မွေးဖွားလာရသည်ဟု ဆိုသည်။ ဥ၌ ပေါက်ဖွားလာရသော သတ္တဝါမျိုးဖြစ်ပါက အဏ္ဍဇပဋိသန္ဓေဖြင့် ပြန်လည်မွေးဖွားလာရသည်ဟု ဆိုသည်။ လူနှင့် အချို့ တိရစ္ဆာန်များကား အမိဝမ်းကြားတိုက်မှ တိုက်ရိုက်မွေးဖွားလာရသူများ ဖြစ်သောကြောင့် ဇလာဗုဇ ပဋိသန္ဓေဖြင့် ပြန်လည်မွေးဖွားရသူများ ဖြစ်သည်ဟု ဆိုသည်။ ပြိတ္တာဖြစ်လျှင်လည်း အလွန့်အလွန် ဆင်းရဲသော ဝေမာနိကပြိတ္တာမျိုး ဖြစ်ပါက လက်ရှိသားချင်းဖြစ်သော လူသားများနှင့် အလွန်နီးစပ်သဖြင့် လူတို့အား ဝင်ပူး၍ မိမိတို့၏ လိုရာကို ပြောနိုင်ကြသည်။ သားချင်းများက ကုသိုလ်ကောင်းမှုပြုလုပ်၍ အမျှအတန်း ပေးဝေသည်ကို သာဓုခေါ်ကြရပါက ယင်းဆင်းရဲဘဝမှ လွတ်မြောက်ပြီး ချမ်းသာသုခ ရှိသည့် ကောင်းမွန်သော

ဘဝသို့ ရောက်ရှိနိုင်ကြသည်။

အခြား လူနှင့်နီးစပ်သော စာတုမဟာရာဇ် အနွယ်ဝင် တစ္ဆေ၊ သရဲ၊ သဘက်၊ ဘီးလူး၊ ကြပ်ဟု ခေါ်နေကြသည့် ဝိနိပါတိကာသူရာ နတ်များအနက် အများစုမှာ တန်ခိုးနတ်၍ ကိုယ်ထင်ပြနိုင်စွမ်း မရှိသော်လည်း အချို့မှာ ၎င်းတို့၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ကိုယ်ထင်ပြနိုင်ကြပါသည်။ လူကို ဝင်ပူး၍လည်း လိုရာကို ပြောနိုင်ကြသည်။

ယင်း ပဋိသန္ဓေလေးမျိုးဖြင့် ပြန်လည်မွေးဖွားလာရသော သတ္တဝါတို့၏ ဘဝဖြစ်စဉ်များကို ထောက်ဆပါက ဝိညာဉ်လောကဟူသည်မှာ လုံးဝ မရှိကြောင်း သိရှိနိုင်သည်။ ထို့ကြောင့် သေပြီးနောက် ဝိညာဉ်ကောင်ကို ထောင်ချသော လုပ်ရပ်မှာလည်း ဗုဒ္ဓဘာသာဝင်များအဖို့ ရှုးသွပ်သော လုပ်ရပ်အဖြစ်သာ သတ်မှတ်ကြသည်။ အမှန်မှာ အနောက်တိုင်းသား များသည် ဖော်ပြပါ နတ်ပြိတ္တာများကိုပင် ဝိညာဉ် လောကသားများ ဖြစ်သည်ဟု အထင်မှားနေကြခြင်းဖြစ်ကြောင်း ထင်ရှားလှပါတော့သည်။

အချုပ်အားဖြင့် သက်ရှိ(၃၁)ဘုံသားများသည် သေလွန်ကြပြီးနောက် ဘဝပြတ်စဲသွားမှု မရှိဘဲ သံသရာ၌ တစ်ပြောင်းပြန်ပြန် ကျင်လည်နေကြရသည်မှာ ထင်ရှားနေပြီဖြစ်သောကြောင့် နိဗ္ဗာန် မရသေးမီစပ်ကြား တမလွန်ဘဝနှင့် ဘဝသံသရာတစ်လျှောက်၌ ကောင်းမွန်မြင့်မြတ်သောဘဝ၌ ဖြစ်ကြရပြီး အထက်တန်းကျသော ဘဝမျိုးကို ထူထောင်နိုင်ရေးအတွက် ယခုပစ္စက္ခဘဝတွင် ကောင်းမွန် မြင့်မြတ်သော လုပ်ငန်းများကို ဆောင်ရွက်ကြရန် အထူးအရေးကြီး လှပါသည်။

ဂရိဘုရင် မိလိန္ဒမင်းကြီး၏ ပဋိသန္ဓေနေမှုကိစ္စနှင့် ပတ်သက်သော အမေးကို ရှင်နာဂသိန်က ''မင်းကြီး၊ ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့် ပဋိသန္ဓေမနေပါ၊ ဤပစ္စုပ္ပန်နာမ်ရုပ်ဖြင့်ကောင်းသော ကုသိုလ်ကံ၊ မကောင်းသော အကုသိုလ်ကံကိုပြု၏။ ထိုကံဖြင့် တစ်ပါးသော

**နာမ်ရုပ်သည် ပဋိသန္ဓေနေ၏''**ဟု ဖြေကြားတော်မူခဲ့သည့်အတိုင်း စေတနာနှင့်တကွ ပြုအပ်သော ကောင်းသောအလုပ်၊ မကောင်းသော အလုပ်နှစ်မျိုးက ပဋိသန္ဓေ တစ်ဖန်ပြန်လည်နေရခြင်းကို တွန်းအားပေး နေသောကြောင့် ကောင်းမွန်မြင့်မြတ်၍ အထက်တန်းကျသော ကံ (အလုပ်)ကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန် အထူးလိုအပ်ရခြင်း ဖြစ်သည်။

ကောင်းသောအလုပ် (ကုသိုလ်ကံ) မကောင်းသောအလုပ် (အကုသိုလ်ကံ)များနှင့် ၎င်းတို့၏ အကျိုးတရားများကို ဗုဒ္ဓစာပေများ တွင် အများအပြားဖော်ပြထားသည်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ သိရှိကြပြီးဖြစ်သည်။

သို့ဖြစ်၍ လူသည် တမလွန်နှင့် ဘဝသံသရာ၌ လူ့ထက် အဆင့် မြင့်သောနတ်၊ ဗြဟ္မာဘဝများကို မရရှိကြစေကာမူ၊ ရင်းစားဖြစ်သော လူအဖြစ်ကို ရရှိလျက် အထက်တန်းကျကျ နေထိုင်နိုင်ရန် အထူးသဖြင့် လူ့ဘဝမှ လျှောကျမသွားစေရေးအတွက် **'ပြုလျှင်အသစ်၊ ဖြစ်လျှင် အဟောင်း'** ဆိုသည့်အတိုင်း ယခုပစ္စုပ္ပန်ဘဝတွင် မကောင်းသော အကုသိုလ်အလုပ်များကို ရှောင်ရှား၍ ကောင်းသောကုသိုလ် အလုပ် များကိုသာ အလေးပေး၍ ဆောင်ရွက်နေကြရန် အထူးပင်လိုအပ် ကြောင်းဖြင့် 'တမလွန်အရေး ဦးစားပေးလော့'ဟု နှိုးဆော်တိုက်တွန်း လိုက်ရပါသည်။

ရုပ်ဝါဒခေတ်စားချိန်က ရုပ်ဝါဒ၏ သင်ကြားချက်အတိုင်း စိတ်ဟူသည်မရှိ၊
ပတ်ဝန်းကျင်ရုပ်၏ ရောင်ပြန်ဟပ်မှုကြောင့် ဖြစ်ပေါ်လာရသော
ရုပ်၏အမြင့်ဆုံးထုတ်ကုန်သာ ဖြစ်သည်ဟု လူအချို့က ထင်မှတ်ခဲ့ကြသည်။
ရုပ်ဝါဒမှေးမှိန်သွားပြီးနောက်
ရုပ်ဝါဒ အယူအဆများမှာ ယခုအခါ သေးသိမ်သွားခဲ့ရပြီး ဖြစ်သည်။
သို့ရာတွင် မမြင်ရသော စိတ်၏ တည်ရာမှီရာနှင့် စပ်လျဉ်း၍
ထင်ကြေးအမျိုးမျိုး ပေးခဲ့ကြပြန်သည်။

## စိတ်တည်ရာပြဿနာ

စိတ်တည်ရာမှီရာ ပြဿနာကား ရှေးကလည်း ရှိခဲ့ဖူးသည်။ ယခုလည်းရှိသည်။ နောင်လည်း ရှိနေဦးမည်ဖြစ်သည်။ ယင်းပြဿနာကို ဖြေကြားသော လူပုဂ္ဂိုလ်များ၊ ကျမ်းဂန်တတ် ဆရာတော်များလည်း အများအပြားပင်ရှိမည်။ ယခု ဤပြဿနာမှာ စာပေဆွေးနွေးပွဲတစ်ခုမှ စာပေမိတ်ဆွေတစ်ဦး တင်ပြလာသော ပြဿနာဖြစ်သည်။ သူက **"ပိဋကတ် ကျမ်းရင်းများတွင် မပါရှိသော ဟဒယဝတ္ထု အသုံးအနှုန်းများကို ပြုပြင်ပေးပါရန်"** အကြောင်းအရာဖြင့် ဆွေးနွေးတင်ပြလာခြင်း ဖြစ်သည်။

သူက ပဋ္ဌာန်းကျမ်း၌ 'ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတု စ ဝတ္တန္တိ' ဟုမြတ်စွာဘုရား သာမည ဟောထားသည်ကို ဘာသာပြန်သူက အကြင်ရုပ်ကိုဟု ဘာသာမပြန်ဘဲ 'အကြင်ဟဒယဝတ္ထုရုပ်ကိုမှီ၍ မနောဓာတ် မနောဝိညာဏဓာတ်တို့ ဖြစ်ကုန်၏' ဟု

ပြန်ဆိုထားခြင်းမှာ မမှန်ကန်ပါကြောင်း၊ ယနေ့ ကမ္ဘာနှင့်အဝှမ်း ပညာရှင်များသည် သေချာတိကျခိုင်မာသော အချက်အလက်များ အပေါ်မူတည်၍ စိတ်တို့၏ တည်ရာမှီရာကို ဦးနှောက်ဟု သတ်မှတ်ထားကြောင်း နှလုံးဟာဒယ ဝတ္ထုသည် ကိုယ်ခန္ဓာ အနှံ့အပြားသို့ သွေးများ ရောက်ရှိအောင် တွန်းပို့ပေးသည့် လုပ်ငန်းကိုသာ ဆောင်ရွက်လျက်ရှိသော အခေါင်းပါ အသားတုံး အစိုင်အခဲ အဖြစ်သာဖြစ်ကြောင်း၊ စိတ်ဝေဒနာရှင် အများအပြားတွင်လည်း နှလုံးအကောင်းပကတိ ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယံရုပ် အကြင်ရုပ်ကိုဟူ၍သာ ပြန်ဆိုသင့်ကြောင်း၊ အလားတူ သင်္ဂြိုဟ်၌ မနာယတန၊ မနောဓာတု၊ မနောဝိညာဏဓာတုဟု ပြထား သကဲ့သို့ ဝတ္ထုရုပ် ၆–ပါး ပြရာ၌ ဟာဒယဝတ္ထုအစား မနောဝတ္ထုဟု အစားထိုး ပြင်ဆင်သင့်ပါကြောင်း တင်ပြပါသည်။

လူတွင် စိတ်စေတသိက် ရုပ်ဟူသော ပရမတ္ထတရား သုံးပါး ရှိသည်။ ခန္ဓာအစုအားဖြင့် ရူပက္ခန္ဓာရုပ်အစု၊ ဝေဒနာက္ခန္ဓာခံစားမှုအစု၊ သညာက္ခန္ဓာ မှတ်သားမှုအစု၊ သင်္ခါရက္ခန္ဓာ ပြုပြင်မှုအစု၊ ဝိညာဏက္ခန္ဓာ သိမှုအစု ဟူ၍ ခန္ဓာငါးပါးစလုံး ပါဝင်သည်။ အချုပ်အားဖြင့် လူတွင် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ ခေတ်အပြောအားဖြင့် ရုပ်ပိုင်း၊ စိတ်ပိုင်း ၂–ပါး ပါဝင်လျက်ရှိသည်။ ထို ၂–ပါးတွင် ရုပ်ပိုင်းက ထင်ရှားတည်ရှိနေသော အရာဖြစ်၍ အငြင်းပွားဖွယ်မရှိ ဖြစ်သည်။ စိတ်ကား တစ်သဘောဖြစ်၍ ထင်ရှားတည်ရှိသော အရာမဟုတ်သောကြောင့် ခေတ်လူများအဖို့ အငြင်းပွားဖွယ် ဖြစ်လာရသည်။ ရုပ်ဝါဒခေတ်စားချိန်က ရုပ်ဝါဒ၏ သင်ကြားချက်အတိုင်း စိတ်ဟူသည်မရှိ၊ ပတ်ဝန်းကျင်ရုပ်၏ ရောင်ပြန်ဟပ်မှုကြောင့် ဖြစ်ပေါ်လာရသော ရုပ်၏အမြင့်ဆုံးထုတ်ကုန်သာ ဖြစ်သည်ဟု လူအချို့က ထင်မှတ်ခဲ့ကြသည်။ ရုပ်ဝါဒမှေးမှိန်သွား ပြီးနောက် ရုပ်ဝါဒ အယူအဆများမှာ ယခုအခါ သေးသိမ်သွားခဲ့ရပြီး ဖြစ်သည်။ သို့ရာတွင် မမြင်ရသော စိတ်၏ တည်ရာမှီရာနှင့် စပ်လျဉ်း၍

ထင်ကြေးအမျိုးမျိုး ပေးခဲ့ကြပြန်သည်။

စိတ်စေတသိက်တို့၏ မှီရာ (စိတ်မှီ၍ ဖြစ်ပေါ်ရာ) နှင့် စပ်လျဉ်း၍ ဗုဒ္ဓအဘိဓမ္မာတွင် ၆–မျိုးပြထားသည်။ စက္ခုဝတ္ထု မျက်စိကြည် (မြင်သိစိတ်မှီရာ)၊ သောတဝတ္ထု နားကြည် (ကြားသိစိတ်မှီရာ)၊ ဃာနဝတ္ထု နှာခေါင်းကြည် (နံသိစိတ်မှီရာ)၊ ဇိဝှာဝတ္ထု လျှာကြည် (လျက်သိစိတ်မှီရာ)၊ ကာယဝတ္ထု ကိုယ်ကြည် (ထိတွေ့စိတ်မှီရာ)၊ တို့ ဖြစ်သည်။ ယင်း ၆–မျိုးအနက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် ကိုယ်ဟူသော စိတ်မှီရာ အများအပြားသည် ဦးခေါင်းတွင် တည်ရှိသောကြောင့် စိတ်သည် ဦးနှောက်၊ ဦးခေါင်းပိုင်း၌ တည်ရှိသည်ဟု ထင်ကြေးပေးကြပြီး၊ စိတ်ဦးနှောက်ဆက်သွယ်မှု သီဝရီအမျိုးမျိုး ထုတ်ကြသည်။ ယနေ့ ခေတ်သစ်သိပ္ပံနှင့် စိတ်ပညာရှင်များ ဖော်ပြလျက်ရှိသော သီဝရီများအနက် အတွင်ကျယ်ဆုံး သီဝရီ ၂–ခုမှာ (၁) စိတ်နှင့် ဦးနှောက်ထပ်တူဖြစ်သည်။ (၂) စိတ်နှင့် ဦးနှောက် ပြိုင်တူ ယှဉ်၍ သွားသည်ဟူ၍ ဖြစ်သည်။ (၃) အခြားတစ်ဖက်တွင် ဒွိတ္တဝါဒီများကလည်း စိတ်နှင့် ဦးနှောက် တခြားစီဖြစ်သည်ဟု ယူကြပြန်သည်။ ၎င်းတို့၏အဆိုမှာ စိတ်လုပ်ငန်းအားလုံးသည် ဦးနှောက်နှင့် မပတ်သက်ပေ။ ဦးနှောက်ရုပ်က လိုက်၍မမှီသော အထူးအာရုံသိများလည်း ရှိသည်။ အနေဝေးသူအချင်းချင်း ရုပ်ပိုင်းဆိုင်ရာ ဆက်သွယ်မှုသဘောမပါဘဲ တယ်လီပသီခေါ် စိတ်အာရုံချင်း ဆက်သွယ်မှုများသည် ထင်ရှားသော သာဓကဖြစ်သည်ဟူ၍ ဖြစ်သည်။

ယင်း သီဝရီ ၃–မျိုးအနက် နောက်ဆုံးအမှတ်–၃ သီဝရီသည် ဗုဒ္ဓအဘိဓမ္မာနှင့် ကိုက်ညီသည်။ ဗုဒ္ဓအဘိဓမ္မာတွင် ဝိညာဏခေတ် စိတ်များမှီ၍ ဖြစ်ပေါ်ရာဝတ္ထုရုပ် ၆–မျိုးကို ဖော်ပြထားသော်လည်း ယင်းစိတ်များသည် ယင်းဝတ္ထုရုပ် ၆–မျိုး၌ အမြဲထာဝစဉ် တည်ရှိနေသည်ဟု မစွဲယူသင့်။ သိစိတ်ဟူသည် အာရုံနှင့် ဒွါရတို့ တိုက်ဆိုက်မှုရှိမှ ဖြစ်ပေါ်လာနိုင်သော သဘောတရားဖြစ်သည်။ အာရုံနှင့် ဒွါရ

တိုက်ဆိုင်မှု ရှိစေကာမူ အခြားတွဲဖက်အကြောင်းများ လစ်ဟင်းနေပြန်လျှင်လည်း မဖြစ်ပေါ်နိုင်ပါ။ ထို့ကြောင့် မြင်သိစိတ် ဖြစ်ပေါ်ရန်အတွက် မျက်စိအကြည်၊ အဆင်းအာရုံ၊ အလင်းရောင်၊ နှလုံးသွင်းမှုဟူသော အင်္ဂါ ၄–ချက် ပြည့်စုံရန်လိုသည်။ အလားတူ ကြားသိစိတ်အတွက် နား အကြည်၊ အသံအာရုံ၊ အာကာသခေါ် အပိတ်အဆို့မရှိခြင်း (သို့မဟုတ်) ကြားနိုင်လောက်သည့် နေရာဖြစ်ခြင်း၊ နှလုံးသွင်းမှု၊ အင်္ဂါ၄–ချက်၊ နံသိစိတ်အတွက် နှာခေါင်းအကြည်၊ အနံ့အာရုံ၊ လေ၊ နှလုံးသွင်းမှု အင်္ဂါ ၄–ချက်၊ လျက်သိစိတ်အတွက် လျှာအကြည်၊ အရသာအာရုံ၊ လျှာရည်၊ နှလုံးသွင်းမှု အင်္ဂါ၄–ချက်၊ တွေ့ထိသိစိတ်အတွက် ကိုယ်အကြည်၊ ကြမ်းတမ်းခက်မာသည့် ပထဝီ၊ အတွေ့အထိအာရုံ၊ နှလုံးသွင်းမှု အင်္ဂါ ၄–ချက်၊ ကြံသိစိတ်အတွက် မနောဒွါရခေါ် ဘဝင်စိတ်၊ ရူပါရုံစသော ပဥ္စာရုံ (သို့မဟုတ်) ဓမ္မာရုံ၊ ဟဒယဝတ္ထုခေါ် နှလုံးသွေးကြည် နှလုံးသွင်းမှု အင်္ဂါ၄–ချက်ရှိရန် လိုအပ်သည်။ ယင်းအင်္ဂါ၄–ချက်စီအနက်၊ ပထမ ၃–ချက်စီသည် သိပ္ပံပညာနှင့် ညီညွတ်သော အချက်များဖြစ်ပြီး၊ နှလုံးသွင်းမှုသည် ဗုဒ္ဓအဘိဓမ္မာ၏ ထူးခြားသော အချက်ဖြစ်ကြောင်း သိပ္ပံသုတေသီများက ဆိုကြသည်။ သတိမမူ ဂူမမြင်ဟူသည့်အတိုင်း ရှေးအင်္ဂါ ၃–ချက်နှင့် ညီညွတ်သော်လည်း နှလုံးသွင်းမှုမရှိပါက သက်ဆိုင်ရာအသိစိတ် ဖြစ်ပေါ်နိုင်မှု မရှိသည်ကို သတိပြုအပ်သည်။

ဝတ္ထုရုပ် ၆–မျိုးအနက်၊ ဟဒယ ဟူသည် ဟဒန္တိ တံ တံ အတ္တံ ဝါ အနတ္တံ ဝါ ပူရေန္တိ ဧတေနာတိ ဟဒယံ ဟူသော ဝိဂြိုဟ် ဝစနတ္ထအရ လူတို့တွင် နှလုံးသားပါသည့်အတွက် ကောင်းကျိုးဆိုးကျိုး များကို ပြည့်စုံစေနိုင်ကြခြင်း ဖြစ်သည်။ ထို့ကြောင့် နှလုံးသားဟူသော ရုပ်ကို ဟဒယခေါ်ခြင်းဖြစ်သည်။ ယင်းနှလုံးသားအလယ်၌ ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းချိုင့်ငယ်ရှိသည်။ ထိုတွင်းငယ်၌ တစ်လက်ဖက်ခွက်မျှသော သွေးများတည်ရှိသည်။ ထိုသွေးများကို ပျံ့နှံ့လျက်

တည်သော ဝတ္ထုရုပ်တစ်မျိုးကို ကေဒေသူပစာအားဖြင့် ဟဒယခေါ်ခြင်း ဖြစ်သည်။ နှလုံးသားအစိုင်အခဲကို ခေါ်ခြင်းမဟုတ်သည်ကို သတိပြုအပ်သည်။

ယံ ရူပံ နိဿာယ မနော ဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ ၌ ယံရူပံဟု မြတ်စွာဘုရား သာမည ဟောတော်မူသော်လည်း အကြင် ဟဒယဝတ္ထုရုပ်ကိုဟု အဋ္ဌကထာဆရာ ညွှန်ပြသည့်အတိုင်း ဘာသာပြန်ဆိုထားခြင်းမှာ အကြောင်းရှိသည်။ လူတို့၏သိစိတ်များကို အဆီညှစ် စစ်ထုတ်လျှင် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ လျှက်သိစိတ်၊ ထိသိစိတ်နှင့် ကြံသိစိတ် ၆-မျိုးမှတစ်ပါး အခြားမရှိနိုင်ပြီ၊ တစ်ဖန် သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟူသော လောကသုံးပါး၌ ရုပ်သဘောတရားများကို ဖြစ်ညှစ်စစ်ထုတ်ပြန်လျှင်လည်း ရုပ်-၂၈ ပါးမှတစ်ပါး အခြားမရှိနိုင်ပြီ။ ယင်းရုပ်၂၈-ပါးတွင် စက္ခုဝိညာဏဓာတ် (မြင်သိစိတ်)စသော သိစိတ်၅-မျိုးမှီ၍ ဖြစ်ပေါ်ရာ ရုပ်မှာ မျက်စိ၊ နား၊ လျှာ၊ ကိုယ် ဟူသော ပသာဒရုပ်၅-ပါး ရှိပြီးဖြစ်သည်။ မနောဓာတ် မနောဝိညာဏဓာတ်ခေါ်သော ကြံသိစိတ် မှီ၍ ဖြစ်ပေါ်ရာ ရုပ်ကား ရုပ်၂၈-ပါးတွင် အဘယ်ရုပ် ဖြစ်သင့်သည်ကို ဆင်ခြင်ရန် လိုအပ်သည်။ ရုပ်၂၈-ပါးတွင် ဦးနှောက်ကို ရုပ်တစ်ပါးအဖြစ် ဟောတော်မူခြင်းမရှိပါ။ ကျန်ရုပ်များတွင် ကြံသိစိတ်မှီ၍ ဖြစ်ပေါ်ရာ ရုပ်ကို စဉ်းစားသောအခါ ဟဒယရုပ်မှတစ်ပါး အခြားမရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ယံရူပံကို အကြင်ဟဒယဝတ္ထုရုပ်ဟု အဋ္ဌကထာဋီကာဆရာများ ညွှန်ပြသည့်အတိုင်း ဘာသာပြန်ဆိုခြင်းဖြစ်သည်။

မနောဓာတ်နှင့် မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်ပေါ်သည် ဟုတ်မဟုတ် စိစစ်ရန်လိုအပ်သည်။ မနောဓာတ်ကား သိကာမတ္တ သိရုံမျှသဘောဖြစ်သည်။ မနောဝိညာဏဓာတ်ကား မနောသိ ဝိညာဉ်သိ ၂-မျိုးပေါင်းစပ်ထားသော အသိဖြစ်သောကြောင့်

အလွန်အကြူး အထူးသိမှုသဘောဖြစ်သည်။ ဟဒယဝတ္ထုသည် နှလုံးသားတွင်းရှိသွေးကို ပျံ့နှံ့၍တည်သောရုပ်ဟု ဆိုသောကြောင့် အဆိုပါမနောဓာတ် မနောဝိညာဏဓာတ်ဟုခေါ်ဆိုသော အသိစိတ်သည် ယင်းသွေးမှတစ်ဆင့် ပေါက်ပွားဖြစ်ပေါ်လာသည်ဟု ယူရမည်ဖြစ်သည်။ တစ်စုံတစ်ခုသော အကြံကို စူးစူးစိုက်စိုက် ကြံစည်သောအခါ တစ်စုံတစ်ခု စိတ်မချမ်းမြေ့ဖွယ် ဖြစ်လာသောအခါတို့၌ စိတ်မှအပူဓာတ်သည် မှီရာဝတ္ထုရုပ်သို့ ကူးစက်၍ ထိုဝတ္ထုရုပ်မှ အပူဓာတ်သည်လည်း ဝတ္ထုရုပ်တည်ရာ သွေးများနှင့်တကွ နှလုံးအိမ်သို့ ကူးစက်သဖြင့် ရင်ပူလာပုံ၊ ပြင်းထန်သော အမြှောက်သံစသည်ကို ကြားရာ၌ တစ်စုံတစ်ဦးက ခြောက်လှန့်သည့်အခါတို့၌ စိတ်ဓာတ်တုန်လှုပ်သဖြင့် နှလုံးသွေးနှင့် ရင်များခုန်နေပုံ၊ အပြင်းအထန် ပူဆွေးသောက နှိပ်စက်သည့်အတွက် နှလုံးကွဲ (ရင်ကွဲ)ရပုံ၊ အပြင်းအထန် ပျော်ရွှင်သောအခါ ရင်ထဲ၌ တစ်မျိုးခံစားရပုံတို့ကို ထောက်၍ စိတ်မှီရာ ဟဒယဝတ္ထုရုပ်သည် နှလုံးအိမ်၌ရှိကြောင်း သိသာလှသည်။

တစ်ဖန် စိတ်နှင့်သွေး ဆက်စပ်ပုံနှင့် စပ်လျဉ်း၍ အခြားသော အထောက်အထားများလည်း အမြောက်အမြားပင်ရှိသည်။ ရာဂစိတ်အားကြီးသူသည် သွေးနီသည်။ ဒေါသစိတ်အားကြီးသူသည် သွေးညိုသည်။ မောဟစိတ်အားကြီးသူသည် အမဲသားဆေးသော ရေလောက်သာ သွေးရောင်ဖျော့သည်။ သဒ္ဓါစိတ်အားကြီးသူသည် သွေးဝါသည်။ ပညာစိတ်အားကြီးသူသည် ပတ္တမြားကြောင်မျက်ရွဲ အရောင်သွေးရှိသည်။ ပြိုးပြိုးပြက်ပြက်အရောင်ရှိသည်။ ဖြူရောင်ရှိသည်။ ဝိတက်စိတ်အားကြီးသူသည် ပဲပြုတ်ရေ အဆင်းရောင်သွေးရှိသည်ဟု အဆိုရှိသည်။ မြန်မာ့စကားတွင်လည်း စိတ်နှင့်သွေးကို ထပ်တူပြု၍ ပြောဆိုနေကြသော စကားများစွာရှိသည်။ ပုံစံအားဖြင့် အရေးကြီး သွေးနီးသည်။ သွေးစကားပြောသည်။ စစ်သွေးကြွသည်။ သွေးဆာသည်။ သွေးအေးနှင့်လုပ်ကြံသည်။ သွေးဆိုးသည် စသည်ဖြစ်သည်။

အမှန်မှာ ခေတ်လူများသည် နှလုံးအိမ်တွင် သွေးလွှတ်ကြော သွေးပြန်ကြော ဆက်သွယ်မှုဖြင့် တစ်ကိုယ်လုံး၌ သွေးများပျံ့နှံ့ရှိရာတွင် နှလုံးအိမ်မှ သွေးပူလေပူတို့ အထက်သို့ပျံတက်သဖြင့် ဦးခေါင်းနောက်ကို ရှုပ်ထွေးလာရသည်ကိုထောက်၍ စိတ်သည် ဦးနှောက်ဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။ စိတ်ဝေဒနာ စွဲကပ်လာရခြင်းမှာလည်း သွေး ပျက်စီး၍ စွဲကပ်လာရခြင်းဖြစ်သည်။ နှလုံးသားရော ဦးနှောက်ပါ စိတ်နှင့်စပ်ဆိုင်မှုမရှိသောကြောင့် အကောင်းပကတိ ဖြစ်နေရခြင်း ဖြစ်သည်။ စိတ်ဖောက်ပြန် ရူးသွပ်နေသူကို မြန်မာတို့က သွေးပျက်နေ သူဟု ပြောဆိုကြပုံကို သတိပြုအပ်သည်။

ဖော်ပြပါအချက်အလက်များကို ထောက်ဆသောအားဖြင့် ယံရုပ် အကြင်ဟဒယ ဝတ္ထုရုပ်ကိုဟု ဘာသာပြန်ထားခြင်းနှင့် ဝတ္ထုရုပ် ၆- ပါးကို ဖော်ပြရာ၌ ဟဒယဝတ္ထုဟု ရေတွက်ထားခြင်းများမှာ မှန်ကန် သောကြောင့် ပြင်ဆင်ရန်မလိုပါ။ ဖြည့်စွက်ဖြုတ်ပယ်ရန်လည်းမလိုပါ။ အထူးမှာ ယနေ့ ဗုဒ္ဓဘာသာသည် မဟာယာနနှင့် ထေရဝါဒဟူ၍ ဂိုဏ်းကြီး ၂-ဂိုဏ်းရှိရာတွင် မဟာယာနဂိုဏ်းသားများက ပိဋကတ် တော်များကို မိမိတို့လိုသလို အဆင့်ဆင့်ပြင်ဆင်ခဲ့ကြသော်လည်း ထေရဝါဒဂိုဏ်းသားများကမူ ပိဋကတ်တော်များကို ပထမသင်္ဂါယနာ တင်ချိန်၌ စုစည်းဖော်ပြထားသော ဒေသနာတော်စဉ်များအတိုင်း ယနေ့တိုင် တစ်လုံးတစ်ပါဒကိုမျှ ပြင်ဆင်ဖြည့်စွက် နုတ်ပယ်မှုမရှိဘဲ မူလအတိုင်း ထားရှိခဲ့ကြပါသည်။ မည်သူမျှလည်း ပြင်ဆင်ဖြုတ်ပယ် ဖြည့်စွက်မှု မပြုဝံ့ကြပါ။ ပြုလျှင်လည်း ကမ္ဘာပေါ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာ ဝင်ထု၏ ဝေဖန်ကဲ့ရဲ့မှု အပြစ်တင်မှုကို ခံရမည်သာဖြစ်သည်။ ထို့ကြောင့် မှန်ကန်စွာ တည်ရှိနေပြီးဖြစ်သော ဒေသနာတော်စဉ်၌ ပြင်ဆင်လိုစိတ် ဆန္ဒအမှားအယွင်းကို နှလုံးမသွင်းမိရန် လိုအပ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။

မောင်ဘကို မြင်သိစိတ်ဖြစ်ပြီးနောက်
မသိစိတ်အဖြစ် အောက်လွှာသို့ ရောက်ရှိသွားသောအခါ မောင်ဘကို မေ့လျော့သွားသည်။
နောက် မောင်ဘနှင့် တူသူကိုမြင်ရသောအခါ မသိစိတ်၏ ထွက်ပေါက်အဖြစ်
မောင်ဘကို ပြန်လည်သတိရလာသည်။ ဤသို့သော ထွက်ပေါက်ကို မရရှိသောအခါ
အိပ်မက်အဖြစ် မောင်ဘကို မြင်မက်၍ ထွက်လာရသည်ဟု ဆိုသည်။

## စိတ္တနိယာမ

လောကတွင် မည်သူတစ်ဦးတစ်ယောက်၏ ပြုပြင်ဖန်တီးမှုကိုမျှ မလိုအပ်ဘဲ ဖြစ်မြဲဖြစ်စဉ်အရ ဖြစ်ပျက်နေကြသော နိယာမတရား ၅-ပါးရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဗီဇနိယာမ – မျိုးစေ့ကိုစွဲ၍ သက်ဆိုင်ရာ သက်ရှိ သက်မဲ့တို့ ဖြစ်နေကြရသည်။

၂။ ဥတုနိယာမ – ဥတုကိုစွဲ၍ ပူခြင်း၊ အေးခြင်း စသည်နှင့် သစ်ပင်များ ဖူးပွင့်သီးကင်း ရင့်မှည့်ရော်ခြင်း စသည်များ ဖြစ်ပွားနေကြရသည်။

၃။ ကမ္မနိယာမ – သတ္တဝါတို့သည် မိမိတို့ စေတနာနှင့်တကွ ပြုအပ်သော ကုသိုလ်ကံ အကုသိုလ်ကံ

အားလျော်စွာ ဖြစ်နေကြ ရသည်။

၄။ စိတ္တနိယာမ – သတ္တဝါတို့၏ စိတ်အစဉ်သည်လည်း ပြုပြင်သူမရှိဘဲ အာရုံကျရာ၌ အလို အလျောက် ဖြစ်ပေါ်နေကြရသည်။

၅။ ဓမ္မနိယာမ – ဘုရားအလောင်းတို့ မွေးခြင်း၊ တောထွက်ခြင်း၊ ဘုရားဖြစ်ခြင်း ဟူသော အတိတ်နိမိတ်ကောင်းများအတွက် မြေငလျင်လှုပ်ခြင်း၊ သတ္တလောကနှင့် ဩကာသလောက ကောင်းကျိုးဆိုးကျိုး များအတွက် ရောင်နီလွှတ်ခြင်း၊ ဥက္ကာပျံခြင်း စသော အဖြစ်များသည် ဓမ္မတာ သဘောအရ ဖြစ်နေကြရသည်။

ဤ၌ အချို့က ပဋိသန္ဓေအားဖြင့် အင်္ဂါမစုံ၊ ဆွံ့အ၊ ပင်း၊ ကန်း စသည့်ဖြင့် မွေးဖွားလာရသည်။ ဤအဖြစ်များကို ယောနိ နိယာမဟု သတ်မှတ်ကြသည်။

အလားတူ ပဋိသန္ဓေအားဖြင့် အချို့သတ္တဝါများ ခန္ဓာကိုယ်ကြီး၍ အချို့သတ္တဝါများ ခန္ဓာကိုယ်သေးငယ်လျက် မွေးဖွားရသည်။ ဤအဖြစ်ကိုလည်း ယောနိ နိယာမဟု သတ်မှတ်ကြသည်။

သို့ရာတွင် ပထမအချက်သည် ကမ္မနိယာမတွင်၊ ဒုတိယအချက်သည် ဗီဇနိယာမတွင် ပါဝင်ပြီးဖြစ်သောကြောင့် ယင်းယောနိ နိယာမကို သီးခြားမဖော်ပြခြင်း ဖြစ်သည်။

ဖော်ပြပါ နိယာမတရား ၅–ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော စိတ်ဟူသည်မှာ အာရုံကို ကြံစည်တတ် သိတတ်သော သဘောတရား ဖြစ်ပါသည်။ ဗုဒ္ဓစာပေတွင် အာရုံကို ကြံစည်တတ် သိတတ်သောစိတ်၊ စိတ်ကို စေ့ဆော်တတ်သော စေတသိက်၊ ဖောက်ပြန်တတ်သော ရုပ်နှင့်

မပြောင်းလဲမပျက်စီးတတ် မပြုပြင်အပ်သော နိဗ္ဗာန်ဟူသော သဘောတရား ၄–မျိုးကို အမှန်ရှိသော ပရမတ္ထတရားအဖြစ် ဖော်ပြထားသည်။

စိတ်သည် ပင်ကိုအားဖြင့် သန့်ရှင်းဖြူစင်သည့်အနေဖြင့် တည်ရှိနေသော အရှိတရားဖြစ်သည်။ မည်းလိုက်၊ ဖြူလိုက်၊ အကုသိုလ်ဖြစ်လိုက်၊ ကုသိုလ်ဖြစ်လိုက်ဟူသော အဖြစ်တရားများ ဖြစ်လာရခြင်းမှာ စေတသိက်များ၏ စေ့ဆော်မှုကြောင့် ဖြစ်နေရခြင်းဖြစ်သည်။ သို့ရာတွင် စိတ်သည် ဖြစ်၊ တည်၊ ပျက် (ဥပါဒ်၊ ဋ္ဌီ၊ ဘင်) သဘောအရ တည်ရှိနေသော တရားသာဖြစ်သည်။

ကားမောင်းသူသည် ကားကိုမောင်းနှင်ရာ၌ တစ်ချိန်တည်းတွင် နား၊ မျက်စိ၊ လက်၊ ခြေအလုပ်ပေါင်းများစွာကို ပြုလုပ်လျက်ရှိသည်။ စာဖတ်သူမှာလည်း တစ်ချိန်တည်းတွင် စာလုံးပေါင်းများစွာကို ဖတ်ရှုလျက်ရှိသည်။ ၎င်းတို့၏ စိတ်အလျင်သည် ထိုအချိန်၌ အခြားအာဘယ်သို့မျှ မသွားမရောက်ဘဲ ကားမောင်းလုပ်ငန်း၊ စာဖတ်လုပ်ငန်းတို့၌သာ နစ်မျောလျက်ရှိရာ ၎င်း၌ စိတ်တစ်စိတ်တည်း ဖြစ်နေရသည်ဟု ထင်ရသည်။

အမှန်မှာ ထိုသူနှစ်ယောက်တို့၏ စိတ်အလျင်ကား တစ်စိတ်တည်းဖြစ်နေသည်မဟုတ်ဘဲ ဒုံးပျံ အစင်းပေါင်းများစွာ ပစ်လွှတ်လိုက်သော အားအဟုန်ထက် အဆပေါင်းများစွာ လျင်မြန်သော အဟုန်ဖြင့် ပြောင်းလဲ ဖြစ်ပျက်လျက်ရှိနေသည်။ ဤ၌ စိတ်၏ ဋ္ဌီခဏဖြစ်သော တည်တံ့မှုကား အခိုက်အတန့်မျှသာ ရှိသည်။

ဥပမာ ခဲလုံးကို ကောင်းကင်သို့ ပစ်တင်လိုက်လျှင် တက်မှု၊ ကျမှုအလျင်ကိုသာ ထင်ရှားမြင်ရပြီး တက်မှု ကျမှုအလျင်ကြား၌ တည်တံ့သောကာလသည် အခိုက်အတန့်မျှသာ ဖြစ်သကဲ့သို့ပင် ဖြစ်ပါသည်။

ထို့ကြောင့် ပြောင်းလဲဖြစ်ပျက်မှုဟု ဆိုလိုက်ခြင်းဖြစ်သည်။ တစ်ဖန် စိတ်၏ ပြောင်းလဲဖြစ်ပျက်မှု မြန်ဆန်လွန်းသောကြောင့်လည်း အထက်ပါ လူနှစ်ယောက်၌ ဖြစ်ပျက်နေသော စိတ်တွင် ပျက်မှုကို

မမြင်တော့ဘဲ တစ်စိတ်တည်း ဖြစ်နေရသည်ဟု ထင်ရခြင်းသာဖြစ်သည်။

ဥပမာအားဖြင့် မိုးရွာချရာ၌ မိုးစက်မိုးပေါက်များ တစ်စက်ချင်း တစ်ပေါက်ချင်း ရွာနေခြင်းသာဖြစ်သည်။ သို့ရာတွင် မိုးစက်မိုးပေါက်များ အကျမြန်ဆန်လွန်းသောကြောင့် တစ်စက်ချင်း တစ်ပေါက်ချင်း ကျနေသည်ကို မမြင်တော့ဘဲ အဆက်မပြတ်ရွာချနေသည်ဟု ထင်ရသကဲ့သို့ပင်ဖြစ်သည်။

ထို့ကြောင့် စိတ်သည် လက်ဖျစ်တစ်တွက်၊ မျက်စိတစ်မှိတ် (တစ်စက္ကန့်) ကာလအတွင်း၌ အကြိမ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားရသည်ဟု ဆိုထားခြင်းဖြစ်သည်။

စိတ်သည် ဘဝင်စိတ်နှင့် ဝီထိစိတ်ဟူ၍ နှစ်မျိုးရှိသည်။ ဘဝင်စိတ်ဟူသည် မသိစိတ်ဟု ခေါ်နေကြသည့် ငြိမ်သက်နေသော အိပ်ပျော်နေသော စိတ်မျိုးဖြစ်သည်။ ဝီထိစိတ်ကား သိစိတ်ဟုခေါ်နေကြသည့် လှုပ်ရှားနေသော နိုးကြားနေသော စိတ်မျိုးဖြစ်သည်။

ဘဝင်စိတ်အစဉ်မှ ဝီထိစိတ်အစဉ် ဖြစ်ပေါ်လာရန်မှာ ရူပါရုံ စသော အာရုံ ၆-ပါး၊ မျက်စိအကြည်စသော ဒွါရ ၆-ပါး၊ အလင်းရောင် အာလောက (သို့မဟုတ်) အပိတ်အဆို့မရှိခြင်း အာကာသ စသည်တို့နှင့် အာရုံပြု နှလုံးသွင်းခြင်း မနသိကာရဟူသော အင်္ဂါ (၄)ချက်နှင့် ညီညွတ်ပြည့်စုံရန် လိုသည်။ ဥပမာ အနုသယအဖြစ် ကိန်းအောင်း ငြိမ်သက် ဘဝင်ကျနေသော ဒေါသစိတ်သည် ပြင်ပဗဟိဒ္ဓဆဲသံ သဒ္ဒါရုံ၊ ယင်းဆဲသံကို ကြားနိုင်သော အဇ္ဈတ္တ နားအကြည် သောတဒွါရ၊ ကြားနိုင်လောက်သည့် နေရာနှင့် အပိတ်အဆို့မရှိသော နေရာဖြစ်ခြင်း အာကာသနှင့် ဆဲသည်ဟု နှလုံးသွင်းမှု မနသိကာရဟူသော အချက် (၄)ချက် ညီလျှင် လှုပ်ရှားဖြစ်ပေါ်လာရသည်။

ဤသို့ ဝီထိစိတ်အဖြစ် လှုပ်ရှားဖြစ်ပေါ်လာရာ၌ အောက်ဖော်ပြပါ ဖြစ်စဉ်အတိုင်း လှုပ်ရှားဖြစ်ပေါ်လာရခြင်းဖြစ်သည်-

(က) ရှေးဦးစွာ စိတ်သည် ဘဝင်ကျနေရာမှ တုန်လှုပ်မှု

ဘဝင်္ဂစလန ဖြစ်ပေါ်လာရသည်။ တစ်ဖန် ဘဝင်တုန်လှုပ်ခြင်းကို ဖြတ်တောက်မှု ဘဝင်္ဂုပစ္ဆေဒလည်း ဆက်တိုက်ဖြစ်ပေါ်လာသည်။

(ခ) ၎င်းနောက် ဆဲသံကို ဆင်ခြင်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ် ပေါ်သည်။

(ဂ) ၎င်းနောက် 'ဒါဆဲသံဘဲ' ဟု သိသော သောတဝိညာဏ်စိတ် ပေါ်သည်။

(ဃ) ၎င်းနောက် ဆဲသံကိုခံယူသော သမ္ပဋိစ္ဆိုင်းစိတ် ပေါ်သည်။

(င) ၎င်းနောက် ယင်းဆဲသံသည် မိမိအားဆဲခြင်း ဟုတ်-မဟုတ် စုံစမ်းသော သန္တီရဏစိတ် ပေါ်သည်။

(စ) ၎င်းနောက် မိမိအား ဆဲခြင်းဖြစ်ကြောင်း ပိုင်းခြားသိသော ဝုဋ္ဌောစိတ် ပေါ်သည်။

(ဆ) ၎င်းနောက် မိမိသန္တာန်၌ ဒေါသဟူသော ဇောစိတ် (၇) ကြိမ် ဖြစ်ပေါ်သည်။

(ဇ) ထို့နောက် ဘဝင်စိတ်ဖြစ်ထိုက်သော်လည်း ပြင်းထန်သော ဇောအဟုန်ကို ရပ်တန့်သွားစေရန် ဇောနောက်သို့ လိုက်ပါမှု တဒါရုံစိတ် နှစ်ကြိမ် ဖြစ်ပေါ်သည်။

(ဈ) ထို့နောက် ဘဝင်ဖြစ်ထိုက်သရွေ့ဖြစ်သည်။ ဘဝင်ပြန်ကျသွားသည်။ ထိုအခါ ဒေါသစိတ်သည် လုံးဝပျက်ပြယ်ချုပ်ငြိမ်း သွားလေတော့သည်။

ဥပမာအားဖြင့် လူတစ်ယောက်သည် သရက်ပင်အောက်၌ ခေါင်းမြီးခြုံ၍ အိပ်ပျော်နေသည် (ဘဝင်ကျ)၊ သရက်သီးကြွေသံကို ကြားလိုက်ရသည် (အာရုံနှင့် ဒွါရထိ)။ ယင်းအသံကြောင့် နိုး၍ ဘာသံလဲ ဆင်ခြင်သည် (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)၊ ခေါင်းခြုံစောင်လှပ်၍ ကြည့်သည်

(စက္ခုဝိညာဉ်စိတ်)။ သရက်သီးကို လှမ်းယူသည် (သမ္ပဋိစ္ဆိုင်းစိတ်)၊ သရက်သီး မှည့်–မမှည့် စူးစမ်းသည် (သန္တီရဏစိတ်)၊ မှည့်ကြောင်း ပိုင်းခြားသိသည် (ဝုဋ္ဌောစိတ်)၊ စား၍ အရသာခံသည် (ဇောစိတ်)၊ မျိုချသည် (တဒါရုံစိတ်)၊ ထို့နောက် ပြန်၍ အိပ်ပျော်သွားသည် (ဘဝင် ပြန်ကျသွားသည်)။

ဤနည်းဖြင့် ဒေါသစိတ်သည် ဖြစ်ပေါ်လာပြီး ပျက်ပြယ်သွားသည့်အချိန်အထိ အမှတ် (က)မှ (ဈ)တွင် ဖော်ပြထားသော စိတ်သက်ပေါင်း (၁၇)ချက်ရှိသည်ကို တွေ့ရှိနိုင်သည်။ ဒေါသစိတ် ဖြစ်စဉ်ကြီး တစ်ခုတွင် ပါဝင်သော စိတ်သက် (၁၇)ချက်တွင်လည်း အချက်တိုင်း အချက်တိုင်း၌ ဥပါဒ် ဌီဘင်ဟူသော ခဏငယ် (၃)ချက်စီ ပါဝင်ပြန်သဖြင့် ခဏငယ်ပေါင်း (၅၁)ချက် ပါဝင်လျက်ရှိသည်။

ဤသို့အားဖြင့် အာရုံတစ်ရပ်ကိုစွဲ၍ စတင်ဖြစ်ပေါ်လာရသော စိတ်တစ်ခု၏ ဖြစ်စဉ်ကြီး ဖြစ်စဉ်ငယ်များသည် မည်သူတစ်ဦး တစ်ယောက်မျှ ပြုပြင်ဖန်တီးပေးရမှုမရှိဘဲ အလိုအလျောက် ဖြစ်ပျက် ပြောင်းလဲနေရခြင်း ဖြစ်သည်။

ဤကဲ့သို့ စိတ်တစ်ခု အလိုအလျောက် ဖြစ်ပျက်ပြောင်းလဲမှု သဘောကိုပင် စိတ္တနိယာမဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤစိတ္တနိယာမ သဘောကို သိရှိရပြီးနောက် စိတ်ကိုအနားပေးရမည်ဟူသော အယူ အဆနှင့် စပ်လျဉ်း၍ အိပ်ပျော် ဘဝင်ကျနေသော အချိန်မှလွဲ၍ အာရုံ နှင့် ဒွါရ ထိတွေ့နေသမျှ ဝီထိစိတ် ဖြစ်ပွါးနေသမျှ ကာလအတွင်း၌ စိတ်သည် အနားရနိုင် မရနိုင် ဟူသည်ကိုလည်း ဆင့်ပွားသိရှိနိုင် ပြန်သည်။

တစ်ဖန် စိတ်ပညာလောကတွင် ထင်ရှားနေသော အသုံးချ စိတ်ပညာနှင့် လက်တွေ့စိတ်ပညာရပ်များအရ လူတွင် သိစိတ်လွှာနှင့် မသိစိတ်လွှာဟူ၍ နှစ်မျိုးရှိကြောင်း ဆိုသည်။

အချို့ကမူ မသိတသိစိတ်လွှာကိုပင် ဖော်ပြထားသည်ကို တွေ့ရှိ ရပါသည်။ သိစိတ်လွှာပိုင်းသည် (၂၅) ရာခိုင်နှုန်းမျှသာရှိ၍ မသိစိတ်

လွှာပိုင်းသည် (၇၅) ရာခိုင်နှုန်းခန့်ရှိပြီး လူတို့ နေ့စဉ်တွေ့ထိ သိရှိနေရသော သိစိတ်များသည် နောက်ပိုင်းတွင် မသိစိတ်အဖြစ် အောက်လွှာသို့ ရောက်ရှိသွားသည်ဟု ဆိုပြန်သည်။ ဤအဆိုများသည် စိတ္တနိယာမနှင့် မည်မျှဆန့်ကျင်နေသည်ကို သုတေသီတို့ ရိပ်စားနိုင်လောက်ပါသည်။

အထူးမှာ ယင်းမသိစိတ်များသည် အခြားနည်းဖြင့် ထွက်ပေါက်မရသောအခါ အိပ်မက်အဖြစ် ထွက်သွားရသည်ဟု ဆိုပြန်ပါသည်။

ဥပမာအားဖြင့် မောင်ဘကို မြင်သိစိတ်ဖြစ်ပြီးနောက် မသိစိတ်အဖြစ် အောက်လွှာသို့ ရောက်ရှိသွားသောအခါ မောင်ဘကို မေ့လျော့သွားသည်။ နောက် မောင်ဘနှင့် တူသူကိုမြင်ရသောအခါ မသိစိတ်၏ ထွက်ပေါက်အဖြစ် မောင်ဘကို ပြန်လည်သတိရလာသည်။ ဤသို့သော ထွက်ပေါက်ကို မရရှိသောအခါ အိပ်မက်အဖြစ် မောင်ဘကို မြင်မက်၍ ထွက်လာရသည်ဟု ဆိုသည်။ ဤအဆိုများအရ မသိစိတ်ဟူသည်မှာ ရှေးကကြုံခဲ့ဖူးသော အာရုံသိစိတ်တစ်ခုပင် ဖြစ်ကြောင်း သိရှိနိုင်သည်။

အမှန်မှာ ၎င်းတို့သည် ရှေးယခင်က ကြုံတွေ့ခဲ့ရပြီးနောက် ဘဝင်အလျင်တွင် မျောပါနေရသော အမှတ်သညာများကိုပင် မသိစိတ်အသွင်အဖြစ် မှတ်ထင်နေကြကြောင်း ထင်ရှားလှပါသည်။

တစ်ဖန် အချို့က သတ္တဝါတို့၏ သန္တာန်၌ အနုသယအဖြစ် ကိန်းအောင်းနေသည့် အဝိဇ္ဇာခေါ်သော မောဟတရား အားကြီးမှုကြောင့် မသိမိုက်မှား ပြုလုပ်မိမှုများကိုလည်း ဖော်ပြပါ မသိစိတ်ကြောင့် ဤသို့ ဖြစ်ရသည်ဟု အလွယ်တကူပင် ပြောဆိုနေကြသည်ကို တွေ့ရှိရပြန်သည်။

မည်သို့ပင်ဖြစ်စေ အိပ်မက်နှင့်စပ်လျဉ်း၍ လူတို့သည် ရှေးက အာရုံကြောင့် မြင်မက်နေကြသကဲ့သို့ တစ်ခါတစ်ရံ ရှေးက မကြုံခဲ့ဖူး စိတ်မကူးခဲ့ဖူးသော အာရုံများကိုလည်း ထူးဆန်းအံ့သြစွာ မြင်မက်နေကြသည်။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌ (၁) ပုဗ္ဗနိမိတ်ခေါ် ရှေ့ဖြစ်မည့် နိမိတ်ကို စွဲ၍ မြင်မက်ခြင်း။ (၂) နတ်တို့ ဆောင်နှင်းသော အာရုံကို စွဲ၍ မြင်မက်ခြင်း။ (၃) ရှေးက ကြုံဖူးသော အာရုံကို စွဲ၍ မြင်မက်ခြင်း။ (၄) ဓာတ်ခြောက်ချား၍ လေဟုန်စီး ဗျာန်ပျံရသကဲ့သို့၊ ချောက်ကမ်းပါးသို့ ကျသွားသကဲ့သို့၊ တစ္ဆေသရဲလိုက်၍ ပြေးရသကဲ့သို့ စသည်ဖြင့် မြင်မက်ခြင်းဟူ၍ အိမ်မက် (၄)မျိုးရှိကြောင်း။ အမှတ်(၁) မှန်၊ အမှတ် (၂) တစ်ခါတစ်ရံမှန်၊ တစ်ခါတစ်ရံမှားပြီး၊ အမှတ်(၃) (၄)မှာ လုံးဝ မှားကြောင်းနှင့် နေ့ခင်း ညဉ့်ဦးယံ သန်းခေါင်ယံတို့၌ မြင်မက်လျှင် မှားယွင်းတတ်ပြီး မိုးသောက်ယံ၌ မြင်မက်မှု စားသောက်ထားသော အာဟာရများ ဩဇာဓာတ်အဖြစ် ကူးပြောင်းပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့ ချိန်ဖြစ်၍ မှန်တတ်ကြောင်း ရှင်းပြထားသည်။

တစ်ဖန် ပုံမှန်မရှိသော စိတ်ကို ရောဂါဖြစ်နေသောစိတ်အဖြစ် စံလွဲစိတ်ပညာ၌ ရှင်းပြထားသည်ကို တွေ့ရပြန်သည်။ စိတ်ရောဂါမှာ အတွေးအခေါ် အပြုအမူများ လုံးဝမမှန်သော 'ဆိုက်ကိုဆစ်' စိတ်ရောဂါ နှင့် အတွေးအခေါ် အပြုအမူများ မှန်သော်လည်း စံလွဲနေသော 'နယူးရိုး ဆစ်' စိတ်ရောဂါဟူ၍ နှစ်မျိုးရှိပြီး နယူးရိုးဆစ် စိတ်ရောဂါမှာလည်း (၁) စိုးရိမ်တုံ့ပြန်မှု၊ (၂) ဟစ်စရီးယားဟု အများသိနေသော ပြောင်းလဲ တုံ့ပြန်မှု၊ (၃) ဆက်စပ်မဲ့ တုံ့ပြန်မှု၊ (၄) အကြောက်လွန်တုံ့ပြန်မှု၊ (၅) စိတ်စွဲမလုပ်မနေ တုံ့ပြန်မှု၊ (၆) စိတ်ကျတုံ့ပြန်မှု၊ (၇) အားယုတ်တုံ့ပြန် မှု၊ (၈) ရောဂါကြောင့်ကြလွန် တုံ့ပြန်မှုနှင့် (၉) ကာယလွဲပြောင်း တုံ့ပြန်မှုဟူ၍ (၉)မျိုးရှိကြောင်း ပြဆိုထားသည်။ ယင်းစိတ်ရောဂါများ ဖြစ်ပွားလာရခြင်း အကြောင်းများကိုလည်း စံလွဲစိတ်ပညာစာအုပ်တွင် အများအပြား ဖော်ပြထားသည်ကို တွေ့ရှိရသည်။

သို့ရာတွင် ဖော်ပြပါ စိတ်ရောဂါများကို နိယာမ (၅)ပါးဖြင့် ဆန်းစစ်ကြည့်လျှင် ကမ္မနိယာမနှင့် စိတ္တနိယာမ နှစ်မျိုးအရ ဖြစ်ပွားနေကြ ရခြင်း ဖြစ်ကြောင်းတွေ့ရှိရသည်။ ပဋ္ဌာနသဒ္ဒေအားဖြင့် ဆိုက်ကိုဆစ်ခေါ်

စိတ်မမှန် ဖောက်ပြန်လာသူ အင်္ဂါမစုံ ဆွံ့၊ အ၊ ပင်း၊ ကန်းလာသူ၊ နပုံး၊ ပဏ္ဍုက်၊ ဥဘတောဗျည်း၊ စသည်အဖြစ် မွေးဖွားလာရသူများသည် အတိတ်ဘဝက မိမိတို့ ပြုခဲ့သော မကောင်းကံက ကမ္မနိယာမအရ ဇနကကိစ္စတပ်၍ အကျိုးပေးသောကြောင့် သုဂတိ အဟိတ်ပုဂ္ဂိုလ်အနေဖြင့် ဖြစ်လာကြရခြင်းဖြစ်သည်။

ပဝတ္တိအခါ၌ စိတ်ဖောက်ပြန်၍ ဆိုက်ကိုဆစ်ရောဂါ ဖြစ်သွားရသူများမှာလည်း အတိတ်ဘဝက ပြုခဲ့သော မကောင်းမှုကံများသည် ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံအဖြစ်၊ မျက်မှောက်ဘဝ၌ ဥပတ္ထမ္ဘက၊ ဥပပီဠက၊ ဥပဃာတက ကိစ္စများတပ်၍ အကျိုးပေးလာသောကြောင့်သာ ယင်းသို့ ဖြစ်လာရခြင်းဖြစ်သည်။

နယူရိုးဆစ်ခေါ် စိုးရိမ်မှု ကြောက်မှုစသည်တို့ကား စိတ္တနိယာမအရ မိမိတွေ့ကြုံခဲ့သော အာရုံကြောင့် ဖြစ်လာရခြင်း ဖြစ်သည်။ ဥပမာ ကားမှောက်ခံရဖူးသူသည် ကားစီးတိုင်း စိုးရိမ်မှုကြောက်မှု အနည်းအများရှိမည်သာ ဖြစ်သည်။ ဤသို့ ဖြစ်ရခြင်းမှာ အတွေ့အကြုံက ပေးသော ဘဝပေးသင်ခန်းစာအရ ဖြစ်ပေါ်လာရခြင်းပင် ဖြစ်သည်။ ကားမစီးက ယင်းနှင့် ပတ်သက်သော စိုးရိမ်မှုကြောက်မှုလည်း ဖြစ်လာမည်မဟုတ်ပါ။ အချို့သူများမှာကား နီးစပ်သော အတိတ်ဘဝက ပြုခဲ့သော ကြောက်မက်ဖွယ်ရာ စသည့် အတွေ့အကြုံ အာရုံများက ယခုဘဝတွင် လာရောက်ထင်ဟပ်ပြီး ယင်းအာရုံများနှင့် ပတ်သက်၍ အလိုအလျောက် ကြောက်နေရမှုမျိုးများလည်း ရှိကြောင်း လူဝင်စား သုတေသန မှတ်တမ်းများ၌ တွေ့ရှိရသည်။

မည်သို့ပင်ဖြစ်စေ ကမ္မနိယာမအရ ဖြစ်ပွားလာရသည့် စိတ်ဖောက်ပြန်မှုများကို စိတ်ဖြင့် ကာကွယ်ကုစားရန် မလွယ်ကူသော်လည်း စိတ္တနိယာမအရ ဖြစ်လာရသော စိတ်ဖောက်ပြန်မှုများကိုမူ စိတ်ဒဲ့ညစ်အကြေးများကို စိတ်ဖြင့်သာ ဆေးကြောရမည်ဟု မြတ်စွာဗုဒ္ဓက ဟောကြားတော်မူသည့်အတိုင်း စိတ်ဖြင့်ပင် အလွယ်တကူ ကာကွယ်

ကုစားနိုင်ပါသည်။

ကုစားရန်အကောင်းဆုံးမှာ အပ္ပမာဒတရား(သတိ) ထားရန်ပင် ဖြစ်ပေသည်။ မည်သည့်အရာမဟူ သတိလက်လွတ်က ငှက်တောင် ကျွတ်သဖွယ် ဖြစ်ရမည်သာ ဖြစ်ပါသည်။ 'ပါပသ္မိ ံရမတိ မနော' ဟူသော ဒေသနာတော်အတိုင်း စိတ်သဘာဝသည် မကောင်းဘက် ၌သာ မွေ့လျော်နေတတ်သည်။ ဤသို့ မကောင်းသော ဝိသမလောဘ ဒေါသ မောဟ စသည့်အဖြစ်များဘက်သို့ မရောက်ရှိစေရန် မိမိ စိတ်ကို မိမိ အမြဲဆုံးမလျက် နေရမည်သာ ဖြစ်သည်။ ဤသို့စိတ်ကို ဆုံးမနေသူ သည် 'စိတ္တံ ဒန္တံ သုခါဝဟံ' ဟူသော ဒေသနာတော်အတိုင်း ချမ်းသာ သုခကို ရရှိနိုင်သည်။

အချုပ်အားဖြင့် 'စိတ်ကို အောင်နိုင်သူသည် တစ်လောကလုံး ကို အောင်နိုင်သည်' ဟု မြတ်စွာဘုရား ဟောတော်မူသည့်အ တိုင်း စိတ်ကိုနိုင်သူသည် ကာယစိတ္တ သုခနှစ်ဖြာကို ရရှိမည်သာ ဖြစ်ပါသည်။

စိတ်ကိုနိုင်သဖြင့် မီး (၁၁)တန်၊ လောကဓံ (၈)ပါးနှင့် ကြုံရ လည်း မဖြုံရတော့ပြီ။ စိတ်ကို အောင်နိုင်ရေးအတွက် လုပ်ဆောင်ရန် အကောင်းဆုံးသော လုပ်ငန်းများမှာ သမထဝိပဿနာ လုပ်ငန်းများပင် ဖြစ်ပါသည်။

အမူမဲ့ အမှတ်မဲ့နေချိန်၌ စိတ်၏ မငြိမ်သက်ပုံကို အာရုံမပြုမိ ကြသော်လည်း ဘာဝနာတရားဖြင့် စိတ်ကို ထိန်းချုပ်လိုက်သောအခါ စဉ်းတီတုံးပေါ်တင်ထားသော ငါးကဲ့သို့ အဖမ်းရခက်လောက်အောင် လှုပ်ရှားနေကြောင်း တွေ့ရှိနိုင်ပါသည်။ စိတ်ကို အထိုက်အလျောက် ထိန်းချုပ်နိုင်လျှင် အထိုက်အလျောက်ပင် ချမ်းသာသုခကို ခံစားနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ စိတ်ဆင်ရိုင်းကို သတိဟူသော ချွန်းကိုင်းဖြင့် အမြဲတမ်း ထိန်းအုပ်ပေးရမည်ဟူသော အဆိုအမိန့်အတိုင်း မိမိတို့ သန္တာန်၌

စိတ်ညစ် စိတ်ဆိုး စိတ်ညှိုးမှုများ မဖြစ်ပွားစေရန် မြတ်စွာဗုဒ္ဓ အဓိကထား ဟောကြားတော်မူခဲ့သော သတိဟူသော အပ္ပမာဒ တရားကို လက်ကိုင်ထား၍ ကာကွယ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

**လူသားသည် မိမိပြုသော ကောင်းမှု မကောင်းမှု ကံအားလျော်စွာ ကောင်းကျိုးဆိုးပြစ်များကို ရရှိနေကြသည်ကို မျက်ဝါးထင်ထင် တွေမြင်နေကြရသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေးအပ်သော ဆုလာဘ်လည်းမဟုတ် ပြစ်ဒဏ်လည်းမဟုတ်ပေ၊ မိမိတို့ပြုလုပ်အပ်သော အလုပ်အတွက် ဖြစ်ပေါ်လာသော ကောင်းကျိုးဆိုးပြစ်များကို မည်သူကမျှ ကိုယ်စားဝင်ရောက်ခံယူမှု မပြုနိုင်ဘဲ မိမိတို့သာ ခံယူရရှိမည် ဖြစ်သည်။**

## ဗုဒ္ဓဘာသာဝင်များ ယုံကြည်မှု

ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို ယုံကြည်ကြသည်။ လိုက်နာ ကျင့်ကြံကြသည်။ အဘယ်ကြောင့်ပါနည်းဆိုလျှင် အပါယ်ဘေးမကျရောက်အောင် ရှက်ဆောင်တတ်သောကြောင့် တရားမည်၏ဟူသော တရားဓမ္မဝေါဟာရ၏ အဓိပ္ပာယ်အတိုင်း ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်များသည် ယင်းဘေးများ ကင်းစင်ပပျောက်အောင် ရှက်ဆောင်တတ်သောကြောင့် ဖြစ်သည်။ အချုပ်အားဖြင့် ဗုဒ္ဓဘာသာဝင်များသည် ဘုရား တရား သံဃာ ရတနာသုံးပါးနှင့်တကွ ကံ ကံ၏ အကျိုး ဘဝသံသရာ တည်ရှိမှုကို ယုံကြည်ကြသည်။ ဗုဒ္ဓမြတ်ဘုရားသည် ၄၅-ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော်များကား အလွန်များပြားလှပါသည်။ ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်ဖြစ်၍ ပါဠိ သက်သက် (ဆဋ္ဌမူ) စာအုပ်ကြီးအနေဖြင့် အုပ်

(၄၀)ရှိသည်။ ယင်း ပါဠိတော်၏ အဖွင့်အဋ္ဌကထာ– ဋီကာ အနု မဓု ဂဏ္ဌိ ယောဇနာများ အနေဖြင့်ကား အများအပြားပင်ရှိသည်။ ယင်းပါဠိတော် မြန်မာပြန်များကို စုံစေအောင်ဖတ်ပါက လူ့ဘောင် လောကတွင် လိုအပ်လျက်ရှိသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ မင်းရေးစိုးရေး၊ ဘဝလွတ်မြောက် ရေးစသော အရေးပေါင်းစုံအတွက် လိုက်နာရန် ရှောင်ကြဉ်ရန် အချက်များကို သိရှိရမည်ဖြစ်သည်။

အမှန်အားဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်ဟူသည် လူသားများလိုက်နာရန်နှင့် ရှောင်ကြဉ်ရန်အတွက် ပိုင်းခြားညွှန်ပြ အဆုံးအမ သဘောဖြင့် မွက်ကြားတော်မူခဲ့သော စကားတော်များပင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ မုခပါဌ်တရားတော်များ၊ စကားတော်များကို သာသနာဟု ခေါ်ခြင်းဖြစ်သည်။ သို့ရာတွင် ဗုဒ္ဓသာသာနာတော်သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးကို ဦးစားပေးသည်။ ထို့ကြောင့် ဘဝလွတ်မြောက်ရေးအတွက် ကျင့်ကြံရန်ဖြစ်သော သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ (၃)ရပ် အကျင့်မြတ်သည် သာသနာတော်အတွက် အဓိကကျသော တရားပင်ဖြစ်သည်။ အထူးမှာ ဖော်ပြပါ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃)ရပ် အကျင့်မြတ်ဖြင့် သံသရာဝဋ် ဆင်းရဲမှ လွတ်မြောက်ရန် ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၌ ပွားများရမည့် မဂ္ဂင် (၈)ပါး မြတ်တရားတွင် သမ္မာဒိဋ္ဌိ (အသိအမြင်မှန်)ဖြစ်ရေးသည် ပဓာနကျသော အချက်တစ်ရပ်ဖြစ်သည်။ အသိအမြင်မှားက ယုံကြည်မှုမှားသွားနိုင်သည်။ ယုံကြည်မှုမှားက အကျင့်အကြံလည်း မှားပြီး ဘဝအတွက် အချည်းအနှီး ဖြစ်သွားနိုင်သည်။ ထို့ကြောင့် ရှေးဦးစွာ အသိအမြင် မှန်ရန်လိုအပ်သဖြင့် မဂ္ဂင်တရား (၈)ပါးတွင် သမ္မာဒိဋ္ဌိမဂ္ဂင် တရားကို ရှေ့ထား၍ ဟောကြားတော်မူရခြင်းဖြစ်သည်။

ဤသို့ ဘဝလွတ်မြောက်ရေးအတွက် ကျင့်ကြံပွားများနိုင်သော အသိအမြင်မှန် အသိအမြင်မှားများကို ဗုဒ္ဓမြတ်ဘုရားကိုယ်တော်တိုင် ပိုင်းခြား၍ ဟောကြားတော်မူခဲ့သည်။ အသိအမြင်မှန်မှာ ဒုက္ခ၊ သမုဒယ၊

နိရောဓနှင့် မဂ္ဂသစ္စာတရား (၄)ပါးကို ပိုင်းခြားသိမြင်မှု တစ်နည်း အားဖြင့် အရှိကို အရှိအတိုင်း သိမြင်မှုပင်ဖြစ်သည်။ ထို့ကြောင့် မရှိကို အရှိ၊ ရှိကို မရှိအဖြစ် သိမြင်မှု၊ အနုမာန မျက်ရမ်းမှန်းဆအပ်သော သိမြင်မှုများကို အသိမှား အမြင်မှားအဖြစ် ဗုဒ္ဓဘုရားက ပယ်ရှားတော်မူခဲ့သည်။ ဗုဒ္ဓမြတ်ဘုရား ပွင့်တော်မူချိန်တွင် အိန္ဒိယ၌ အယူဝါဒရှင်များက အသိအမြင်၊ အယူအဆ အမျိုးမျိုးကို စွဲကိုင်၍ ဝါဒစစ်ပွဲ ခင်းပြိုင်နေချိန် ဖြစ်သည်။ ထိုခေတ် အယူဝါဒရှင်များ၏ အယူများမှာလည်း လူတို့ အရိုးစွဲ စွဲလာသော သက္ကာယဒိဋ္ဌိမှ ပေါက်ပွားလာသော အယူများပင် ဖြစ်သည်။ သက္ကာယဒိဋ္ဌိဟူသည် ခန္ဓာကိုယ်ကို အတ္တကောင်၊ အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟု စွဲယူသော အယူဖြစ်သည်။ အချို့က ရုပ် (ရူပက္ခန္ဓာ)ကို၊ အချို့က ခံစားမှု (ဝေဒနာက္ခန္ဓာ)ကို၊ အချို့က မှတ်သားမှု (သညာက္ခန္ဓာ)ကို၊ အချို့က ပြုပြင်မှု (သင်္ခါရ က္ခန္ဓာ)ကို၊ အချို့က သိမှု (ဝိညာဏက္ခန္ဓာ)ကို အတ္တကောင်ဟု စွဲယူ ကြသည်။

အတ္တဝါဒပါဒါန် ဖြစ်လောက်အောင် အတ္တကောင်ရှိသည်ဟု စွဲယူသူများသည် မိမိစွဲယူထားသော အတ္တကို ပရမတ္တအတ္တနှင့် ဇီဝအတ္တအဖြစ် (၂)မျိုးစွဲယူကြသည်။ ပရမတ္တအတ္တကား ကမ္ဘာလောကကြီး နှင့်တကွ သတ္တဝါများကို စီမံဖန်ဆင်းနိုင်သော အတ္တ(ဖန်ဆင်းရှင် ဗြဟ္မာကြီး) ဖြစ်ပြီး ဇီဝအတ္တမှာ သတ္တဝါတစ်ဦးစီတွင် ရှိနေသော အတ္တ(အသက်၊ လိပ်ပြာ၊ ဝိညာဉ်)ကောင် ဖြစ်သည်ဟု စွဲယူကြသည်။ ဇီဝအတ္တကောင်သည် ပရမတ္တအတ္တ၏ ကိုယ်ပွားဖြစ်ပြီး လွတ်မြောက်မှု မောက္ခကို မရမချင်း ဤခန္ဓာမှ ထိုခန္ဓာ၊ ထိုခန္ဓာမှ ဤခန္ဓာသို့ ထိုထို ဤဤ ကူးပြောင်း၍ သံသရာလည်နေရပြီး လွတ်မြောက်မှု မောက္ခကို ရရှိသောအခါ ပရမတ္တအတ္တနှင့် ပြန်လည်ပူးပေါင်းသွားတော့သည်ဟု စွဲယူကြသည်။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါ လူတွင် ရုပ် နာမ်အပြင် အမာခံအတ္တကောင် ရှိသေးသည်ဟု ဆိုလျှင် မိမိ ရုပ် ခန္ဓာကိုယ်ကို အစိုးတရ ချုပ်ကိုင်နိုင်မည်ဖြစ်သည်။ ယခုမူ အစိုးတရ မချုပ်ကိုင်နိုင်ဘဲ

သူဖြစ်ချင်သလို ဖြစ်နေသည်။ ကံ စိတ် ဥတု အာဟာရ အကြောင်း တရားလေးပါး၏ ပြုပြင်မှုကို ခံနေရသည်။ ထို့ကြောင့် ခန္ဓာ ကိုယ်တွင် ရုပ် နာမ်မှတစ်ပါး သီးခြားအတ္တကောင် မရှိကြောင်း အနတ္တသာ ဖြစ်ကြောင်း ဟောတော်မူသည်။

ဖန်ဆင်းရှင် ပရမတ္တအတ္တ (ပြဟ္မာကြီး)သည် အမြဲတည်ရှိသည် ဟူသော အယူများယွင်းပုံကိုလည်း သုတ်သီလက္ခန် ပြဟ္မဇာလသုတ် တွင် မြတ်ဘုရားက ဤသို့ ဟောကြားတော်မူခဲ့သည်။ ကမ္ဘာတည်၍ ရူပ ပထမစျာန် (၃) ဘုံဖြစ်လာသောအခါ အထက်ပြဟ္မာဘုံမှ စုတေ၍ ယင်းပထမစျာန်ဘုံ၌ ဩပပါတ် ပဋိသန္ဓေဖြင့် ရှေးဦးစွာဖြစ်လာသော ပြဟ္မာသည် တစ်ဦးတည်းနေရသဖြင့် ပျင်းရိလာသောကြောင့် အခြား ပြဟ္မာများ ဖြစ်လာရန် တောင့်တခိုက်တွင် ထန်းသီးကြွေခိုက် ကျီးနင်း ခိုက် သဘောဖြင့် အခြားပြဟ္မာများလည်း အထက်ဘုံမှ စုတေ၍ ထိုဘုံ၌ ဖြစ်လာကြသည်။ ထိုအခါ မူလရှိရင်း ပြဟ္မာကြီးက သူတောင့်တတိုင်း ဖြစ်ပေါ်လာသောကြောင့် နောက် နောက် ပြဟ္မာများကို သူဖန်ဆင်းသည် ဟု အထင်ကြီးလာသည်။ နောက် နောက် ပြဟ္မာများကလည်း ပထမ ပြဟ္မာကြီးက မိမိတို့ထက် ရှေးဖြစ်ပြီး ကိုယ်ရောင်ကိုယ်ဝါ အရာရာ သာလွန်သည်ကို မြင်ရ၍ မိမိတို့ကို ထိုပြဟ္မာကြီး ဖန်ဆင်းပေးသည်၊ ကမ္ဘာလောကနှင့် သတ္တဝါအနန္တကိုလည်း ဖန်ဆင်းသူဖြစ်သည်။ အလုံးစုံ ကို မြင်နိုင်ပြီး သတ္တဝါဟူသမျှကို အစိုးရသော ဣဿရ၊ ပါရမီတွာ ဖြစ်သည်ဟု အထင်မှားလျက် ခစားကြသည်။

တစ်ဖန် အချို့ပြဟ္မာငယ်များ စုတေ၍ လူပြည်သို့ရောက်လာ သော်လည်း ထိုပြဟ္မာကြီးမှာ ၃–ပုံ ၂–ပုံ၊ ၁–ပုံခန့် ပိုမိုအသက်ရှည် လျက် ကျန်ရစ်ခဲ့သည်။ ထိုအခါ လူပြည်ရောက်သူတို့တွင် အချို့က ရသေ့ ရဟန်းပြု၍ သမထတရား ပွားများအားထုတ်ကြသဖြင့် ဈာန်အဘိညာဉ် ရလျှင် ယခင်ပြဟ္မာကြီးကို ပြန်၍မြင်ကြသည်။ ထိုအခါ ရှေးကထက် ခိုင်မြဲစွာ အထင်ကြီးပြီး ဤကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါများကို

ထိုပြဟ္မာကြီးက ဖန်ဆင်းသည်ဟု ပြောဟောကြ၍ ဖန်ဆင်းရှင်ဝါဒ လည်း လူ့ပြည်သို့ ရောက်ရှိလာရတော့သည်။ သို့ရာတွင် နောက်လူများ လက်ထက်၌ကား ထိုပြဟ္မာကြီးကို မမြင်ရတော့သဖြင့် လက်ညှိုးထိုး၍ ပုဂ္ဂိုလ်ဒြပ်ကိုမပြနိုင်သော်လည်း စိတ်ကူးဖြင့် မှန်းဆကာ ဖန်ဆင်းရှင် အစွဲစွဲလျက် အမျိုးမျိုး အမည်တပ်ခေါ်နေကြတော့သည်။

အထက်ပါ စကားရပ်တွင် ထိုပြဟ္မာကြီးကို မမြင်ရတော့ဟူသော စကားသည် အခြားပြဟ္မာနည်းတူ ထိုပြဟ္မာကြီးလည်း သက်တမ်းကုန်၍ စုတေသွားပြီး ဖြစ်သောကြောင့် မမြင်ရခြင်းဖြစ်သည်ဟု အဓိပ္ပာယ် ရရှိသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်ဘုရားက ပြုပြင်ဖြစ်ပျက်မှု သင်္ခါရလောက နယ်ပယ်အတွင်းရှိ တရားအားလုံးကို မမြဲသော အနိစ္စ၊ ဆင်းရဲသော ဒုက္ခ၊ အစိုးမရသော အနတ္တတရားအဖြစ် ဟောတော်မူခြင်းဖြစ်သည်။ အထူးမှာ ဗုဒ္ဓမြတ်ဘုရားသည် အဆိုပါ သုတ်သီလက္ခန်ပါဠိတော်၌ ၆၂-ပါးသော အယူဝါဒများကို မှားသောအယူ မိစ္ဆာဒိဋ္ဌိအဖြစ် ဟောကြား တော်မူသည်။ ယင်း၆၂ပါး-တွင် ထင်ရှား၍ အများသိနေကြသော သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ ပါဝင်သည်။ သဿတဒိဋ္ဌိဟူသည် လူသေသော်လည်း အတ္တ (အသက် လိပ်ပြာ ဝိညာဉ်) ကောင်မသေဘဲ အမြဲတည်ရှိနေသည်ဟု ယူသောအယူဖြစ်သည်။ ပြာဟ္မဏများနှင့် အယူဝါဒ ရှင် တိတ္ထိအချို့တို့ ယူသောအယူဖြစ်သည်။ ဥစ္ဆေဒဒိဋ္ဌိဟူသည် အတ္တကောင်မရှိ၊ ဘဝမရှိ၊ သေလျှင်ပြတ်သည်ဟု ယူသော အယူဖြစ် သည်။ စာရဝကနှင့် အဇိတကေသကမ္ဗလ စသော တိတ္ထိများ ယူသော အယူဖြစ်သည်။ ဟေဂယ်လ်၏ ဝိညာဏဝါဒအယူကို ကားလ်မာ့(စ်) က ရုပ်ဝါဒဖြင့် အစားထိုးတင်ပြသကဲ့သို့ပင် ဖြစ်သည်။

သို့ရာတွင် ဖော်ပြပါ ဒိဋ္ဌိ ၆၂-မျိုးကို ချုပ်လိုက်လျှင် နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိဟူ၍ ကံပယ်အယူဝါဒ (၃)မျိုးထွက်လာ သည်။ နတ္ထိကဒိဋ္ဌိဟူသည် ကောင်းမှု၊ မကောင်းမှု၊ ကံ အကျိုးမရှိဟု ကံ၏ အကျိုးတရားကို ပယ်သောအယူဖြစ်သည်။ ဘုရားကြီး ၆-ဆူတွင်

ပါဝင်သော အဇိတကေသကမ္ဗလ၏ အယူသည် နတ္ထိကဒိဋ္ဌိဖြစ်သည်။ အဟေတုကဒိဋ္ဌိဟူသည် ကောင်းမှု၊ မကောင်းမှု မရှိဟု ကံအကြောင်းတရား အကျိုးတရားကို ပယ်သောအယူဖြစ်သည်။ မက္ခလိဂေါသာလ ၏ အယူသည် အဟေတုကဒိဋ္ဌိဖြစ်သည်။ အကိရိယဒိဋ္ဌိဟူသည် ကောင်းမှု၊ မကောင်းမှုပြုသော်လည်း ပြုသည်မမည်၊ ပြုရာမရောက်ဟု ကံ၏ အကြောင်းတရားကို ပယ်သောအယူဖြစ်သည်။ ပုရာဏကဿပ ၏အယူသည် အကိရိယဒိဋ္ဌိဖြစ်သည်။

လူသားသည် မိမိပြုသော ကောင်းမှု မကောင်းမှု ကံအားလျော်စွာ ကောင်းကျိုးဆိုးပြစ်များကို ရရှိနေကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေးအပ်သော ဆုလာဘ်လည်းမဟုတ် ပြစ်ဒဏ်လည်းမဟုတ်ပေ၊ မိမိတို့ပြုလုပ်အပ်သော အလုပ်အတွက် ဖြစ်ပေါ်လာသော ကောင်းကျိုးဆိုးပြစ်များကို မည်သူကမျှ ကိုယ်စားဝင်ရောက်ခံယူမှု မပြုနိုင်ဘဲ မိမိတို့သာ ခံယူရရှိမည်ဖြစ်သည်။ ထို့ကြောင့် ယင်းအယူ ၃–မျိုးကို မှားသော မိစ္ဆာဒိဋ္ဌိအဖြစ်၊ ယင်းအယူ ၃–မျိုးယူသူကို ကေန္တအပါယ်လားစေသောကြောင့် နိယတမိစ္ဆာဒိဋ္ဌိအဖြစ် ဗုဒ္ဓမြတ်ဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

အချုပ်အားဖြင့် အပါယ်ဘေး၊ မကောင်းဘေးမကျရောက်အောင် ရှက်ဆောင်နိုင်သောကြောင့် တရားမည်၏ ဟု ဆိုသည့်အတိုင်း ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်တွင် ပါဝင်သော မှားယွင်းသော အယူများကို သိရှိရှောင်ကြဉ်နိုင်သူနှင့် မှန်ကန်သော အယူကို သိရှိလိုက်နာ ကျင့်သုံးနိုင်သူသည် အပါယ်ဘေး၊ မကောင်းဘေးမှ လွတ်ကင်းရမည်သာ ဖြစ်သည်။ ဗုဒ္ဓမြတ်ဘုရားက အယူမှား၊ အယူမှန်ကို ပိုင်းခြားဟောပြတော်မူခြင်းမှာ ရှောင်ကြဉ်မှု လိုက်နာကျင့်သုံးမှု ပြုနိုင်ရန် လမ်းညွှန်ပြသတော်မူခြင်းသာ ဖြစ်သည်။ မလိုက်နာ မကျင့်သုံးရ၊ လိုက်နာကျင့်သုံးရမည်ဟု ပညတ်မူလုံးဝ ပြုလုပ်တော်

မှုခြင်း မရှိပါ။ မလိုက်နာမကျင့်သုံးမှု ရှောင်ကြဉ်မှု၊ လိုက်နာကျင့်သုံးမှု သည် လူသားများ၏ လိုအင်ဆန္ဒ ဖြစ်ပေါ်မှု အပေါ်တွင်သာ တည်မှီနေပါ ကြောင်း တင်ပြလိုက်ရပေသည်။

# နိဂုံးပတ္တနာ

> သာသနဿစ လောကဿ၊ ဝုဍ္ဎိဘာဝတု သဗ္ဗဒါ၊
> သာသနမ္ပိစ လောကဥ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။
> သာသနံ ကပ္ပေ လောကေစ၊ စိရံ ဇောတေတု သဗ္ဗဒါ၊
> သဗ္ဗေ ဣဒံ လဘိတွာန၊ ပမောဒါ ဟောန္တု သဗ္ဗဒါ။

ဗုဒ္ဓမြတ်စွာ သာသနာနှင့် ကမ္ဘာလောက တကွလူသား
နတ်များ ဗြဟ္မာ သတ္တဝါ ချမ်းသာ တိုးတက်ပါစေသတည်း။

ဒေဝါသိကြား ဗြဟ္မာများတို့ လူသားကမ္ဘာ သာသာနာကို
ဗျာပါဘေးကင်း ထွန်းပြောင်လင်း
ဆောင်နှင်းစောင့်ရှောက် ပါစေသတည်း။

မြတ်သာသနာ ဤကမ္ဘာနှင့် ဒေဝါလူနတ် အရပ်ရပ်၌
မပြတ်စည်ဖြာ ဓွန့်ရှည်ကြာ ပမာနေလ ထွန်းစေသတည်း။

ဤကျမ်းပြုရ မြတ်ပုညကို အမျှဝေလို များလူဗိုလ်နှင့်
ထိုထိုသတ္တ မင်းယမနှင့် ရကြပါစေ အမျှဝေ၏
သဗ္ဗေသတ္တ အမျှရ၍ သုခလန်းဖြာ ဝမ်းမြောက်ကာ
မင်္ဂလာ ကျက်သရေ တိုးစေသတည်း။

၂၇၂၇–၁

ဦးစိန်ထွန်း (မာမက – သုတေသီ)

# ဗုဒ္ဓညွှန်ပြ ဘဝအမြင်

ဦးစိန်ထွန်း

(မာမက-သုတေသီ)